


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# စောညို

အဟောသောဘာန...ကောရီ

စာမူခွင့်ပြုချက်အမှတ် - ၅၃၂/၂၀၀၃ (၄)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၉၁/၂၀၀၃ (၅)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလှံ့စာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

# စောညို



## ကျွန်တော်စိုးဒေဝါနှင့် အဟောသောဘာန ကောရီ

မောင် ကျော် လှိုင်
စေတနာစာပေ
၏
မိတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## ဝတ္ထုစာတလမ်းရည်ရွယ်ချက်

"အပေဟသဘောဘန"ဆိုသည်မှာ ပါဠိဘာသာဖြစ်၍ အနက်ပြန်လျှင် "အံ့သြဘွယ်ရာကောင်းသော"ဟူသည့် အနက်အဓိပ္ပါယ်ရပါသည်။ ကျွန်တော်က ယင်းဝတ္ထုစာတ်အိမ်တည်ဆောက်ရာတွင် ကိုယ်ပိုင်အတွေးများနှင့်ရေးခဲ့သလို ဝတ္ထုစာတ်အိမ်တည်ဆောက်ရာတွင် အောက်ပါရည်ရွယ်ချက်များ ထားခဲ့ပါသည်။

(၁) ပေးအပ်သောတာဝန်ဝတ္တရားကို ကျေပွန်စေရန်။

(၂) နိုင်ငံကျော်လွှားရာဇဝတ်မှုများကို တိုက်ဖျက်ပစ်ရန်။

(၃) မောဟတရားကို သတိနှင့်စောင့်ထိန်းနိုင်ရန်။

(၄) မည်သူမဆို ဤမြေမှာမွေး၊ ဤမြေမှာကြီးပြင်းလျှင် မြန်မာ့ဓလေ့၊ မြန်မာ့ထုံးတမ်းကို လိုက်နာရန်။

www.burmeseclassic.com

www.burmeseclassic.com



(၅) မျိုးချစ်စိတ်ရှိစေရန်။

(၆) တစ်ဦးကိုတစ်ဦး ကိုယ့်သိက္ခာကိုယ်စောင့်ထိန်းပြီး ကူညီကြရန်။

ယင်းရည်ရွယ်ချက်နှင့် ဤဝတ္ထုဇာတ်လမ်းကို ရေးပါသည်။

□ □ □ □ □

BURMESE CLASSIC



## ဇာတ်လမ်းအကျဉ်း

အထူးလျှို့ဝှက်စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ပါလီမန်ဒီမိုကရေစီခေတ်ဟုခေါ်အပ်သော လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ကျော်က နိုင်ငံရေးသမားများခေတ်တွင် ဖွဲ့စည်းထားသော လျှို့ဝှက်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

စိုးဒေဝါသည် ထိုအဖွဲ့အစည်းမှ ထောက်လှမ်းရေးသမားတစ်ဦးဖြစ်၍ နိုင်ငံအတွက်၊ ပြည်သူအတွက် စွန့်စားဆောင်ရွက်ခဲ့သူဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် ပြည်ပမှ ဝီလီကောင်းခေါ် လူသတ်သမားက ဤပြည်တွင်းသို့ တရားမဝင်ဝင်ရောက်ကာ သူ့လိုပဲ တရားမဝင်ဝင်ရောက်ခဲ့သူကို သတ်ဖြတ်ခဲ့၏။

ထိုအမှုကိုကိုင်ရန် သက်ဆိုင်ရာမှ စိုးဒေဝါလက်ထဲကို လွှဲပေး၏။

www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါက ပေးအပ်သောတာဝန်ကို ကျေပွန်လိုသဖြင့် လူသတ်သမားနောက်သို့လိုက်ရာ ပထမတစ်ကြိမ်လွတ်သွား၏။ ထိုလွတ်သွားခြင်းမှာ မော်လီအမည်ရှိ အင်္ဂလိပ်မြန်မာ ဘိုကပြားမလေးတစ်ယောက်က ဝီလီကောင်းကိုကူညီနေသောကြောင့်ဖြစ်သည်။ စိုးဒေဝါတွင် ဝီလီကောင်းဆီမှကျန်ရစ်ခဲ့သော မှန်ကလေးတစ်ချပ်ကိုရသေး၏။

ထိုမှန်ကလေးမှာ ရှေးဟောင်းပြည်ပမှန်တစ်ခုဖြစ်ပြီး စိုးဒေဝါမှာ ထိုမှန်ကလေးမှ ထူးဆန်းသောအဖြစ်များကို ကြုံရ၏။ မော်လီမှာဘိုစိတ်ပေါက်နေရာ စိုးဒေဝါက မော်လီကိုစည်းရုံးပြီး မြန်မာစိတ်မြန်မာမလေးဖြစ်အောင် ပြောပြပြုပြင်ခဲ့ရာ မော်လီမှာ မြန်မာမလေးဖြစ်လာ၏။ မြန်မာ့စရိုက်၊ မြန်မာ့ထုံးတမ်းတို့ကိုလက်ခံသဘောပေါက်လာပြီး စိုးဒေဝါ၏စည်းရုံးချက်ကြောင့် စိုးဒေဝါနှင့်အတူ ဝီလီကောင်းကိုဖမ်းဖို့ ကြိုးစားခဲ့သည်။

မော်လီဒဏ်ရာရပြီး ဆေးရုံတက်ရချိန်တွင် စိုးဒေဝါသည် ထူးဆန်းသောမှန်ကလေး၏အကူအညီနှင့် ဝီလီကောင်းကိုဖမ်းမိခဲ့သည်။ မှန်ကလေးမှာလည်း နောက်ဆုံးပျက်စီးသွားသည်။

ပြီးပြီ။

❑ ❑ ❑ ❑ ❑



ငါသည်မုန်တိုင်း၊
ငါသည်ရေလှိုင်း၊
ငါသွားရာလမ်းမှာ၊
နိုင်ငံနှင့် ပြည်သူ့ရန်သူမှန်သမျှ
ငါချေဖျက်သွားမည်။



စိုးဒေဝါ

www.burmeseclassic.com

www.burmeseclassic.com



* ဘယ်သူသိသိ၊ မသိသိ၊ တိုင်းပြည်အကျိုးယုတ်အောင် ငါမလုပ်။
* ဘယ်သူသိသိ၊ မသိသိ၊ တိုင်းပြည်အကျိုးရှိအောင် စာပေဖြင့် ငါလုပ်မည်။

စောညို



## ဇာတ်လမ်းစဉ် (၁)

တွက်ဆလျှင် အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မိမိအဖို့ မနေ့တစ်နေ့ကလိုပဲဖြစ်ပျက်ခဲ့သည်ထင်ရသည်။

ဖြစ်ပျက်သမျှတို့သည် အိပ်မက်လိုလို စိတ်ထင်လိုလိုပဲ အောက်မေ့ရ၏။

တကယ်တော့ မိမိအတွက် ထိုအရာတို့ဖြစ်ပျက်ခြင်းသည် အန္တရာယ်နှင့်လည်းကြုံရသည်။

အံ့သြဘနမ်းလည်းဖြစ်ခဲ့ရသည်။ ထူးဆန်းမှုဟုလည်း ယူဆရ၏။ တုန်လှုပ်မှုနှင့်လည်း တိုက်ဆိုင်ရသည်။

မိမိဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် နာမ်စားတင်ထားလိုက်ခြင်းသာဖြစ်ပါသည်။

မိမိဆိုတဲ့ကျွန်တော်က စိုးဒေဝါပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အကြောင်းတင်ပြရမည်ဆိုလျှင် ကျွန်တော်က ပါလီမန်ဒီမိုကရေစီခေတ်က ဇာတ်ကောင်တစ်ဦး။

ကျွန်တော်ကဲ့သို့ ဇာတ်ကောင်တွေမြောက်မြားစွာရှိပါလိမ့်မည်။ ထိုမြောက်မြားစွာထဲမှ ဇာတ်ကောင်တွေထဲမှ ကျွန်တော်။

ထိုပါလီမန်ဒီမိုကရေစီခေတ်ကာလမှာ နိုင်ငံရေးရှုပ်ထွေးသလောက် နိုင်ငံမှာငြိမ်းဝပ်ပိပြားခြင်းမရှိဘဲ ရောင့်စုံသောင်းကျန်းသူများ ဆူပူထကြွနေသည်။ ရာဇဝတ်မှုတွေပေါများနေသည်။

ထိုထိုသောကာလကို ယခုခေတ်လူငယ်တွေ ဖြတ်သန်းဖူးမည်မဟုတ်ပေ။

ယခုခေတ်မှာတော့ သေနတ်သံတစ်ချက်တောင်မကြားရသော ငြိမ်ဝပ်ပိပြားသောခေတ်တွင် လူငယ်တွေမွေးဖွားကြီးပြင်းလာခဲ့ကြရသောကြောင့်ပါ။

ကျွန်တော်လူငယ်လူရွယ်ဖြစ်စဉ်က တိုင်းနိုင်ငံ၏တာဝန်ကို ထမ်းဆောင်ရာ၌ ဆူပူမှု၊ မှုန်တိုင်းပြင်းထန်သော ပါလီမန်ဒီမိုကရေစီခေတ်တွင် အန္တရာယ်ကိုရင်ဆိုင်ပြ၍ ထမ်းဆောင်ရပါသည်။

ပြည်ထဲရေးဌာနမှ လျှို့ဝှက်စွာဖွဲ့စည်းထားသော အထူးလျှို့ဝှက်စုံစမ်းထောက်လှမ်းရေးအဖွဲ့အစည်းတစ်ခုတွင် ကျွန်တော်က ထောက်လှမ်းရေးသမားအဖြစ် နိုင်ငံတာဝန်ယူပြီး ထမ်းဆောင်ခဲ့ရပါသည်။



ကျွန်တော်ထမ်းဆောင်ခဲ့သမျှ အောင်မြင်တာလည်းရှိ၏။

မအောင်မြင်တာလည်းရှိ၏။

သို့သော် အောင်မြင်တာကတော့ များပါသည်။ ဒါကြောင့် တာဝန်ကျေပွန်မှု၊ အောင်မြင်မှု၊ သတ္တိရှိမှု၊ ဥပဒေလေးစားမှုတို့အတွက် အထက်လူကြီးတွေက ကျွန်တော့်ကိုယုံကြည်ကြသည်။ ကိုးစားကြသည်။ နှစ်လိုကြသည်။

ကျွန်တော့်အား ပြင်ပမှချီးပသူတွေက ကျွန်တော့်အား သူတို့ခေတ်အခေါ် (GOLDEN MAN) ရွှေကိုယ်တော်ဟုခေါ်ကြ၏။ ခုခေတ်တော့ စူပါ (SUPER) ပေါ့လေ။

တချို့က တစ်ကိုယ်တော်ဟုအမည်ပေးကြ၏။

ဘယ်လိုပဲခေါ်ပါစေ ကျွန်တော်ကျေနပ်ပါသည်။

ကျွန်တော့်အတွက် နိုင်ငံကိုအသက်ပေး စွန့်စားတာဝန်ထမ်းဆောင်ရခြင်းသည်သာ အဓိက။

"ဟောဒါက သူ့ခါတ်ပုံ၊ ဒါက သူ့ကိုယ်ရေးအကျဉ်း၊ ဒါက သူ့အမှုတွဲ"

ကျွန်တော်၏ဆရာလည်းဖြစ်၊ ကျွန်တော့်အထက်လူကြီးလည်းဖြစ်သော ဒါရိုက်တာ (ယခုခေတ်အခေါ် ညွှန်ကြားရေးမှူး) ဦးရွှေမော်က ရုံးအဖွဲ့တည်ရာဖြစ်သော အထူးလျှို့ဝှက်စုံစမ်းထောက်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ရေးအဖွဲ့ (SPECIAL SECRET INVESTIGATION AGENT)၏ ဌာ

ရာ လေးဆယ့်ငါးလမ်း လမ်းတိုကလေးသို့ ကျွန်တော်ရောက်

နောက် အတွင်းဝန်ရုံးမှဆင့်ခေါ်ခြင်းခံရသည်။

ကျွန်တော် မဆိုင်းမတွရောက်သွားရသည်။

သူက ရာဇဝတ်ကောင်တစ်ယောက်အမည်ကိုပြောသည်။

သူ့အမည်က ဝိလီကောင်း။

သူသည် မြန်မာနိုင်ငံသားမဟုတ်ပဲ ပြည်ပနိုင်ငံတစ်ခုမှ ခိုး

လာသော ရာဇဝတ်သားတစ်ဦးဖြစ်သည်။

ရန်ကုန်အနောက်ပိုင်းတွင် ဧည့်နိုင်ငံသားအဖြစ် နေထိုင်သော

မိသားစုတစ်စုအနက်မှ အိမ်ထောင်ဦးစီးအမျိုးသားကြီးတစ်ဦးကို သ

ဖြတ်ခဲ့သည်။

အမှုက ထိုအမျိုးသားကြီးသည် ပြည်ပနိုင်ငံတစ်ခုတွင် နေထို

ပြီး လူဆိုးဂိုဏ်းတစ်ဂိုဏ်းကို နှစ်ပေါက်တစ်ပေါက်ရိုက်ကာ ရတ

တွေခိုးယူလာသည်။ သူ့မိသားစုကိုပါ မြန်မာနိုင်ငံတွင်းခေါ်ယူလာ

ပထမ တောင်ကြီးတွင်နေထိုင်သည်။

သူ့နောက်သို့ ဝိလီကောင်းဆိုသော ကြေးစားပါးကွက်သ

တစ်ဦးကလိုက်လာတာကိုသိတော့ အန္တရာယ်မလုံခြုံတာမို့ ရန်ကုန်အ

ပြောင်းလာသည်။ နာမည်တစ်မျိုးပြောင်း၍ ဧည့်နိုင်ငံသားအဖြစ်

ထိုင်ကြသည်။



ဝိလီကောင်းလက်ချက်နှင့် ထိုလူမျိုးခြားကြီး အသက်ထွက်ရ

သတ်သူကလည်း နိုင်ငံခြားသား၊ သေသူကလည်း နိုင်ငံခြားသား။

သူတို့ဟာသူတို့ဖြစ်တဲ့ကိစ္စမှာ ပုစွန်ဆိတ်ခေါင်း မစင်ပုံခဲ့ရသလို

ခြားထဲမှာဆောင်ရွက်ပေးရတာက မြန်မာနိုင်ငံကရဲအဖွဲ့။

အမှုကတော့ပေါ်ပါ၏။

တရားခံမမိ။

ဝိလီကောင်းမှာ ကိုလိုနီနယ်ချဲ့နိုင်ငံကြီးတစ်နိုင်ငံမှ ဖွဲ့စည်းထား

သော စီအိုင်အေနှင့်ဆက်နွယ်နေသည်ဟုသိရတော့ ထိုအမှုသည် နိုင်ငံ

နှင့် ရာဇဝတ်မှုကိုကိုင်ရသော ကျွန်တော်တို့အဖွဲ့သို့ရောက်လာ၏။

ထိုခေတ်ထိုကာလကဖွဲ့စည်းထားသော ကိုးသုံးလုံး၊ ပီလေး

လုံး (PEOPLE'S PROPERTIES PREVENTION POLICE) စတာ

တွေရှိ၏။

သူတို့လည်း သူတို့အလျောက် နိုင်ငံ့တာဝန်ကိုယူကြရ၏။

ကျွန်တော်က ဝိလီကောင်းကိုထောက်လှမ်းစုံစမ်းမှုတွင်မက

မ်းဆီးရေးကိုပါတာဝန်ယူခဲ့ရသည်။

ဝိလီကောင်းသည် သူ့အလုပ်ပြီးသော်လည်း မပြန်သေးဘဲ ပြည်

တွင်းတွင်ရှောင်တိမ်းနေဆဲရှိသေးသည်ကို အမှုဖိုင်တွဲကညွှန်ပြနေ

သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရုပ်ကအင်္ဂလိုချိုင်းနိစ် (ENGLOCHINESE) ခေါ် အင်္ဂလိပ် သွေးနှင့် တရုတ်သွေးရောနှောစပ်သူဖြစ်သည်။ ဟောင်ကောင်တွင် မွေးဖွားသည်။ ထို့နောက် အမေရိကန်ပြည် အီလီနွိုက်(စ်)သို့ရောက် သွား၏။

ထိုမှ စီအိုင်အေနှင့်ဆက်နွယ်သည်။

သူတွင် အိမ်ထောင်မရှိ။

သေနတ်ပစ်ကျွမ်းကျင်သည်။ ကွန်ဖူးပညာတတ်သည်။ လူ သတ်ရာတွင် သွေးအေးသည်။ လောင်းကစားဝါသနာပါသည်။

ဒါလောက်က သူ့ကိုယ်ရေးအကျဉ်း။

ကျွန်တော်က သူ့ဓါတ်ပုံကိုကြည့်၏။ လူချောတစ်ယောက်ပဲ။ မျက်နှာပေါက်ကတရုတ်မဆန်ဘဲ အနောက်နိုင်ငံရုပ်ဆန်သည်။

ကျွန်တော်က သူ့ရုပ်ကိုမှတ်မိနိုင်လောက်အောင် လေ့လာသည်။ ပြီးတော့ ဝီလီကောင်းနှင့်ဆက်နွယ်သရွေ့ကို စုံစမ်းသည်။ သူ့ခြေရာ ကောက်သည်။ သူ့မြေပါရာကို လေ့လာသည်။

လူသတ်မှုဖြစ်ခဲ့တာ တစ်ပတ်ပဲရှိသေးသည်။

သည်တစ်ပတ်အတွင်းမှာ သူ့အားလူသတ်ကောင်အဖြစ် ထုတ် ဖော်နိုင်သည့်ရဲအဖွဲ့မှာ တော်သည်ဟုဆိုရမည်။

ဆက်လက်ထမ်းရမှာက ကျွန်တော့်တာဝန်။



ကျွန်တော့်တို့ထောက်လှမ်းရေးဆိုတာ မိမိထောက်လှမ်းတာကို သူမသိစေပဲ တစ်ဘက်လူအကြောင်းကို သတင်းရသမျှစုံစမ်းစုဆောင်း ရသည်။

ယင်းသတင်းကို အထက်သို့တင်ပြရသည်။

ဦးရွှေမောင်ကထိုသို့မဟုတ်။

သတင်းကိုကိုယ်တိုင်စုံစမ်း၊ ကိုယ်တိုင်လိုက် ကိုယ်တိုင်ဖမ်း။ မိမိကိုယ်ကို ခုခံကာကွယ်မှုလည်းပေးထား၏။

ဦးရွှေမောင်က သူ့လုပ်ပိုင်ခွင့်ကို ကျွန်တော့်အားလုပ်နိုင်းသလို အထက်သို့လည်း တင်ပြခဲ့ပြီးဖြစ်သည်။

ကျွန်တော်လှုပ်ရှားခဲ့ပါသည်။

လှုပ်ရှားမှုကြောင့် ကျွန်တော့်အတွက်ရလာသောအကျိုးရလာဒ် က မော်လီဆိုသည့်မိန်းကလေး။

ယင်းမိန်းကလေးနှင့်ဝီလီကောင်း အဆက်အစပ်ရှိနေသည်ဆို သောသတင်းတစ်ခု၏နောက်ပိုင်းတွင် ကျွန်တော် မော်လီ၏နောက်သို့ မဆုတ်မနစ်လိုက်တော့၏။

မော်လီသည် ငယ်ရွယ်နုပျိုသောမိန်းကလေး။

မိန်းမကောင်းတော့မဟုတ်ပါ။

ပျက်စီးနေသောမိန်းကလေး။

www.burmeseclassic.com

www.burmeseclassic.com



လူလည်း ပျက်ပျက်၊ ဘဝလည်းပျက်ပျက်။

ဒါဆို စာဖတ်သူမိတ်ဆွေ ရိပ်မိလောက်ရောပေါ့။

မော်လီသည် ရန်ကုန်အရှေ့ပိုင်းက ဗိုလ်တစ်ထောင်ဘုရားလမ်းက လမ်းသွယ်တစ်ခုထဲ၌နေထိုင်သည်။

သူမ၏အဒေါ်တစ်ယောက်နှင့်နေထိုင်၍ ရန်ကုန်ကမ္ဘာအေးစေတီလမ်းရှိ ညကလပ်တစ်ခု၌ ဖျော်ဖြေရေးအဆိုရှင်တစ်ဦးလုပ်နေကြောင်းပါသိရ၏။

သည်အချိန်က ၁၉၅၆ ခုနှစ်ပဲ။

ထိုခေတ် ထိုကာလက ရန်ကုန်တွင် အနောက်နိုင်ငံသွေး၊ လူမျိုးခြားသွေးပါသောလူတွေ လှုပ်ရှားနေထိုင်သွားလာနေကြဆဲ။

မော်လီသည် အင်္ဂလိုဘားမင်းလို့ ထိုခေတ်ကအခေါ်ခံရသည့် အင်္ဂလိပ်မြန်မာကပြားဖြစ်သည်။

သူမသည် ကျွန်တော့်အတွက်အခရာမဟုတ်။

ဗီလီကောင်းသည် ကျွန်တော်၏ပစ်မှတ်အဓိကဖြစ်သည်။ အညီရှိရာ ယင်အုံဆိုသလို မော်လီလိုသွက်လက်လှပသောမိန်းမပျိုတစ်ယောက်ရှိရာသို့ ဗီလီဆိုသည့်ငနဲလာစမြဲ။

ကျွန်တော်တစ်ဦးတည်း မော်လီရှိရာကလပ်သို့သွားသည်။ မော်လီဆိုသောသီချင်းကို ကျွန်တော်နားထောင်သည်။



ကျွန်တော့်ကိုယ်ကျွန်တော် ကျောက်ကုန်သည်တစ်ဦးဟန်ဆောင်သောကျွန်တော်သည် ကမ္ဘာအေးစေတီလမ်းရှိ လမ်းသွယ်တစ်ခုအတွင်း၌ရှိသော ထိုလီဒို (LEDO) ကလပ်တွင်း၌ ညစဉ် လောင်းကစားသမားတစ်ဦးဖြစ်ခဲ့၏။

ထိုကလပ်မှာ သုံးထပ်တိုက်အဆောက်အအုံဖြစ်၏။ အောက်ဆုံးထပ်တွင် စားပွဲများချထား၏။ ဟော(လ်)ပုံစံရှိနေပြီး ထိုဟောခန်းမအတွင်းမှာ ကိုယ့်စားပွဲနှင့်ကိုယ်စားသောက်ကာ ရှေ့တူရူစင်မြင့်ပေါ်၌ရှိသော အော်ခက်စရာ (ORCHESTRA) တီးဝိုင်းမှ တီးမှုတ်တာတွေနားထောင်နိုင်၏။

အဆိုတော်ယောက်ျား၊ မိန်းမတို့၏ မြန်မာသီချင်း၊ အင်္ဂလိပ်သီချင်းတွေကို နားထောင်နိုင်၏။

သင်ဝါသနာပါလျှင်လည်း တက်ဆိုနိုင်၏။

အဲသည်အထဲတွင် လူတွေ (အထူးသဖြင့်ယောက်ျားများ) အစွဲမက်ဆုံးပြကွက်တစ်ကွက်တော့ပါ၏။

ကျွန်တော်လည်းယောက်ျားပေပဲ။

ယောက်ျားပီပီကြည့်မိ၏။ အတော်ကောင်းတဲ့အကပဲ။

သူမ၏ညို့ငင်သောအကနှင့် ညို့ငင်သောကိုယ်လုံးအလှအပေါက်၊ လှပသောမျက်နှာလေးက ကလပ်တွင်းရှိ အသက်အရွယ်မရွေး ယောက်ျားတွေကိုငေးမောတွေဝေသွားစေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်ကသည့်မိန်းကလေးကို ဘယ်သူထင်လိုက်ပါသလဲ

မော်လီပါပဲ။

မော်လီကိုတွေ့ချင်သူတွေက ဒုနှင့်ဒေး။

သို့သော် အလွယ်တကူမတွေ့နိုင်ပါ။

သူမသည် ကြေးကြီးသလောက် သူမကိုရွေးချယ်ရမှာထ... သူမကရွေးချယ်သည့်ယောက်ျားများ သတ်မှတ်မှုကရှိနေ၏ဟုဆိုသော စကား။

ဆိုသော်လည်း ကျွန်တော် လီဒိုကလပ်သို့လေးငါးညရောက်... သည့်တိုင်အောင် မော်လီကို ယောက်ျားတကာနှင့်တွဲသွားတွဲလာမတွေ့... ရပါ။

ကျွန်တော်က မော်လီကိုလည်းအာရုံစိုက်။

လောင်းကစားဝိုင်းတွင်လည်း အရိပ်အခြည်မပြတ်အောင် ကြည့်... နေရ၏။

အကြောင်းက ဝီလီဆိုသောငနဲကို လောင်းကစားဝိုင်းနှ... မော်လီဆီမှာပဲ ဖမ်းနိုင်သည်။

လောင်းကစားဝိုင်းက ဘီးလှိမ့်ယက်ဝိုင်း၊ ဖဲဝိုင်းနှင့် လေးကောင်... ဂျင်ဝိုင်းပဲရှိသည်။

တစ်ခါတစ်ရံ မော်လီကို လေးကောင်ဂျင်ဝိုင်း၌တွေ့ရ၏။ သူမ... ကိုယ်တိုင်ဝင်ကစားနေတတ်သည်။



ယောက်ျားသနာတွေက မော်လီကို ထိုအချိန်အခါမျိုး၌ကပ်ချင်သော်လည်း ဘယ်သူ့ကိုမှ သူမအကပ်မခံပါ။

သူမကခပ်တင်းတင်းပဲဆက်ဆံတတ်သည်။

ကျွန်တော်ကိုယ်နှိုက်ကလည်း သူမကိုကပ်ဖို့မကြိုးစားခဲ့ပဲ သူမကစားသောကစားဝိုင်း၌ ထိုးသားအဖြစ်ပါဝင်ကစားရင်း အရိပ်အခြည်ကြည့်နေခဲ့၏။

နောက်ဆုံး သူမပြန်သည်အထိ ကျွန်တော့်ကားနှင့် နောက်ယောင်ခံလိုက်၏။

မော်လီကအဆင့်မြင့်၏။

တခြားမိန်းကလေးတွေလို ကလပ်မှဖယ်ရီကားနှင့်မပြန်။ ဖယ်ရီကားအစား သူမအတွက် အသွားအပြန်တက္ကစီကားတစ်စီးရှိ၏။

တက္ကစီကားမောင်းသူကအစ ကျွန်တော်ကမှောင်ရိပ်ခိုကာချောင်းမြောင်းစစ်ဆေး၏။ တက္ကစီကားမောင်းသူမှာ သန့်စွမ်းသောဗမာအမျိုးသားတစ်ယောက်ပဲဖြစ်သည်။

တစ်ညတွင် ကျွန်တော်မျှော်လင့်ထားသလို ကြုံလာ၏။

ဖဲဝိုင်းတွင် ကျွန်တော်ဝင်မကစားပဲစောင့်ကြည့်စဉ် လူငယ်တစ်ယောက်ဝင်လာသည်။

ဆောင်း၏ညတွင် သူ့ကိုယ်ပေါ်မှာဝတ်ထားသော နှင်းကာ

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီညိုကြီးနှင့် မျက်နှာတစ်ဝက်အုပ်မိအောင် ခပ်ငိုက်ငိုက်ဆောင်းထားသော သက္ကလပ်ဦးထုပ်နှင့်လူကို ကျွန်တော်ဂရုပြုမိ၏။

သူ့လှုပ်ရှားမှုတွေကညင်သာ၏။ အေးဆေး၏။

ကစားဝိုင်းထဲရောက်သည်နှင့် အခန်းထောင့်က သူ့ဆီမှနှင်းကာအင်္ကျီနှင့် ဦးထုပ်ကိုတောင်းယူလိုက်သည်။

သိမ်းဆည်းအဝတ်အတွက် နံပါတ်ကလေးပေးလိုက်၏။

မီးရောင်အောက်တွင် သူ့မျက်နှာကိုမြင်သည်နှင့် ဝီလီကောင်းမှန်း ကျွန်တော်သိလိုက်သည်။

သွယ်သောမျက်နှာပြင်တွင် ရေးရေးမျှရှိနေသောပါးသိုင်းမွေးများ၊ စိမ်းပြာနေသောမျက်လုံး၊ နက်မှောင်သောဆံပင်၊ ချွန်သောနှာခေါင်း၊ ဝါသောအသားရောင်ကို သူ့တာမဟုတ်ချင်း မဖျောက်နိုင်ပါ။

သူ့ရုပ်ရေက အချုပ်ဆိုရလျှင် ထောင်မောင်းသောသူ့ကိုယ်ထည်နှင့် သူ့ရုပ်သည် လူချောတစ်ယောက်မျှသာဖြစ်ချေ၏။

လူသုတ်သမား၊ ကြေးစား၊ ပါးကွက်သားရယ်လို့ ဆိုဘွယ်ရာမရှိ။

ကျွန်တော့်ကိုသူမသိလေ။

ဒါကြောင့် သူနှင့်သူ့အရိပ်သွားလေရာကို ကျွန်တော်ဖိဖိစီးစီးလိုက်နိုင်ခဲ့ပါသည်။



စင်မြင့်တွင်ကပြီးသော၊ သီချင်းဆိုပြီးသောမော်လီသည် သူနှင့်ကစားဝိုင်းတွင်လာတွေ့၏။

သည်စဉ်က ကျွန်တော်သည် ဖဲဝိုင်းတွင်ဘောထိုင်ထိုးသားတစ်ယောက်ဖြစ်သည်။

လောင်းကစားသည် ကျွန်တော့်ကိုအကျိုးမပေးပါ။ ဘယ်အခါလောင်းကစားလောင်းကစား ကျွန်တော်၏ပြည့်ဖေါင်းသောပိုက်ဆံအိတ်အတွင်းမှငွေစက္ကူတွေသာ ခုန်ခုန်ထွက်သွားတာများသည်။

အလိုကြီးအရနည်းဟူသောစကားသည် ကျွန်တော့်အတွက်ထားခဲ့လေသလားမသိ။

ဒါပေမယ့် ကျွန်တော့်အပြုံးကမပျက်။

တာဝန်နှင့်ဝတ္တရားအတွက်ကုန်တာ ကုန်ပါစေတော့။

သည်ငွေများသည် အထက်ကပေးသောငွေများမဟုတ်ပါ။ ကျွန်တော့်နည်း ကျွန်တော့်ဟန်နှင့်ဖန်တီးထားသောငွေသာဖြစ်သည်။

ပန်းဆိုးတန်းလမ်းတွင် အထက်မှခွင့်ပြုချက်အရ ငွေကြေးချမ်းသာသောကျွန်တော်က ကျောက်သံပတ္တမြားရောင်းဝယ်ရေးကုမ္ပဏီတစ်ခုကို ဖွင့်ထားသည်။

ထိုမှမြောက်များစွာသောဝင်ငွေက နိုင်ငံတော်၏အကြံတ်ခွန်အတွက်၊ ကျွန်တော့်သုံးစွဲမှုအတွက် အရံသင့်ရှိပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



ဝီလီဆိုသောင်နဲသည် အင်္ဂလိပ်စကားကိုပဲသုံးစွဲသည်။ သူနိုင်တာရှုံးတာထက် သူဘယ်သွားမလဲ၊ ဘာလုပ်မလဲဟူသည့် “လဲ”ပါသည့်မေးခွန်းအဖြေကိုပဲ စောင့်ကြည့်နေမိသည်။

မော်လီနှင့်သူသည် ပျော်ပျော်ရွှင်ရွှင်ကစားကြသည်။ ကလပ်ကိုလာကြသူတွေမှာ လူမျိုးပေါင်းစုံဖြစ်သော်လည်း အထက်တန်းလွှာကချည်းဖြစ်ကြသည်။ မော်လီနှင့်လည်းသိကြသည်။

သူတို့နှင့် မော်လီစကားအများဆုံးပြောဖြစ်ကြ၏။

တချို့ကမြန်မာစကားနှင့် မော်လီကိုတစ်ခုခုသွားစားကြဖို့ခေါ်သည်။ မော်လီကခေါင်းခါသည်။

ဝီလီသည် မြန်မာစကားကိုနားမလည်သောကြောင့် သူတို့ပြောတာတွေကို အရေးစိုက်ပုံမရပေ။

ညဆယ်တစ်နာရီတွင် ဝီလီကစားဝိုင်းမှထသည်။

မော်လီက တစ်စုံတစ်ခုပြောသွားသည်။ ဒိတ်လုပ်သွားပုံပဲ။

ဝီလီသည် မကြောက်မရွံ့မျက်နှာပြောင်တိုက်ပြီး သွားလာနေသောလူသတ်သမားဖြစ်သည်။ ဒါမှမဟုတ် ရဲကသူ့နောက်သို့မလိုက်နိုင်ဟုလည်း ယူဆထားဟန်ရှိသည်။

လီဒိုကလပ်၏ဝင်းကကျယ်ပြန့်သည်။

သစ်ပင်များတွင် ရောင်စုံမီးသီးလေးတွေဖူးပွင့်နေသည်။ ထို



ခေါကာလက ရောင်စုံမီး သို့မဟုတ် (BLINKING) မီးလုံးတွေကို ဆော်ရုံအဆောက်အဦတွေမှာမတပ်ဆင်နိုင်ကြပါ။

ရှားပါးတန်ဖိုးကြီးသည်။

လီဒိုကတော့ အမြဲဝင်ငွေရှသည့်ကလပ်မို့ လုပ်နိုင်၏။ ထိုမီးလုံးတွေအောက်ဝယ် တစ်ကိုယ်တည်းသွားနေသောဝီလီနောက်သို့ ကျွန်တော်လိုက်သည်။

မြင်ခင်းပြင်နှင့် သစ်ပင်များကြားတွင် လူရှင်းနေသည်။

ကိုယ်ပိုင်မော်တော်ယဉ်တွေကိုတော့ ဝင်းအပြင်မှာပဲရပ်ထားရသည်။

ဝီလီသည် နှင်းကာအင်္ကျီနှင့် သက္ကလပ်ဦးထုပ်ကိုဆောင်းထားသေးသည်။ ကျွန်တော်က တယ်ရီလင်းရှပ်အင်္ကျီလက်ရှည်အဖြူကန်းနီးဘောသက္ကလပ်ဘောင်းဘီရှည်နှင့် နက္ကတိုင်လည်စီးတပ်ကာဆောင်းအေးဒဏ်ကိုကာကွယ်စိမ့်သောငှာ ဂျွန်ဆင်သက္ကလပ်ကုတ်အင်္ကျီရှည်ဝတ်ထား၏။

စလွယ်အိတ်မသုံးချင်သောကြောင့် ကျွန်တော့်ကုတ်အင်္ကျီအေားအိတ်ထဲတွင် စမစ်အင်ဝက် ဆင်ပြောင်းတိုခြောက်လုံးပြူးလေးတစ်လက်ပါ၏။

ကျွန်တော် ထင်းဆင်းရှင်းရှင်းလုပ်မှဖြစ်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဝီလီဆိုသည့်ကောင်က ကျွန်တော်သူ့နောက်လိုက်မှန်းသိ၏။ မျက်ခင်းပြင်အရောက်တွင်မူ ခြေထောက်၏သွက်လက်မှုတွေက ပိုသွားသည်။

ကျွန်တော်ကလည်း အညံ့မခံ။

သူ့ကိုမီအောင်လိုက်လျှက်မှ ခေါ်မိ၏။

"ဝီလီ"

ဝီလီသည် သူ့နာမည်အတိုကောက်။

နာမည်အရှည်က ဝီလျံကောင်း(WILLIAM KONG)သာဖြစ်၏။ ငနဲသိသည်။ ချက်ချင်းခြေထောက်တွေရပ်သွား၏။ မီးရောင်မထင့်တထင်တွင် ဖြည်းညင်းစွာလှည့်ကြည့်၏။

ကျွန်တော် သူနှင့်နှစ်ပေသုံးပေအကွာတွင်ရပ်သွား၏။

"ဝီလီ...မင်းရဲ့ပတ်(စ်)ပို့စာအုပ်ထုတ်ပေးပါ...တဆိတ်ကလေး"

ကျွန်တော်ညင်ညင်သာသာပဲ အင်္ဂလိပ်လိုပြောပြီးတောင်းလိုက်၏။

"မင်းက ဘာကောင်လဲ"

သူ့အင်္ဂလိပ်စကားက ကျွန်တော့်လိုပဲသွက်လက်သည်။ ဒါပေမယ့် အသုံးအနှုန်းက ကျွန်တော့်လိုအဆင့်မြင့်ရှိုင်ယယ်အင်္ဂလိပ်စကားလုံးမျိုးမဟုတ်ပဲ ယန်းကီးလေသံနှင့် ယန်ကီးအသုံးအနှုန်း။



"ကျုပ်က လူဝင်မှုကြီးကြပ်ရေးကအရာရှိပါ"

ကျွန်တော်ကလည်း ခပ်တည်တည်။

သူခေါင်းကိုညိတ်လိုက်သည်။ လက်တစ်ဘက်က နှင်းကာအင်္ကျီဘေးအိတ်ထဲနှိုက်လိုက်သည်။

လက်ကိုပြန်ထုတ်သည်။ ပတ်(စ်)ပို့စာအုပ်မဟုတ်ပါ။ သေနတ်တစ်လက်။

ကျွန်တော်ကလည်း ပတ်(စ်)ပို့စာအုပ်မျှော်လင့်ထားသူမဟုတ်တာမို့ သေနတ်ကိုမြင်လိုက်သည်နှင့် ကျွန်တော့်ညာခြေထောက်က သူ့ဆီးခုံကိုကြုံးကန်ပြီးဖြစ်၏။

"ဖေါက်"

သူက သေနတ်မောင်းကို လဲမကျမီဆွဲဖြစ်အောင်ဆွဲလိုက်သေးသည်။

ကံကောင်းတာထက် ကျွန်တော်လျင်ပေလို့ပဲ။

ကျည်ဆန်က ကျွန်တော့်ခေါင်းအထက်ကဖြတ်ထွက်သွား၏။ တစ်ထွာလား၊ တစ်မိုက်လား၊ တစ်တောင်အကွာလားကျွန်တော်မသိပါ။

ကျွန်တော်သိတာက သည်ကောင့်ကိုအရဖမ်းဖို့ပဲ။

ကျွန်တော် သူ့သေနတ်ကိုင်လက်ကို စီးထားသောရှူးဖိနပ်ထိပ်ဦးနှင့် ပစ်ကန်ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကလွှင့်သွားသည်။ အသံတိတ်ဆိုင်လင်ဆာတပ်ထားသောသေနတ်က လွှင့်သွားသည်။

သူကွန်ဖူးသမားဆိုတာ ကျွန်တော်လက်တလောမေ့သွားခဲ့သည်။

နောက်တစ်ချက်အကန်တွင် သူက သူ့လက်တစ်ဘက်နှင့်ဆီးကာလိုက်ကာ ကျွန်တော့်ခြေထောက်ကို သူ့ဘက်ဆွဲချသည်။

ကျွန်တော်နှင့်သူ လုံးထွေးသွားသည်။ မြေပြင်တွင် သူတပြန် ကိုယ်တခြမ်းလိမ့်သွားသည်။ ကျွန်တော်ကညာလက်သီးကို သူ့မေးနှင့် မျက်နှာကိုထိုးဖို့ကြိုးစားသော်လည်း ထိုးကွက်မသာဘဲ သူကသာ ကျွန်တော့်အပေါ်ထက်ခွကာ မျက်နှာကိုလက်ဝါးစောင်းများနှင့် ဘယ်ပြန်ညာပြန်ခုတ်သည်။

အဲသည်လက်တွေကို ကျွန်တော့်လက်တွေနှင့်ထောင်ကာရသည်။

ချက်ချင်း သူ့ညာလက်တစ်ခုက ကျွန်တော့်လည်မျိုအောက်ကို ကိုင်ပြီးညှစ်ရန်ကြိုးစားသည်။

သူ၏ညာလက်ညှိုးနှင့်လက်မက ကျွန်တော့်လည်တိုင်အထက် မေးအောက်ကိုညှစ်လိုက်မိလျှင် ကျွန်တော်ကြွသွားနိုင်၏။

ဒါကြောင့် ညာလက်ဖနောင့်နှင့် သူ့နှာဝကို အောက်မှအထက်သို့ပင့်ရိုက်ထည့်ပစ်လိုက်သည်။



လက်ဖနောင့်ဒဏ်ကြောင့် သူ့ကိုယ်ကကျွာထွက်သွားသည်။ ကျွန်တော်ရော့သူပါ မတ်တပ်ရပ်ပြီးသားဖြစ်နေသည်။

သူကကွန်ဖူးသမားတို့၏ဟန်ကိုယူကာ လက်တွေကိုအထက်အောက်ချလိုက်သည်။

ကျွန်တော်ကလည်း မြန်မာသိုင်းသမားတို့၏ဟန်ဖြင့် လက်တွေကို လက်ဝါးစောင်းဖြန့်ကာ အထက်အောက်ကွေးထောင်ပြင်ဆင်လိုက်၏။

သည်စဉ်ပဲ သူ၏ဘယ်ခြေညာခြေတိုက်ကွက်တွေက စလာ၏။ ကျွန်တော့်ဆီသို့ ကျည်ဆန်တွေအလား ခြေထောက်တွေက ရှေ့ဆင့်နောက်ဆင့် ကွေ့ဝိုက်ဝင်လာသည်။

ကျွန်တော့်မျက်လုံးထဲတွင် ခြေလှုပ်ရှားမှုတွေက မည်းခနဲ မည်းခနဲအရောင်တွေသာဖြစ်သည်။ ကျွန်တော်က ဆက်ရက်ခုန်ခြေထပ်များနှင့်ဆုတ်ဆုတ်ပေးလိုက်၏။

လက်တွေနှင့်ခြေတွေကို မတားနိုင်ပါ။

ဂိုခနဲဂိုခနဲခြေတွေ လေထဲဖြတ်သန်းသွားပုံက ပြင်းထန်လှသည်။

"ဟာ…ဟိုမှာလူနှစ်ယောက်ရန်ဖြစ်နေပါလား"

ကလပ်ထဲမှထွက်လာသူတစ်ယောက်၏ အော်ပြောလိုက်သံပဲ။ ကျွန်တော်ကြားသလို ဝီလီကြားပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏တိုက်ကွက်တွေရပ်သွားသည်။ ကျွန်တော့်ရှောင်ကွက်တွေလည်း တုန့်ဆိုင်းသွား၏။

“ခင်ဗျားတို့ရန်မဖြစ်ကြနဲ့”

တစ်ယောက်၏ပြောသံနှင့်အတူ ပြေးလာသံတွေပါနားထဲဝင်လာသည်။

ဝီလီသည် ကျွန်တော်နှင့်ကျွန်တော့်နောက်ဘက်ကိုကြည့်ကာ ချာကနဲလှည့်ပြေးသွားသည်။ ပြေးရင်းလည်း သူ့သေနတ်ကိုတွေ့ကာ ကောက်သွား၏။

ကျွန်တော့်တွင် သေနတ်ရှိသည်။ ဒါပေမယ့် သေနတ်ကိုထုတ်သုံးဖို့ ကျွန်တော်စိတ်မကူးလိုက်။

ပတ်ဝန်းကျင်ကိုသေနတ်သံမပေးချင်ပါ။

ပြီးတော့ ဝီလီကိုအရှင်ဖမ်းချင်သည်။ သို့မို့ကြောင့် ကျွန်တော်က ဝီလီငနဲသားနောက်သို့လိုက်ရန်ပြင်လိုက်၏။

လက်တစ်စုံသည် နောက်ဘက်မှသိမ်းကြုံးဖက်ပြီးသားကို ကျွန်တော်ခံလိုက်ရသည်။

“တော်ကြပါတော့ဗျာ၊ ရန်မဖြစ်ကြပါနဲ့၊ ဒါလူကြီးလူကောင်းတွေရဲ့နေရာပဲ··ရန်ဖြစ်ရမယ့်နေရာမဟုတ်ဘူး”

ယောကျ်ားတစ်ယောက်၏ပြောသံနှင့် ချုပ်နှောင်ခံရမှုကို ကျွန်တော်မလွန်သာ။



“ဖယ်စမ်းပါ”

ကျွန်တော်ပြောလိုက်သလို ဒေါသလည်းထွက်သွား၏။

ဝီလီကိုမဟုတ်။

အရေးကောင်း ဒိန်းဒေါင်းဖျက်သည့် ထိုလူစားတွေ။

သူတို့ကိုဒေါသဖြစ်မိ၏။ ကျွန်တော့်ကိုချုပ်ထားသူက ချုပ်မြဲချုပ်ထားရင်း

“ရန်မဖြစ်ကြပါနဲ့ဗျာ၊ ကလပ်ထဲမှာသိရင် အထိတ်တလန့်တွေဖြစ်ကုန်ပါဦးမယ်”

“ဟာ··ခင်ဗျားတို့ဘာနားလည်သလဲ··ကျုပ်”

တကယ်ဆို “ကျုပ်တရားခံလာဖမ်းတာ၊ ကျုပ်ရဲအရာရှိ”ဟု ပြောလိုက်လျှင် လွှတ်ပေးကောင်းလွှတ်ပေးခံရဖွယ်သာရှိသည်။ သို့သော်လည်း ကျွန်တော်မပြောပဲ စကားကိုတစ်ပိုင်းတစ်စရပ်ပစ်လိုက်၏။

ဖက်ထားသူကို ကျွန်တော်ကြမ်းကြမ်းတမ်းတမ်းမလုပ်လိုပါ။ ဒါကြောင့် ကျွန်တော်ကလက်နှစ်ဘက်ကို အထက်သို့ဆတ်ကနဲဆောင့်မြှောက်၍ ဒူးတွေကွေးထိုင်ချလိုက်၏။

သိမ်းဖက်ထားသူ၏လက်နှစ်ဘက်က လွတ်ထွက်သွားသည်။ ကျွန်တော်ရှေ့သို့တဟုန်ထိုးပြေးသည်။

တစ်မိနစ်နီးပါးမျှကြန့်ကြာမှုဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတစ်မိနစ်နီးပါးလောက်ကပဲ ဝီလီကောင်းကိုလိုက်ဖို့ရန် ခြေရာပျောက်သွားစေ၏။ ဝီလီကောင်းကို ခြံထဲမှာကော ခြံပြင်မှာပါ မတွေ့ရတော့။

ကားများကြားထဲ အပြေးအလွှားရှာသော်လည်းမတွေ့။

ကားတစ်စီး၏ရှေ့ခန်းတွင် မှောင်ရိပ်ခိုပြီး အနမ်းပန်းတွေ နေကြသော သကောင့်သားနှင့်သကောင့်သမီးတစ်ယောက်ကိုပဲ တွေ့ ချေ၏။

ကလပ်သို့လာကြကုန်သော လူကုံတန်တချို့၏ ကမြင်းကြောထ ရာ ဖောက်ပြန်ရာနေရာက ဒီနေရာပဲ။

သုံးမိနစ်လောက်ကျွန်တော်ရှာပြီး ခြံထဲပြန်ဝင်လာ၏။ လက် တင်ကလေးလွတ်သွားသည့်အဖြစ်ကို မကျေမချမ်းဖြစ်မိ၏။

"တောက်··ခင်ဗျားတို့ဗျာ".

ဝင်ရောက်ဖျန်ဖြေပေးသောယောကျ်ားသားနှစ်ယောက်ကို ကျွန် တော်ပြန်တွေ့၏။ နှုတ်မှမကျေချမ်းသောအသံက အလိုအလျောက် ထွက်သွား၏။

မီးမှိန်မှိန်အောက်တွင် တစ်ယောက်ကကျွန်တော့်ကိုကြည့်ပြီး

"ဆောရီးဗျာ··ခင်ဗျားတို့ရန်ဖြစ်တာကို ကျွန်တော်တို့က ဝင်ဖျ တဲ့သဘောပါ"



ကျွန်တော်သက်ပြင်းချလိုက်သည်။ သူတို့စပ်စုတာကိုလည်း ကျွန်တော်အလိုမရှိ။

ကိုယ်ပေါ်ရှိ တွန့်ကြေကာ ဖရိုဖရဲဖြစ်သွားသောအဝတ်အစား နှင့် နက္ကတိုင်ကိုသာ ကျွန်တော်ပြန်ပြင်မိသည်။

"ဒါ··ခင်ဗျားဟာလား"

တစ်ယောက်ကမေးသံနှင့် ထိုးပြ၏။ သူထိုးပြသောအရာက မှန်ကလေးတစ်ချပ်။

ကြည့်မှန်ကလေးတစ်ချပ်။

တကယ်တော့ သည်မှန်ကလေးသည် ကျွန်တော်၏မှန်မဟုတ် ပါ။

"ဟင့်အင်း···မဟုတ်ဘူး"

ကျွန်တော်၏နှုတ်မှ ရုတ်တရက်ပြန်ဖြေမည်ပြုပြီးမှ ခေါင်းထဲ ထိုးဝင်လာသောအသိဉာဏ်တစ်ခုကြောင့် ကျွန်တော်မဖြေဖြစ်ခဲ့။

သည်မှန်ချပ်ကလေးသည် ကျွန်တော်နှင့်လုံးထွေးသုတ်ပုတ်ခဲ့ သော ဝီလီကောင်းဆီမှကျကျန်ခဲ့သော မှန်ချပ်ဖြစ်လိမ့်မည်။

ထိုမှန်ကလေးသည် သူ့နောက်လိုက်ရန်သဲလွန်စဖြစ်ကောင်း ဖြစ်နိုင်သည်။

ကျွန်တော်က အဲသည်လူ၏လက်ထဲမှမှန်ကိုနှုတ်မှပြောမည့်အစား အလိုလိုယူမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ပေါင်းထုပ်ပေါင်း၍ မုတ်ဆိတ်မွေးဘရုဇ်နှင့် အနောက်တိုင်းအဝတ်ကိုဝတ်ထားသည့် ပန်ချာပီတစ်ဦးနှင့် ဗမာတစ်ဦးသာဖြစ်၏။

လူကောင်းလူကြီးတွေပါပဲ။

ကျွန်တော်၏ မပြုံးမရယ်ခပ်တည်တည်နေသောမျက်နှာပေးကို ကြည့်ပြီး ဆက်ပြောဖို့ သို့မဟုတ် ဆက်မေးဖို့နှုတ်ဆွံ့သွားကြပုံပဲ။

"သိုင့်(က်စ်)အလော့(THANKS A LOT)"

ထိုခေတ်က လူကြီးလူကောင်းတွေသည် အင်္ဂလိပ်စကားကို ကြားညှပ်သုံးတတ်ကြသည့်မူအတိုင်း ကြည့်မှန်ကလေးအတွက် ကျွန်တော်ပြောမိ၏။

လူကြီးလူကောင်းတွေမို့ စပ်စပ်စုစုတော့မရှိကြပါ။

ကျွန်တော်က ကလပ်ထဲသို့လည်း ပြန်မသွားလိုတော့သဖြင့် ခြံပြင်ဘက်ထွက်လာ၏။ ကျွန်တော်မကြာမီကဝယ်ထားခဲ့သော ဟမ်ဘားဟောက် (HUMBER HAUX) အပြာနုရောင်ဆလွန်းကားပေါ်တက်ကာ မှန်ကလေးကိုဒက်ရှ်ဘုတ်အပေါ်တင်လိုက်၏။

အဲသည်မှာ ကျွန်တော့်ခံစားချက်ကလေးကိုပြောလိုက်ပါရစေ။

ခြံထဲမှတစ်ဘက်လူ၏လက်ဆီမှ ထိုမှန်ကလေးကိုကိုင်လိုက်သည့်အချိန်မှာ မှန်ကလေး၏ထိတွေ့သောအေးစက်မှု အထိအတွေ့က



ရေခဲတုံးတစ်တုံးကိုကိုင်ရသလိုဖြစ်၍ ထိုအအေးက ကျွန်တော့်တစ်ကိုယ်လုံးကို စိမ့်အေးသွားစေ၏။

ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုယူရသလိုပဲ ရင်ထဲမှာခံစားမိ၏။

ယူစဉ်ကသတိမမူသော်လည်း ကားထဲရောက်၊ မှန်ကိုဒက်(ရှ်)ဘုတ် (DASH BOARD) ပေါ်တင်မိမှ အဲသည်ခံစားချက်ကို သတိရမိ၏။

သည်နောက်တော့ ဝီလီကိုမဖမ်းမိလိုက်သဖြင့် မချင့်မရဲသောစိတ်နှင့်ပင် အိမ်သို့ပြန်လာမိ၏။

ချင်းချောင်းအဲဝင်းနယ်ပူးလမ်းထဲမှ ရွှေတောင်ကြားလမ်းထဲသို့ ကျွန်တော့်ကားကိုမောင်းလာသည်။ သံတံခါးကြီးတစ်ခုက ကျွန်တော့်ဝင်းထဲတွင် အတားအဆီးကြီးတစ်ခုအဖြစ်ရှိသည်။

ထိုသံတံခါးကို ကျွန်တော်၏အီလက်ထရွန်းနစ်ကိရိယာနှင့် ဖွင့်ချလိုက်သည်။

ထိုးထားသောကားမီးရောင်အောက်တွင်ပင် သံတံခါးရွက်နှစ်ခုက လူဖွင့်သလိုဖြည်းညှင်းစွာပွင့်သွားသည်။

ကျွန်တော်မောင်းဝင်လာသည်။

အီလက်ထရွန်းနစ်ကိရိယာနှင့်ပဲ ပြန်ပိတ်လိုက်၏။

လီဒိုကလပ်၏ဝင်းလိုပဲ ကျွန်တော့်အိမ်၏ဝင်းထဲမှာ မီးတွေရှိသည်။ ရောင်စုံမီးတော့မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပွတ်လုံးတိုင်များတွင်ထွန်းညှိထားသော ဘောလုံးမီးသီး

မီးပေဒသာဆိုင်းတွေက နေ့ခင်းလိုပဲလင်းနေ၏။

သည်ကောင် လျှပ်စစ်ဓါတ်အားဖြန်းတဲ့ကောင်ဟု ဆိုချင်ဆို

ပါစေတော့။

၁၉၅၆-ခုနှစ်လောက်က လျှပ်စစ်ဓါတ်အားကို သုံးနိုင်ဖြန်

သည့်လူများ သိပ်မပေါ်သေးပါ။ လျှပ်စစ်အားကို ဘယ်သို့သုံးရ

ကို စက်ရုံကြီးတွေကလွဲလို့ သိသည့်လူက နည်းပါသည်။

ဒါကြောင့် ကျွန်တော်သုံးနိုင်ခြင်းဖြစ်သည်။

လမ်းမီးတွေတောင် မှိန်မှိန်ပဲရှိသလို ဖဆပလအစိုးရပင် လျှပ်

စွမ်းအင်ကို စိတ်မဝင်စားသလိုရှိနေသည်။

မြက်ခင်းပြင်၊ ပန်းများနှင့် ရေကူးကန်ကို ကွေ့ပတ်မောင်း

သည်။ ပေါ်တီကိုဆင်ဝင်အောက်မှာ ကားကိုရပ်လိုက်၏။

ကျွန်တော် အိမ်တံခါးကို လျှပ်စစ်ကီရိယာနှင့်ပဲဖွင့်လိုက်သ

ကျွန်တော်ဝင်လိုက်သည်။ ဧည့်ခန်းသည် ခန်းနားသပ်ရပ်သ

ထိုဧည့်ခန်းကိုဖြတ်၍ ကျွန်တော့်အိပ်ခန်းကိုသွားသည်။

ကျွန်တော်၏တိုးတိုးဖော်တိုင်ပင်သမားလည်းဖြစ် အိမ်၏ဘ

စိုးလည်းဖြစ်သော ဦးရန့်ပြေမရှိပါ။

အထက်အညာမတ္တရာသို့ သူခဏပြန်သွားလေပြီ။



တစ်ကိုယ်ရေတာကာယသမားဖြစ်သောကျွန်တော်မှာ ပိုပြီးတစ်

ကိုယ်ရေတာကာယသမားဖြစ်နေသည်။

ဦးရန့်ပြေမှာ ကျွန်တော့်မိဘတွေမဆုံးမီကတည်းက ကျွန်တော်

ကလေးဘဝကတည်းက ထိန်းကျောင်းလာသူဖြစ်သည်။

သူ့အသက်ငါးဆယ်ကျော်သော်လည်း မိန်းမမယူ မိန်းမမရသေး

သော လူပျိုသိုးကြီးပဲဖြစ်သည်။

ကျွန်တော်၏အိမ်ဝေယျာဝစ္စတွေကို သူလုပ်ပေးစမြဲ။

ယခုတော့ ကျွန်တော့်ဘာသာပဲ ကျွန်တော်လုပ်ရ၏။ ပထမဆုံး

အဝတ်လဲလိုက်သည်။

ရေဒီယိုချိန်က မြန်မာနိုင်ငံတွင်ကုန်ဆုံးသွားသည်မို့ အော(လ်)

အင်းဒီးယား၊ ဗွီအိုအေ၊ ဘီဘီစီ စတာတွေကို လိုက်ဖွင့်၏။

ဘီဘီစီသတင်းတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော သတင်း

တစ်ပုဒ်ပါလာသည်။

မြန်မာပြည်တွင်းသို့ အတင်းအဓမ္မချဉ်းနင်းဝင်ရောက်လာသော

ကေအင်(မ်)တီတရုတ်ဖြူများအကြောင်းဖြစ်သည်။

ယင်းသတင်းတွင် တရုတ်ဖြူများ မြန်မာပြည်တွင်းကထွက်ခွါ

သော်လည်း အချို့မိသားစုနှင့်ကျန်ရှိပြီး၊ ယင်းကျန်ရှိသူများက ဘိန်း

လုပ်ငန်းတွေလုပ်နေတာကို မြန်မာအစိုးရကစွပ်စွဲသဖြင့် ဘီဘီစီက

www.burmeseclassic.com



မဟုတ်နိုင်ပါဟူသော ထင်မြင်ချက်ပေးသည့်သတင်းဝေဖန်ချက်ပဲဖြစ်
၏။

တရုတ်ဖြူတွေဘိန်းလုပ်ခဲ့တာ ကျွန်တော်ကိုယ်တွေ့ပဲ။

ကိုလိုနီနယ်ချဲ့တို့က သူတို့၏လက်ကိုင်တုတ်ကိုတော့ ကမ္ဘာ
သိအောင်အကာအကွယ်ပေးကြဦးမှာပဲ။

ရေဒီယိုကိုပိတ်လိုက်သည်။

ပိုက်လေဘာယ် တူးပက်လောက်ကို သွေးနွေးအောင်ကျွန်တော်
သောက်လိုက်သည်။

လီဒိုမှာစားသောက်ပြီးခဲ့တာမို့ ကျွန်တော်ဘာမှထပ်မံစားမ
တော့ပဲ အိပ်ရာထဲသို့ပင် ညဝတ်အင်္ကျီရှည်ကြီးဝတ်ကာ ဝင်ခဲ့၏။

မီးပြာပြာထွန်းထားသောအိပ်ခန်း၏ စပရိန်မွေ့ရာအိအိထက်တွ
ကျွန်တော်ကလှဲလျောင်းရင်း ဗီလီအကြောင်း၊ မော်လီအကြောင်း
တွေးသည်။

မော်လီနှင့်ဆက်နွယ်၍ ကျွန်တော့်ချစ်ချစ်ကလေး စိုအကြော
ကို အတွေးရောက်သွား၏။

ခုလိုတစ်ယောက်တည်းနေရချိန်တွင် စိုရှိလျှင်သိပ်ကောင်းမှာ
ဟုတောင့်တမိ၏။

တကယ်တော့ စိုသည် ကျွန်တော့်အသည်း။



ကျွန်တော့်ချစ်ချစ်။

သူမနှင့်ကျွန်တော် လက်ထပ်ဖို့ရည်စူးထားသော်လည်း ယနေ့
ထိလက်မထပ်ဖြစ်သေးပါ။

စိုချယ်ရီခေါ် စိုနှင့် စိုးဒေဝါခေါ် ကျွန်တော်တို့နှစ်ယောက်သည်
ဆိုးကြီးအဘွားကြီးဖြစ်မှ လက်ထပ်ဖြစ်ကြလိမ့်မည်ဟု တချို့က
သွဲ့သွဲ့ဆိုကြသည်။

ကျွန်တော်သည် အန္တရာယ်လမ်းကြောင်းမှာ သွားလာနေသူ။
စိုကို ကျွန်တော်လက်ထပ်ခြင်းအားဖြင့် အန္တရာယ်မရှိလျှင်
ကောင်း၏။ အန္တရာယ်ရှိလို့ ကျွန်တော့်အသက်ဆုံးရှုံးသော် ကျွန်တော့်
ကြောင့် စို မုဆိုးမလေးဖြစ်သွားလျှင် မခက်ပေဘူးလား။

သည်အတွေးတစ္ဆေကြောင့် စိုကိုလက်ထပ်ဖို့နှောင့်နှေးခဲ့သည်။

ဒါပေမယ့် တစ်နေ့မှာလက်ထပ်ဖြစ်မှာပဲ။

အဲဒီနေ့က ဘယ်နေ့လဲ။

ကျွန်တော်တွေးရင်းပင် ကျွန်တော့်မျက်လုံးတွေစင်းကျလာ
သည်။ အတွေးတွေမှေးမှိန်ပျောက်ကွယ်သွားသည်။

□ □ □ □ □

www.burmeseclassic.com

www.burmeseclassic.com







## ဇာတ်လမ်းခင်း (၂)

မျက်လုံးတွေပြန်ပွင့်သွားချေ၏။

အော်သံတစ်ခုကိုကြားလိုက်ခဲ့သည်။

ထိုအော်သံသည် အိမ်ထဲကလား၊ အိမ်ပြင်ကလားခွဲခြားမသိပေ။

နားထဲကြားရသောအသံက "ထွက်ပါရစေ...ထွက်ပါရစေ"

အော်ပြောလိုက်သံ။ ကျွန်တော့်စိတ်ထင်ဖြစ်ပါလိမ့်မည်။

လေးလံသောမျက်ခွံတို့ကို ပြန်ပိတ်မိချေ၏။

"ဖွင့်ပေးပါ...ထွက်ပါရစေ"

သည်တစ်ခါအော်သံသည် မြန်မာလိုအော်သံမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်လိုအော်ပြောလိုက်သံပင်ဖြစ်သည်။ အော်သံသည် အမျိုးသမီးတစ်ယောက်၏ အော်ပြောတောင်းဆိုသံလို့ပဲထင်၏။

နားထဲထင်ထင်ရှားရှားကြားရတော့ ကျွန်တော်မနေနိုင်။

အိပ်ရာထက်မှခုန်ထမိ၏။

ကျွန်တော်အုံးသော ဖက်အုံးခေါင်းအုံးရှည်ကြီးကိုလည်း ဆွဲဖယ်လိုက်၏။

အိပ်ချင်စိတ်တွေလွင့်ပါးသွားသည်။ ထိုအသံသည် အိမ်ထဲက မဟုတ်ပဲ အိမ်ပြင်မှလွင့်ပါးလာသံဖြစ်မည်။

"ဖွင့်ပေးပါ…ဖွင့်ပေးပါ…ထွက်မယ်"

ဟော…ဒီတစ်ခါမြန်မာလိုအော်သံပါလား။

ဒါပေမယ့် အော်သံမှာမပီမသရှိလှချေ၏။ ကျွန်တော်က အိပ်ခန်းတံခါးကိုဖွင့်ကာ အပြင်သို့ထွက်သည်။

အိပ်ခန်းပြင်တွင် ကျွန်တော်မီးပိတ်ထားသဖြင့် မှောင်နှင့်မည်းမည်းဖြစ်နေ၏။ နားထဲတွင် တစ်စုံတစ်ယောက်ထိုးနှက်သံလို တဒုန်းဒုန်းမြည်သံကြားရသည်။

ထိုအသံများသည် အိမ်ထဲကမဟုတ်ပဲ အိမ်ပြင်ကသာဖြစ်ချေသည်။ ကျွန်တော်မှောင်ထဲမှာပင် မီးလင်းလာသည်အထိ မီးခလုတ်ကိုဖွင့်လိုက်သည်။



ဝပ်လေးဆယ်ရှိသော နီယွန်လျှပ်စစ်မီးချောင်းလေးပေချောင်းက အိမ်၏အလယ်တွင်ရှိသော ကျွန်တော့်အိပ်ခန်းပြင်ဘက်မှ ထိန်ထိန်လင်းသွားသည်။

အိပ်ခန်းကိုဖြတ်၍ ဧည့်ခန်းအထိ တရွတ်ပြည်ဖြစ်မွေးပွကော်ဇော်ခင်းထားရာ ညှပ်ဖိနပ်စီးလျက် ထိုကော်ဇောကိုနင်းပြီး ဧည့်ခန်းအထိထွက်လာသည်။

ကျွန်တော့်တွင် ရေငုတ်သင်္ဘော၏ကြည့်မှန်ကိရိယာလိုဖြစ်သော ပယ်ရီစကုပ် (PERRY SCOPE) မှန်ပြောင်းကရှိနေ၏။

ခြံဝတွင်လည်းကောင်း၊ ခြံထဲတွင်လည်းကောင်း၊ ပယ်ရီစကုပ်မှန်ပြောင်းနှင့် ကြည့်လိုသမျှကိုမြင်နိုင်၏။

မှန်ပြောင်းထဲတွင် ရှေးဦးစွာ မီးတွေထိန်လင်းနေသောခြံကျယ်ကြီး၊ ရေကူးကန်တို့ကိုမြင်ရ၏။ ထိုသည်နောက် မှန်ပြောင်းကိုနှိမ့်ချဆွဲယူလိုက်သည်။

ဆင်ဝင်အောက်ကမြင်ကွင်း။

ဆင်ဝင်တွင် တစ်စုံတစ်ယောက်မှမရှိပါ။

ပိတ်ထားသောတံခါးမှာ အိလက်ထရွန်းနစ်သံမဏိဘောင်သပ်သစ်သားတံခါးမကြီးဖြစ်သော်လည်း ဘယ်သူကမှ လာရောက်ထုနှက်ခြင်းကိုမတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



သူခိုးသူဝှက်လာလျှင်သိရအောင် အချက်ပေးခေါင်းလောင်း (BURGLER ALARM BELL) တပ်ဆင်ထားသဖြင့်၊ ခြံထဲသို့ချဉ်းနင်းဝင်ရောက်သည်ဖြစ်စေ၊ တံခါးမကြီး သို့မဟုတ် ပြတင်းပေါက်များသို့ဖြစ်စေ ကပ်တာနှင့်ထိုခေါင်းလောင်းကအသိပေးမည်သာဖြစ်၏။

ကျွန်တော့်စိတ်တွေချောက်ချားနေလေသလား။

မကြားအပ်ဘဲနှင့် အာရုံကြောတွေက တုန်လှုပ်ချောက်ချားမှုကြောင့်ပဲ ကြားလေသလား။

ဝယ်ရီစကုပ်ဆီမှ သက်ပြင်းချမှုနှင့်အတူ ကျွန်တော်အခွါတွင် တခုန်းခုန်းထုနက်သံကြားရ၏။

အပြင်ကပဲ။

ကျွန်တော်စိတ်မရှည်တော့ပါ။

အီလက်ထရွန်းနစ်ကီးရိယာနှင့် တံခါးကိုဖွင့်လိုက်သည်။

တံခါးရွက်နှစ်ချပ်က တဖြည်းဖြည်းဘေးဘက်ဆောင်တွေထဲကိုဝင်သွား၏။

ကျွန်တော့်မှာလက်နက်မရှိ။

လက်နက်မဲ့သတ်ပုတ်မှုကို ကျွမ်းကျင်နေသောကျွန်တော့်အဖို့ အဝေးပစ်လက်နက်ကော၊ အနီးသုံးလက်နက်ပါမလိုပါ။

ဦးဆုံး ဆုံဆည်းလိုက်ရသည်က မော်တော်ကားပဲဖြစ်သည်။



မော်တော်ကားမှာ လူတွေကိုင်လှုပ်သလို လှုပ်ခါနေ၏။ သို့သော် ကျွန်တော်ရိပ်ခနဲပဲတွေ့လိုက်ရ၏။

ချက်ချင်းကားကြီးတစ်ခုလုံး ငြိမ်ငြိမ်သက်သက်ပဲဖြစ်၏။

ကားလှုပ်ခဲ့တာ ကျွန်တော်အမြင်မှားလို့ပဲလား။

ကျွန်တော့်ကားတွင်းထဲကို ပိတ်ထားသောမှန်ချပ်တွေထဲကြည့်၏။ အထဲတွင် ဘယ်သူ့ကိုမှမတွေ့ရ။

မျက်လုံးတွေက အိမ်တွင်းမှထိုးသော မီးရောင်အောက်မှကားကိုကြည့်စဉ် ကျွန်တော့်စိတ်ထဲမသိုးမသန့်ဖြစ်လာ၏။ ဒက်ရှ်ဘုတ်ပေါ်တွင် တင်ထားသောမှန်ချပ်ကလေးကိုလည်း တစွန်းတစတွေ့ရ၏။

ထိုမှန်ချပ်ကလေးကို အိမ်ထဲသို့ ကျွန်တော်မယူလာမိ။

ကားတံခါးတွေကို ကျွန်တော်အားလုံး လော့(က်)(Lock) သော့ချထားမိသည်။ ကျွန်တော့်ကားသော့ကိုပြန်ယူ၊ ရှေ့တံခါးကိုအဖွင့်တွင် အလုံပိတ်ထားသောကားမှန်အတွင်းမှ အေးစက်သောအငွေ့တွေက ကျွန်တော့်အား ရိုက်သလိုပဲခံစားလိုက်၏။

ထို့အပြင် မွှေးကြိုင်သောသင်းရနံ့တစ်ခု။

ကားထဲမှပဲထွက်နေသည်။

ထိုအမွှေးသည် ရေမွှေးနံ့၊ ပန်းနံ့မဟုတ်ပါ။ သစ်မွှေးတစ်ခုခု၏ အမွှေးနံ့သာများလိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကြည့်မှန်ကလေး၏လက်ကိုင်ကို ဆွဲယူလိုက်သည်။ ကြည့်မှန်၏ပုံသဏ္ဌာန်မှာ ဘဲဥပုံရှိသည်။ အချင်းအားဖြင့် လေးလက်မရှိမည်။

သစ်သားဘောင်ခတ်ထားသော်လည်း ဘောင်မှာ ကျွန်တော်မတွေ့ဖူးသော နဂါးနှစ်ကောင်မျက်နှာချင်းဆိုင်လျက် နဂါးရုပ်ပုံတွေ၏ ကိုယ်လုံးများတွင် ကနုတ်ပန်းနွယ်တွေလုပ်ထား၏။

နဂါးမှာ မြန်မာနဂါးမဟုတ်ပဲ တရုတ်နဂါးရုပ်ပုံစံတွေပဲ။ လက်ကိုင်မှာအရင်းရှုံး အလယ်တွင်ပြည့်ဖောင်း၍ အောက်ဘက်တွင် သွယ်ချွန်းသွားသည်။

သတိထားမိသည်မှာ ကျွန်တော်ရသောအမွှေးနံ့များသည် ထိုသစ်သားလက်ကိုင်၊ ထိုသစ်သားဘောင်တွေဆီမှထွက်လာခြင်းသာဖြစ်တော့သည်။

မှန်ကိုကိုင်လိုက်စဉ်မှာ ကျွန်တော့်တစ်ကိုယ်လုံးမှာ အကြောင်းမဲ့တုန်သွားသည်။ ရေခဲရေနှင့်ပတ်သလို အသားစိုင်များတွင် အေးခဲခံစားလိုက်ရသည်။

ဒါကြောင့် မှန်ကိုလန့်ပြီးလွှတ်ချမိမလိုလိုဖြစ်ပြီးမှ သတိနှင့်ပြန်ကိုင်လိုက်ရ၏။ ဆောင်းနှင်းအအေးကြောင့် ကျွန်တော်ခံစားရခြင်းဖြစ်မည်။



ခံစားရမှုနှင့် မရေရာသောအတွေးကြောင့် ကျွန်တော့်ကိုကျွန်တော်ပြန်အပြစ်တင်ကာ ကားတံခါးတွေကိုပြန်ပိတ်သော့ခတ်မနေတော့ဝဲထားခဲ့၏။

အိမ်ထဲပြန်ရောက်မှ မှန်ကလေးကိုကျွန်တော်ကြည့်မိပြန်၏။

သည်မှန်သည် ခေတ်မှန်မဟုတ်ပါ။

ရှေးဟောင်းမှန်တစ်ချပ်ဖြစ်ပုံရ၏။ လက်ကိုင်တွင် သေးငယ်သောစာတန်းလေးတွေတွေ့ရသည်။

ယင်းစာလေးများက လက်ကိုင်တွင်ထွင်းကာဆေးတစ်မျိုးနှင့်ပွတ်ထားသဖြင့် စာကြောင်းလေးတွေပေါ်နေ၏။ စာကအရုပ်စာပင်ဖြစ်သည်။

အရုပ်ကလေးတွေရေးထားတာနှင့်မခြား။

ဝီလီကောင်းဆိုသည့်ငနဲဆီမှ သည်မှန်ကျကျန်ရစ်ခဲ့တာမှန်သလား။

တကယ်လို့ သည်မှန်ကသူ့မှန်ဆိုလျှင်ကော ဘယ်လိုပတ်သက်နေပါလိမ့်။

ကျွန်တော့်အဖို့ ကြည့်မှန်တစ်ချပ်မှအပ မှန်ကိုမှန်အဖြစ်နှင့်သာမြင်ပြီး စိတ်ဝင်စားမှုမရှိပါ။

ဒါကြောင့် ဧည့်ခန်းရှိ ကျွန်တော်ပျင်းလျှင်တီးလို့တီးထရှိသော

www.burmeseclassic.com

www.burmeseclassic.com



နိုက်တင်ဂေး (NIGHTING GALE) စန္ဒရားခုံပေါ်သို့တင်ထားလိုက်၏

စောစောကထုနှက်သံ။

အော်ပြောသံတွေလည်း မပေါ်လာတော့ပါ။

သည်ညမှာ ကျွန်တော်ဘာဖြစ်နေသလဲ။ ဝီလီကောင်းနှင့်တွေ့ဆုံဖို့ကဖြစ်ပြီးမှ ကျွန်တော်ချောက်ချားနေသလား။ သူ့ကိုမမိလိုက်လို့ ဆန္ဒမပြည့်သည့်စိတ်ကြောင့် စိတ်အာရုံကြောတွေချွတ်ယွင်းသွားလေသလား။

ဘာပဲဖြစ်ဖြစ် သည်ညမှာတော့ကျွန်တော်အိပ်ပျော်အောင်အိပ်ပါသည်။ ဘာအနှောင့်အယှက်မှပေါ်မလာပါ။

ကျွန်တော်အိပ်ရာထသည်။

တစ်ကိုယ်တည်းနေရတော့လည်း ပျင်းချောက်ချောက်။

ဦးရန်ပြေမရှိတော့ စကားပြောဖော်မရှိ။

အိပ်ရာမှထထချင်း ရေဒီယိုဂရမ်သို့သွားကာ မြန်မာသီချင်းဟောင်းတစ်ပုဒ်ကိုဖွင့်လိုက်သည်။ ပြည်လှဖေ၏သီချင်း။

သီချင်းကိုဖွင့်ထား၍ ကျွန်တော်ပထမဆုံးကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းယူသည်။ အားကစားရုံထဲသွားပြီး သဲအိတ်ကိုလက်သီးချက်ပေါင်းအမျိုးအပြားထိုးသည်။ လက်ဇေ့စပါရင် (SPARING)ကိုယူသည်။ အင်္ဂလိပ်လက်ဝှေ့က ကျွန်တော်တက္ကသိုလ်မှာကျော



အင်္ဂလန်အောက်စဖို့သို့ ပညာသင်အသွား ဝိုးလ်ဒင်းဂလပ်(ဗ်)အဖွဲ့ခွဲ (GOLDEN GLOVE) အောက်စဖို့မှာရှိလို့ ကျွန်တော်အသင်းဝင်အဖြစ်ထိုးသတ်ကျွမ်းခဲ့ပြီးသား။

ကျွန်တော့်ကိုယ်ကိုသန့်စင်လိုက်သည်။ မနက်ခြောက်နာရီမှ အိပ်ရာထသောကျွန်တော်သည် ခုနစ်နာရီခွဲတွင် ရေမိုးချိုးပြီးသားဖြစ်သွားသည်။

ပင်မင်းပေးစရာရှိသောအဝတ်တွေကို ကျွန်တော်ရွေးလိုက်၏။ ဆူးလေဘုရားကလောင်ဒရီဆိုင်မှာ ပင်မင်းပေးခဲ့ရဦးမည်။

ညကမှန်ကလေးကိုသတိရသည်။

စန္ဒရားခုံပေါ်မှမှန်ကလေးကို ကျွန်တော်ပြန်ယူကြည့်သည်။

မှန်ကလေး၏နောက်ပိတ်မှာ သစ်သားဖြင့်ပြုလုပ်ထား၍ လက်ကိုင်မှအစ အနက်ရောင်ဖြစ်သည်။ နောက်ပိတ်သစ်သားတွင် ထွင်း၍ဆေးထည့်ထားသောစာတချို့မှာ ပျက်တောင်နေပြီ။

တရုတ်စာလိုလို၊ အရုပ်စာလိုလိုဖြစ်သည်။

ကျွန်တော်ကမှန်ကလေးကိုပြန်ချလိုက်၏။ ထိုမှန်ကထွက်ပေါ်နေသောအမွှေးနံ့မှာ ညကလိုပဲမပျောက်မပျက်ရှိနေ၏။

အဲဒါထူးခြားသောဝိသေသအဖြစ် ကျွန်တော်သတိပြု၏။

ဖုန်းခေါ်သံထွက်လာ၏။ မှန်ကိုချပြီး ဖုန်းကိုသွားရောက်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟဲလို”

ကျွန်တော်ကအသံပြုသည်။ တစ်ဘက်မှ မည်သည့်အသံမှ ပြန် မလာပါ။ ကျွန်တော်ထပ်မံအသံပြုသည်။

“ဟဲလို…စိုးဒေဝါပါ”

တစ်ဘက်လိုင်းမှတိတ်ဆိတ်နေသည်။ အော်ပရေတာမတော့ အိပ်ချင်မူးတူးနှင့် ဖုန်းနံပါတ်များခေါ်ခြင်းပြုမည်။ ထိုကာလက အော် တိုဖုန်းများမဝင်သေး။ နောက်တစ်နှစ်မှ အော်တိုဖုန်းတွေဝင်လာ၏။

ခေါ်ချင်ပြောချင်လျှင် အော်ပရေတာမှတဆင့်ပြောရ၏။

ဖုန်းကိုပြန်ချသည်။ ကျွန်တော်က သည်ကနေ့ကုမ္ပဏီသို့သွား ရကောင်းမကောင်းစဉ်းစားရင်း အိပ်ခန်းထဲရှိ ဝပ်ဒရုပ်(WARDROBE) အဝတ်ဘီရိုထဲမှ သင့်တော်မည့်အဝတ်တွေကို ရွေးနေသည်။

တယ်လီဖုန်းခေါင်းလောင်းသံထွက်လာပြန်၏။

အိပ်ခန်းထဲမှထွက်သည်။ စကားပြောခွက်ကိုကောက်ကိုင်လိုက် သည်။

“ဟဲလို”

တစ်ဘက်မှတိတ်ဆိတ်နေသည်။

“ဟဲလို…ဘယ်သူစကားပြောသလဲ…စိုးဒေဝါပါ”

ကျွန်တော်ကထပ်မံအသံပြုသည်။ လိုင်းထဲမှာ တုန့်ပြန်သံကင်း မဲ့နေ၏။



ခစ်ခနဲရယ်သံ။

ထိုရယ်သံသည် ဖုန်းထဲမှမဟုတ်။

အပြင်မှရယ်သံလိုလို။

ကျွန်တော်က အင်္ဂလိပ်လို “ဒမ်းမစ်”ဟုရေရွတ်ကာ ဖုန်းကို ပြန်ချ၏။ ရယ်သံမှာ ကျွန်တော့်စိတ်ထင်ဖြစ်လိမ့်မည်။

ဖုန်းချပြီး ဖုန်းစင်မှခြေတစ်လှမ်းနှစ်လှမ်းလှမ်းကာရှိသေး ဖုန်း ခေါ်သံတဂွင်ဂွင်ကထွက်လာသည်။

ကျွန်တော်စိတ်တိုသွားသည်။ မကိုင်ပဲထားလိုက်သည်။ ခေါ် သံကမစဲ။

သည်တော့ ကျွန်တော်ကောက်ကိုင်ရပြန်ချေ၏။

“ဟေ့…ဘယ်သူလဲ…ဖုန်းကိုခဏခဏခေါ်နေတာ…မင်း ဘာကောင်လဲ”

ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ဟောက်သံတော့ပေးမိ ပါသည်။ သည်အခါ တစ်ဘက်မှတခစ်ခစ်ရယ်သံနှင့်အတူ

“ကိုကိုစိုး…ဘာတွေဒေါကန်နေလဲ…စိုပါကိုကိုစိုးရဲ့”

“ဟာ…စိုပါလား”

သည်တစ်ခါတော့ ဖုန်းခေါ်သူမှာ စိုဖြစ်ချေ၏။

“ကိုကိုစိုး…ဘာတွေဒေါဖောင်းနေတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ စိုရယ်…ဖုန်းခေါ်တယ်…ခေါ်ပြီး ဘယ်သူမှလဲမဟုတ်ဘူး…ခုနက စိုဖုန်းခေါ်သေးသလား"

"ဟင့်အင်း"

"ဟုတ်မှဟုတ်ရဲ့လား"

"အံမလေး၊ ရှင်ရယ်…ဘုရားကျွန်မအခုမှခေါ်ရတာပါ"

"ကိုယ့်ဆီဖုန်းနှစ်ခါခေါ်တယ်…အသံပြတယ်…ဘာမှထွက်မလာဘူး"

"အော်ပရေတာဖုန်းမှားတာဖြစ်မှာပေါ့ကိုကို"

"ဒီလိုပဲယူဆရတာပဲ"

"မနေ့ညကဘယ်ကိုသွားလဲ…ကုမ္ပဏီလည်းမလာဘူး"

"မနေ့ကအမှုအတွက် လိုက်နေရတယ်လေ…ဒီရက်ပိုင်းအတွင်းတောင် ကုမ္ပဏီလာနိုင်ပါ့မလားမသိဘူး"

"မလာနိုင်လည်းမလာနဲ့လေ…ပါချေ့ဆင်း (PURCHASING) နဲ့ (EXPORTING) ကို စိုလုပ်ထားလိုက်ပါ့မယ်…ဘဏ်အကောင့် (ACOUNT)ကိုလည်းရှင်းလိုက်မယ်"

"စိုပဲလုပ်ထားလိုက်"

စိုမှာ ကျွန်တော့်ကုမ္ပဏီအတွက်အားကိုးရသည်။

"အခုဘာလုပ်နေသလဲ"



"ကုမ္ပဏီလာရင်ကောင်းမလားလို့ စဉ်းစားနေတယ်"

"ကိုကို့အလုပ်မပြီးပြတ်သေးရင် မလာနဲ့လေ…ဝီလီကောင်းကိုမိပလား"

"ဘယ်မိဦးမလဲ"

"သတိလည်းထားနော်၊ ဒီကောင်ကပြည်ပကကောင်ဆိုတော့ အေးမှာမဟုတ်ဘူး"

ကျွန်တော့်အလုပ်တစ်စိပ်တဒေသကိုတော့ စိုသိထားခဲ့ပါချေသည်။ ညကအဖြစ်ကို ကျွန်တော်ပြန်မပြောပါ။

"အခုဘာစားပြီးလဲ"

"နတ်သင်း NOTHING"

"မောနင်းမီးလ်ကို စိုကျွေးမယ်လေ…လီဘာတီမှာသွားစားကြအောင်"

လီဘာတီမှာ ဖရေဇာခေါ် အနော်ရထာလမ်းရှိ ကုလားဟော်တယ်ဖြစ်သည်။ ထိုစဉ်က ဘုံဘေ၊ လီဘာတီ၊ နယူးဒေလီဟော်တယ်တွေမှာ နာမည်ကြီးကုလားစာ စားနိုင်သောဟော်တယ်တွေ။

ကျွန်တော်သဘောတူလိုက်၏။

လီဘာတီမှာ စိုစောင့်နေမည်။ ကျွန်တော်ရေချိုးပြီးပြီ။ လေးလေးတချွန်ချွန်နှင့် ပေါ့ပေါ့ပါးပါးအဝတ်အစားလဲလိုက်သည်။ နိုင်

www.burmeseclassic.com

www.burmeseclassic.com



လွှန်စပို့ရှပ်တစ်ထည်နှင့် တက်ထရက်(စ်)ရိုက်ဒါဘောင်းဘီလဲသည်။

ရိုက်ဒါမှာ ခုခေတ်မှမဟုတ်။

ကျွန်တော်တို့ခေတ်ကတည်းကပေါ်နေပြီး အမေရိကန်စတိုင်ဘောင်းဘီဟုလည်းခေါ်သည်။

ဘောင်းဘီကို ကြေးခေါင်းပါသောခါးပတ်ပြားသေးသေးနှင့်ပတ်လိုက်၏။ ထိုခါးပတ်မှာ အပေါ်ယံမှသားရေလွှာဖြစ်သည်။ ထိုသားရေလွှာကိုချွတ်လိုက်လျှင် အတွင်းမှသံမဏိပြားကထွက်လာ၏။

ခါးလိုပဲအသွားတွေကထွက်သည်။

ကျွန်တော့်ဘေးဆီးရန်ကာအတွက် ကျွန်တော်ထွင်လိုက်သောခါးခါးပတ်ဖြစ်ချေသည်။

ထုံးစံအတိုင်း အိမ်တံခါးကိုအီလက်ထရွန်းနစ်နှင့်ပဲပိတ်သည်။ အီလက်ထရွန်းနစ်ကီရိယာခလုတ်ကို ကျွန်တော်ကကားထဲထည့်၍ကားမောင်းထွက်လာ၏။

ဦးနှောက်ထဲတွင် ဝီလီကောင်းနှင့်မော်လီက နေရာယူနေ၏။ ဝီလီကလွတ်သွားသည်။ သို့သော် မော်လီကကျန်နေသည်။

မော်လီသည် ဝီလီကောင်းဘယ်မှာရှိနေသည်ကို သိနိုင်၏။ ကျွန်တော်မော်လီကိုကပ်နိုင်လျှင် ဝီလီကောင်းရှိမည့်နေရာကို သိနိုင်ပေမည်။



သို့တစေ မော်လီကိုကပ်နိုင်ဖို့ရာ မလွယ်ကူ။

မော်လီသည် ကြေးကြီးစားဖြစ်သော်လည်း ယောက်ျားတိုင်းကိုသူမလက်မခံ။

သူ့သဘောကျမှကပ်လို့ရသည်။

ငွေမြင်တိုင်း မော်လီလိုက်သည်မဟုတ်။

သည်တော့ ကျွန်တော်က မော်လီကိုဘလိုင်းကြီးသွားစုံစမ်းတာထက် ဥပါယ်တမျဉ်ဖြင့် ချဉ်းကပ်ရလိမ့်မည်။

ကျွန်တော် လီဘာတီယော်တယ်သို့ရောက်သောအခါ စောင့်နေသာစိုနှင့် အခန်းကလေးတစ်ခန်းတွင်တွေ့လိုက်သည်။

အိန္ဒိယအစားများဖြစ်သော တိုရှည်၊ ပူတီ၊ အီတာလီ၊ ချာပါတီသည့်အစားအသောက်များကို အသားနှင့်သော်လည်းကောင်း၊ သက်သတ်လွတ်ဟင်းနှင့်သော်လည်းကောင်း ရနိုင်သည့်ပြင် မလိုင်ခဲ၊ ဂျလေဘီသည့်အချိုမုန့်အမျိုးမျိုးကိုလည်း မှာယူနိုင်၏။

ကျွန်တော်တို့ကြိုက်တာတွေကို မှာယူစားသောက်ရင်းက ဟိုစကားသည်စကား ပြီးတော့ချစ်စကားတွေ။

စကားတွေကအစားအသောက်တွေလိုပဲ ချိုမြိန်ပါသည်။ ကျွန်တော်ကလုပ်ငန်းနှင့်ပတ်သက်၍ ကျောက်မျက်ရတနာတွေကိုဝယ်ယူမှာ ရာခိုင်နှုန်းထားကို ဒစ္စကောင့်(DISCOUNT)ထားပြီးမဝယ်ဘဲနှင့်ဈေးမှန်သာပေး၍ဝယ်ယူရန်။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှ အရည်အသွေးကောင်းသောကျောက်များ ရနိုင်မည့်အကြောင်းညွှန်ပြပေးရသည်။

သူတို့မိန်းမတွေက တစ်ခါတစ်ရံကျောက်ချက်ဝယ်ရာတွင် ဈေးမေါလိုက်ချင်၏။ တချို့ပါးနပ်သူတွေက ဒစ္စကောင့်ရာနိုင်နှုန်းလျှော့ပေးပြီး အရည်အသွေးနည်းသော ပါးသောကျောက်တွေကို ရောင်းချတတ်ကြသည်။

ကျွန်ုပ်တော်နှင့်သူစားသောက်ပြီး အခန်းမှထွက်လာ၏။

စားသောက်ခကို သူမကပဲရှင်းပေးခဲ့၏။

သူမက ငီဘာငီနှင့်နီးသောယန်းဆိုးတန်းမှ "စိုးကျောက်မျက်ရတနာရောင်းဝယ်ရေးကုမ္ပဏီ"သို့ သူမပိုင်ဟော(လ်)မင်ကားစိမ်းကလေးနှင့်သွားမည်ဖြစ်ပြီး ကျွန်တော်က မော်လီနှင့်အဆက်ရရေးအတွက် လီဒိုကလပ်သို့သွားရချေဦးမည်။

ကံဘရားသည်ဆန်းကြယ်၏။

မော်လီကို ကျွန်တော်တွေ့ဖို့မျှော်လင့်မထားပါ။

ယခုလာတွေ့နေရသည်။ အပြင်ခန်းကစားပွဲတစ်လုံးတွင် မော်လီသည် အမျိုးသားတစ်ဦးနှင့်ရယ်ကာမောကာ စားသောက်ရင်း စကားပြောနေ၏။

အမျိုးသားမှာ ဝီလီကောင်းမဟုတ်ပါ။



အသက်အရွယ်ကြီးရင့်သော လူကုံတန်အဘိုးကြီးတစ်ယောက်ဖြစ်ချေသည်။

မော်လီကိုသာကျွန်တော်သိပြီး မော်လီကကျွန်တော့်ကိုသိမည်မထင်ပါ။

အကြောင်းက အခန်းမှထွက်လာသောကျွန်တော်နှင့်စိုကို အမှတ်တမဲ့မျက်လုံးဝေ့ကြည့်လို့သာကြည့်ပြီး ရှေ့မှအဘိုးကြီးကို သွက်လက်သောအင်္ဂလိပ်စကားနှင့်ပြောနေသည်။

စိုက မော်လီကိုစိုက်ကြည့်လိုက်သည်။

သူမမျက်နှာတွင် အံ့အားသင့်မှုများရိုးတိုးရိပ်တိတ်ပေါ်သွား၏။ အဘိုးကြီးကိုစကားပြောနေသောမော်လီသည် စိုကသူမအားစိုက်ကြည့်နေတာကိုတွေ့သဖြင့် သူမကလည်း စိုကိုပြန်စိုက်ကြည့်၏။

သူမကြည့်ရင်း အံ့အားသင့်ပုံရသည်။

"ဟေး…မော်လီ…ယူမော်လီမဟုတ်လား"

စို၏နှုတ်မှမေးမြန်းနှုတ်ဆက်သံပေါ်လာ၏။ စိုကမော်လီ့နားကပ်သွား၏။ ခေါင်းထက်တွင် ရှော့(ခ်)အင်ရိုးခရော့ခေါ် ဆံပင်တိုကလေးညှပ်ထားသောမော်လီမှာ စိုကိုကြည့်ရင်း

"အို…ယူကော ဂရေ့(စ်)မဟုတ်လား"

"ယက်(ပ်)…ယက်(ပ်)… ကိုယ်ဂရေ့(စ်)ပဲကွ…ဂလက်တူဆီးယူ GLAD TO SEE YOU"

www.burmeseclassic.com

www.burmeseclassic.com



စို၏အသံမှာ အင်္ဂလိပ်သံရောမြန်မာသံရော ရောသွား၏။ သည့်တစ်ကြိမ်အံ့အားသင့်နေတာက ကျွန်တော်။

စိုနှင့်မော်လီ တစ်ယောက်ကိုတစ်ယောက်သိခဲ့ကြလိမ့်မည်ဟု မထင်မိခဲ့ပါ။ ယခုပစ္စက္ခမှာ သူမတို့သိနေကြချေပြီ။

မော်လီကထလိုက်သည်။ လက်ကလေးတစ်ဘက်ကိုကမ်းပေးလိုက်သည်။ စိုကဆွဲကိုင်နှုတ်ဆက်ရင်း

"လောင်းတိုင်း(မ်)နိုးဆီးကွာ...ယူနဲ့မတွေ့ရတာကြာပြီ"

"အေး...ကိုယ်လည်း လောင်းတိုင်းနိုးဆီးပဲ..ယောင်းအာယူ"

"ဖိုင်းဒီးယား"

"ဝမ်းသာတယ်...ဝမ်းသာတယ်...ကိုယ်အိုင်အေမှာထွက်သွားပြီးကတည်းက ယူနဲ့ထပ်ကိုမတွေ့တော့တာ"

"ကိုယ် ယူ့ကို သတိရပါတယ် မော်လီ...ကိုယ်က မင်းကိုအင်္ဂလန်ပြန်သွားပြီထင်တာ"

"မာမီကပြန်သွားတယ်...ကိုယ်ကမလိုက်ချင်ဘူး... ဒက်ဒီနဲ့ပဲနေခဲ့တယ်ကွ"

"မင်းဒက်ဒီကော"

"HE WAS EXPIRED LAST YEAR"

"အို...ဆောရီးကွာ"



မော်လီက သူမ ဖခင်ပြီးခဲ့သည့်နှစ်ကကွယ်လွန်ခဲ့ကြောင်းပြောတော့ မရွှေစိုက လူ့သဘာဝအလျောက်ဆောရီးလိုက်သည်။

"ကိုယ်က အခု ဗိုလ်တထောင်ဘုရားလမ်းက ပထမသွန်မဆင် ...သာလမ်းမှာ ကိုယ့်အန်တီတစ်ယောက်နဲ့နေတယ်...ယူကော...ဖား ...အား မားသားနဲ့ပဲလား"

"ယက်(ပ်)...ဟုတ်တယ်"

စို၏ပြန်ပြောသံက ယန်းကီးသံပါနေ၏။

မော်လီက ကျွန်တော့်ကိုကြည့်သည်။ သူမ၏မျက်လုံးထဲ အရောင်တစ်ချက်လက်သွားတာကိုတော့ ပါးနပ်သည့်ကျွန်တော် သတိ ...ားလိုက်မိ၏။

"ယူမက်ရစ်(MARRIAGE)လုပ်လိုက်ပြီပေါ့"

"မဟုတ်ဘူး...ဒါကိုယ့်ရဲ့ဖိုင်းယင့်(စ်)(FIANCE) ပါ"

"FIANCE လား...တကယ်တော့ FAY ပဲ"

သည်ခေတ်က လူချင်းတွေ့လျှင် ပညာတတ်ချင်းတွေ့လျှင် ...ိုလိုပဲမှတ်ကြသည်။ မတတ်မှု၊ ဝါသနာမပါမှုတွေအတွက် နားက ...လာစရာကောင်းသည်။

စိုက ကျွန်တော့်အား သူမ၏ရည်းစားပြောတော့ မော်လီက ...ျွန်တော့်ကိုကြည့်ပြီး နုတ်သားလေးဟုပြောသည်။

www.burmeseclassic.com

ပြီးတော့ ရယ်သည်။

စိုက ကျွန်တော်နှင့် မော်လီကို မိတ်ဆက်မပေးပါ။

အကြောင်းတော့ရှိသည်။ လမ်းပေါ်ရှိ ကားနားရောက်ခါနီးမှ…

"မော်လီက လက်သွက်ခြေသွက်ရှိတယ်။ ကလပ်(စ်)မိတ် မဟုတ်ပေမယ့် စိုက အိုင်အက်စီ၊ သူက အိုင်အေပတ်(သ်)ဘီမှာ ဒါရှေပေမယ့် သိကျွမ်းပြီးကွန်ပေါင်းထဲမှာပဲ ခင်မင်သွားကြတယ်။ သူက ဆိုရှယ်သိပ်ကျတာ ကိုကိုရဲ့"

❑ ❑ ❑ ❑ ❑



## ဇာတ်လမ်းခွဲ (၃)

မော်လီဘယ်လိုအတန်းအစားဆိုတာ စိုကိုမပြောခဲ့ပါ။ လူကြီးလူကောင်းတို့မည်သည် နှုတ်ထိန်းရမည်မဟုတ်ပါလား။ ဘာပဲဖြစ်ဖြစ် မော်လီနှင့်ကျွန်တော် တွေ့ဆုံဖို့လမ်းစတော့ဖြစ်လာပြီဟုဆိုချင်ပါသည်။

လီဒိုကလပ်သို့ ကျွန်တော်မသွားတော့ပါ။

မနက်စာထမင်းကို ဆူးလေဘုရားလမ်းနှင့် ဖရေဇာလမ်းထောင့်ရှိ ကြံ့ဟွာယော်တယ်မှာပဲ တရုတ်ထမင်းဟင်းနှင့် ပြီးစီးလိုက်ပါသည်။

ဦးရွှေမော်ကို ကျွန်တော်သွားတွေ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေမော်မှာ အစည်းအဝေးတစ်ခုသို့ သွားနေသဖြင့် မတွေ့ရပါ။ လေးဆယ့်ငါးလမ်းရုံးသို့ပဲ ပြန်လာသည်။

သည်အထဲ ကုမ္ပဏီသို့ ဖုန်းဆက်၍ စိုးအားကုမ္ပဏီ၏ အခြေအနေမေးရသည်။

စိုကပဲ ဖြေသည်။

မနက်က သူမရောက်ပြီး ပေါင်ကောင်မှ ကျောက်စိမ်းမှာကြောင်း၊ မြင်သစ်လင်မယားလာပြီး ပတ္တမြားတစ်တွဲဝယ်ယူကြောင်း၊ မြန်မာရုပ်ရှင်မင်းသမီးတစ်ဦးက ပတ္တမြားနှင့်နီလာလက်စွပ်နှစ်ကွင်း အခြားအမျိုးသားတစ်ဦးက ကျောက်စိမ်းလက်ကောက်နှစ်ရံကို ဝယ်ယူသွားကြောင်း ပြောသည်။

နေ့တစ်ဝက်အကျိုးတွင် ဒါလောက်ရောင်းရသည်ဆိုလျှင် ရောင်းအားမဆိုးပါ။

အလုပ်ချိန်က ရုံးမှာပြီးစီးသွားသည်။

ညနေလေးနာရီ ရုံးဆင်းချိန်တွင် ကျွန်တော်တို့ရုံးက သွေ့ခြောက်လှသည်။ ရုံးနှင့်မနီးမဝေးမှာ သမာဓိသတင်းစာရှိသည်။ ထိုရှေ့တွင်တော့ ကုလားများရောင်းသော ထမင်းဆိုင်နှင့်လူနေအိမ်တွေရှိနေ၏။

ထိုတစ်ဘက်ကားလမ်း၏ မြောက်ဘက်တွင်မူ အတွင်းဝန်ရုံး



မှာအမှုထမ်းနေကြသော ဝန်ထမ်းတို့၏ ကွာတာအိမ်ဖြူဖြူတွေရှိသည်။

ကျွန်တော်က အိမ်သို့မပြန်သေးဘဲ ကြည့်မြင်တိုင်ဘက်ကို ကားဦးခေါင်းလှည့်လိုက်သည်။

ကြည့်မြင်တိုင် နတ်စင်လမ်းတွင် ကျွန်တော်နှင့်သိသော ကိုကြွက်နီရှိ၏။

ကိုကြွက်နီက ရုပ်ကွက်လူမိုက်။

ကိုကြွက်နီသည် အရုပ်ဆိုးဆိုး၊ အသားမည်းမည်း၊ ခန္ဓာကိုယ်ထွားကြိုင်းသော လူမိုက်တစ်ဦးဟု မထင်လိုက်ပါနှင့်။

ဒါတွေနှင့်အားလုံး ဆန့်ကျင်ဘက်ဖြစ်သည်။

အသားဖြူသည်။ ခန္ဓာကိုယ်ကန့်ပြီး အရပ်ရှည်သည်။ မျက်နှာမှာ သနားကမားရုပ်ရည်ရှိသည်။

တစ်ချိန်က ဇာတ်သဘင်တစ်ခုတွင် ပြဇာတ်မင်းသားနှင့် နောက်ထွက်မင်းသားလုပ်ဖူးသည်။

ဇာတ်ခေါင်းက ဇာတ်ကျရာတွင် ဇာတ်သမားတွေအပေါ် ဗိုလ်ကျလွန်း၊ ခေါင်းပုံဖြတ်လွန်းသောကြောင့် အားလုံးအတွက်သူက မခံမရပ်နိုင်ဖြစ်ပြီး ဇာတ်ခေါင်းကို ခေါင်းရိုက်ခွဲခဲ့ဖူးသည်။

အဲဒါကြောင့် ထောင်တစ်နှစ်ကျသွားသည်။

ထောင်သက်တန်းစေ့၍ ပြန်ထွက်လာတော့ ကိုကြွက်နီမှာ

www.burmeseclassic.com

www.burmeseclassic.com



ရိုက်စားလုပ်တော့သည်။ ရိုက်စားဆိုတာ ယခုခေတ်ရိုက်စားထက် ကြမ်းသည်။

မလိုသူတစ်ယောက်ကို ကျွန်တစ်ယောက်က မလိုဘူးဆိုလျှင် ကိုကြွက်နီကိုငှါးသည်။ ကိုကြွက်နီက အခကြေးငွေယူပြီး ရိုက်ပေး၏။

သည်လိုပဲရိုက်ပြီး စားသောက်သဖြင့် သူ့ကို ရိုက်စားကြွက်နီ လို့ခေါ်သည်။ ကြွက်နီဆိုတာက သူ့နာမည်ရင်း…။

ဓာတ်သဘင်မှာတုန်းက ရောင်တော်ပြန်သန်းစိန်ဟု ခေါ်၏။ ဓါးက၊ ကလပ်က၊ ကျွမ်းကတွေကောင်းသည်ဟု ကျွန်တော်ကြားဖူးသည်။ သူ့ကိုထောင်မှထွက်လာစက ကျွန်တော်နှင့်သိကျွမ်းပြီး သူ၏နေထိုင်စားသောက်ရေးကို ကူညီခဲ့ဖူးသည်။

အဲသည်မှ သူနှင့်ရင်းနှီးခင်မင်ကာ ကျွန်တော်ဘာကောင်ဆိုတာလည်း သူသိသည်။ ကျွန်တော့်အမှုတွင် နှစ်ခါသုံးခါ ကူညီခဲ့ဖူးသည်။ သူက လူမိုက်လည်းလုပ်သည်။

စီးပွားရေးသမားလည်း လုပ်သည်။ နတ်စင်လမ်းတွင် ရောင်တော်ပြန်ကဖီးဆိုင်ကို ဖွင့်ထားသလို ကြည့်မြင်တိုင်နှင့် ပုဇွန်တောင်ပြေးသော ဘတ်စ်ကားလိုင်းတွင်လည်း အစုရှယ်ယာဝင်ထားသည်။

သူ့ရပ်ကွက်တွင် ကိုကြွက်နီအမည်သုံးလိုက်ရုံနှင့် မီးသေသည်။ သူက သူ့သက်တမ်းရှည်ဖို့နှင့် သူ့ဘဝရူပါဖြစ်ဖို့ နိုင်ငံရေးသမားကြီးအချို့ကိုလည်း ကိုးကွယ်ပြီး ထိုနိုင်ငံရေးသမားကြီးအချို့၏ လက်သုံးတော်ခံလည်းလုပ်သည်။

ဒါပေမယ့်‥သူ့လူမိုက်ဓာတ်က တစ်မျိုး…။

မတရားတာကို မကြိုက်။

သူလည်း မတရားမလုပ်…။

အမျိုး၊ ဘာသာ၊ သာနာကို မထိပါးနှင့်။

ဒါဆို သူကရှေ့ဆုံးမှ ဓါးဆွဲထွက်သည့်လူ။ ကျွန်တော် သူနှင့်တွေ့တော့ ရောင်တော်ပြန်ကဖီးမှာ သူကကောင်တာတွင်ထိုင်ပြီး ငွေသိမ်းနေချေသည်။

"ဟာ…ဆရာသမားပါလား၊ မလာတာကြာပြီ၊ လာပါဆရာရယ်…ထိုင်ပါ…ထိုင်ပါ"

ကဖီးဆိုင်ထဲတွင် လူပြည့်နေသည်။ ကိုကြွက်နီကပင် ပြာပြာသလဲ ခရီးဦးကြိုပြုသည်။

လက်ဖက်ရည်ဆိုင်ဆိုတာ နံနက်ခင်းနှင့် ညနေ၊ ညတွင်လူများတတ်စမြဲ။

ကိုကြွက်နီဆိုင်မှာ သုံးနာရီခွဲကျော်ကျော်ပင်ရှိသေး၏။ ချောင်တစ်ခောင်းထိုးထားသော ကိုကြွက်နီသည် မိရိုးဖလာဖြစ်သော သူ့ချောင်ကို အမြဲဆီလိမ်းပြီး "သ"နေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူကြည့်လျှင် ဓာတ်မင်းသားဟန်ရှိ၍ သန့်သန့်ရှင်းရှင်းပဲဖြ
သည်။

ဆေးလိပ်၊ အရက်မသောက်။

ကွမ်းတော့ အမြဲမပြတ်စားတတ်၏။ ယခုလည်း ကွမ်းတ
ဝါးနှင့်ပဲ၊ သူစားပွဲတစ်ခုက သူကောင်တာနားတွင်ရှိသည်။

ဘယ်လောက်ပဲ လူပြည့်နေပါစေ ထိုစားပွဲတွင် သူထိုင်ခွင့်
သူမှအပ မည်သူကမှ ထိုင်ခွင့်မရှိ။

ကျွန်တော် ယခုထိုစားပွဲတွင်ထိုင်ရ၏။ သူက သူ့မိန်းမ မ
ကိုခေါ်လိုက်၏။ သူ့မိန်းမက သူနှင့်ဆန့်ကျင်ဘက်။

အသားမည်းမည်း၊ ဝဝ၊ ဗိုက်ရွှဲရွှဲ၊ နဖူးပြောင်ပြောင်နှင့် တော
သူရုပ်၊ သူနှင့် သူမက ရုပ်ရည်ချင်းမလိုက်ဖက်သော်လည်း စိတ်
စိတ်ထားမှာမူ တူညီသည်။

သူများကို ကူညီချင်သည်။ ရိုက်ရဲ၊ နှက်ရဲ၊ သတ်ရဲသည်
ကိုယ့်ရပ်ကိုယ့်ရွာကို စောင့်ရှောက်ချင်သည်။

ကျွန်တော်နှင့် ကိုကြွက်နီက အသက်သုံးဆယ်ကျော်စ ရွယ်
သက်တူ၊ ကိုကြွက်နီမှာ ဇက်ထဲမလိုက်မီ ငါးတန်း၊ ခြောက်တန်းအ
စာသင်ဖူးသည်။ ဒါကြောင့် စာမတတ်သောလူမိုက်နှင့်စာလျှင် သူ
နာတစ်ဖျားသာသည်ဟု ဆိုရမှာပေါ့။



ကောင်တာတွင် သူ့မိန်းမကို ထိုင်ခိုင်းသည်။ ကျွန်တော်နှင့်
သူလာထိုင်သည်။ မသောက်ချင်ပါဘူးလို့ပြောသည့်ကြားမှာ တစ်ဘက်
တမ်းရွာမှလာသော နွားနို့ကောင်းလှချည့်ဆိုပြီး နွားနို့တစ်ဖန်ခွက်မှာ
၏။

"အလည်သက်သက်ပဲလား ဆရာသမား..."

"အလည်လည်းပါတယ်၊ သိချင်တာလည်းပါတယ်"

"ဆိုပါဦး..."

"ဒါထက်၊ လာမယ့်ရွေးကောက်ပွဲမှာ ခင်ဗျားသူကြီးဝင်ရွေး
ခလို့ဆို..."

"ဆရာသမားကို ဘယ်သူပြောလဲ"

"ဒီလိုပဲ ကြားတာပဲလေ"

"ကျွန်တော့်အာစရိက ပါလီမန်အမတ်လုပ်နေတော့ အာစရိက
နောက်ရွေးကောက်ပွဲသူပါမယ်၊ တကယ်လို့ သူတို့အဖွဲ့နိုင်ရင် ကျွန်
တော်လည်း ဒီမှာသူကြီးလုပ်လို့ပြောတယ်၊ နိုင်ငံရေးတော့ ကျွန်တော်
နားမလည်ပါဘူးဆရာသမားရယ်...၊ ကျွန်တော် သူကြီးဖြစ်ရင်
အဟီး..ဆရာသမားလည်းသိတဲ့အတိုင်း ကျွန်တော့်လောင်းကစားဝိုင်း၊
ဘိုလုပ်ငန်းကိုပိ ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်မယ်၊ ကျွန်တော်လည်း
ပြီးလူရာဝင်မယ်ပေါ့ ဆရာသမားရယ်..."

www.burmeseclassic.com

www.burmeseclassic.com



သူပြောသည့်စကားထဲတွင် ဟိုလုပ်ငန်းဆိုတာ မူးယစ်ဆေးဝါး လုပ်ငန်းမဟုတ်ပါ။ အဘိုးကြီးတွေ၊ ကာလသားလူငယ်လူရွယ်တွေ ကြိုက်နှစ်သက်ကြသည့် 'ခိမ်'လုပ်ငန်းဖြစ်သည်။

"ကြည့်လည်းလုပ်နော်…အလုပ်မတော်လို့ သတင်းစာဆရာ တွေဝိုင်းနှိပ်ကွပ်မှာဖြင့် ခင်ဗျားဆိုင်ပစ်ပြေးရလိမ့်မယ်ကိုကြွက်နီ"

"အပြီး‥ကျွန်တော့်စိတ်ကူးလေးပြောတာပါ‥ထားပါ တော့ ဆရာသမားကိစ္စကဘာလဲ"

ကျွန်တော်၏ ပိုက်ဆံသားရေအိတ်ထဲမှ ဝီလီကောင်း၏ ဓါတ်ပုံ ကိုထုတ်လိုက်၏။ ဗိုင်တွဲထဲမှ ဓါတ်ပုံကိုကျွန်တော်ကူးယူထားခဲ့ခြင်း ဖြစ်၏။

"အဲဒီလူ ခင်ဗျားရပ်ကွက်ထဲမှာ ရောက်နေသလား…"

သူက ဓါတ်ပုံကို ယူကြည့်သည်။

"သူက နိုင်ငံခြားသားပဲ ဆရာသမားရဲ့၊ သူဘယ်သူလဲ"

"နိုင်ငံတစ်ခုက ကြေးစားလူသတ်သမားတစ်ယောက်ပါ၊ ဒီနိုင် ငံထဲ ခိုးဝင်လာပြီး ရန်ကုန်အနောက်ပိုင်းမှာ လူသတ်မှုတစ်ခုကိုလုပ် လိုက်တယ်၊ ဒီလူဟာ ပြည်ပကသူသျှိုအဖွဲ့တစ်ခုနှင့် ဆက်နွယ်နေတဲ့ နိုင်ငံရေးလူသတ်သမားတစ်ဦးပဲ၊ ဒါကြောင့်ရဲအဖွဲ့က အရေးယူပြီး နိုင်ငံရေးနှင့် ဆက်စပ်နေလို့ ကျွန်တော့်ကိုကိုင်ခိုင်းတာ ကိုကြွက်နီ…"

"ကျွန်တော့်အပိုင်မှာတော့ သူရောက်တာမသိဘူး၊ တစ်ခြား အပိုင်က သူကြီးနဲ့ ကျွန်တော့်အပိုင်ကကော၊ တစ်ခြားအပိုင်ကလူတွေ ကော ကျွန်တော်မေးကြည့်မယ်"

"အေးဗျာ…လုပ်စမ်းပါဦး…"

"ဆရာသမား ဘယ်တော့လောက်သိချင်လဲ"

"မြန်လေ ကောင်းလေပဲ"

ကိုကြွက်နီက သူ့ရွှေလက်ပတ်နာရီကြီးကို ခပ်ကြွားကြွားကြည့် လိုက်၍…

"အခု လေးနာရီထိုးတော့မယ်ဆိုတော့ ကျွန်တော့်ကိုစုံစမ်းချိန် ငါးနာရီပေး…ညကိုးနာရီမှာ ကျွန်တော် ဆရာသမားဆီဖုန်းဆက်လိုက် မယ်"

"ဆယ်နာရီလောက်ဆက်ဗျာ၊ အဲဒီအချိန်မှ ကျွန်တော်ရှိမယ်"

သူ ခေါင်းညိတ်လိုက်သည်။

ကျွန်တော် သူ့ဆီမှပြန်သည်။ ကားမောင်းစဉ်ပင် ငြီးစီစီဖြစ် နေသဖြင့် အိမ်ပြန်ရေမိုးချိုးကာ အဝတ်အစားလဲမှ ဖြစ်တော့မည်ကို ကျွန်တော်တွေးမိ၏။

နာရီက ငါးနာရီထိုးနေပြီ။

ကျွန်တော် အိမ်သို့ပြန်လာ၏။ ဝင်းတံခါးကို အီလက်ထရွန်း စ်နှင့် ဖွင့်လိုက်သည်။ အိမ်တံခါးကိုလည်း ဖွင့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခန်းထဲ ကျွန်တော်ဝင်လိုက်သည်၊ ထူးဆန်းသောခံစားမှုကို စတင်ခံစားရသည်။

တစ်အိမ်လုံးမှာတော့ ခြောက်နေပြီး ကျွန်တော့်စိတ်ထဲတွင် တစ်ခါမှ မဖြစ်ပေါ်ဖူးသော ခြောက်ခြားမှုကို ခံစားရသလို ဖြစ်မိ၏။ အိမ်ပြတင်းတံခါးတွေကို ကျွန်တော်ဖွင့်ပစ်သည်။

ပြတင်းတံခါးတစ်ခုကိုဖွင့်ရန်အသွား စန္ဒယားခုံပေါ်ကြည့်မိ၏။ စိတ်ထဲတစ်မျိုးဖြစ်သွားသည်။

စန္ဒယားခုံပေါ်တွင် ရှိခဲ့သောမှန်ချပ်၏ မျက်နှာပြင်တွင် ဖြူဖြူ အငွေ့တွေဖုံးနေသည်။

ပထမတော့ ဖုံတွေလို့ထင်မိ၏။

အသေအချာကြည့်ပါမှ မှန်ချပ်မျက်နှာပြင်ထဲတွင် နှင်းငွေ့တွေလို အငွေ့တွေတက်နေတာမြင်ရ၏။

ကျွန်တော့်စိတ်ထဲ အထူးအဆန်းဖြစ်သွားသည်။ ကျွန်တော်က မှန်ကို ကောက်ယူကြည့်လိုက်၏။

ဆောင်းတွင်းမို့ သက်တမ်းကတစ်နေ့တာအတွက် ကုန်လုဆဲဆဲဖြစ်သော်လည်း အလင်းရောင် ကောင်းကောင်းပေးနိုင်ပါသည်။

ထိုအလင်းရောင်ထဲတွင် နှင်းငွေ့တို့က ကျွန်တော် မှန်ကို ယူကြည့်ကာမှ တစ်စတစ်စပါးပြီး ပျောက်လွင့်သွားသည်။



ယင်းမှ မှန်သားပြင်က တစ်စတစ်စကြည်လင်လာသည်။ မှန်ထဲတွင် ပထမကျွန်တော့်မျက်နှာကိုမြင်ရသေးလည်း ကျွန်တော့်မျက်နှာမှာ ပျောက်ကွယ်သွားသည်။

"ဟာ..."

ကျွန်တော် အသံထွက်မိသွား၏။

ကိုင်ထားသောမှန်ကိုပင် လွှတ်ကျမတတ်ဖြစ်သွား၏။

မှန်ထဲတွင်မြင်ရတာ ကျွန်တော့်ရုပ်မဟုတ်၊ တစ်ခြားလူတစ်ဦး၏ မျက်နှာ။

အင်မတန်လှပသော မိန်းကလေးတစ်ယောက်၏ မျက်နှာလေးပါ၊ ကျွန်တော်မွေးကတည်းမှ ယနေ့အထိ ဤမျှလှပသော မိန်းကလေး မျိုးမတွေ့ဖူးပါ။

စိုသည်ပင် ကမ္ဘာပေါ်မှာ အလှဆုံးဟု ကျွန်တော့်ရင်ထဲပုံဆွဲထားခဲ့ရာ မှန်ထဲမှမျက်နှာရှင်လေးမှာ စိုထက်အပုံကြီး လှပပါသည်။

သူမက လည်ပင်းမှ ခေါင်းအထိသာပေါ်၍ ကျွန်တော့်ကို မှန်ထဲမှ ပြုံးကြည့်နေသည်။ သူမသည် ကျွန်တော်တို့၏ မြန်မာအမျိုးသမီးနှင့်မတူပါ။

ဆံပင်တွေကို ပခုံးအောက်အထိ ပါးလျားချ၍ နက်မှောင်သော ဆံပင်ဖျားအောက်ရှိ မျက်နှာကလေးမှာ ဘယ်သူနှင့်မှ တူနိုင်းစရာမရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ မျက်ခုံး၊ မျက်ဝန်း၊ နှာတံ၊ နှုတ်ခမ်း၊ နဖူး၊ မျက်နှာကျမှစ၍ ပြောပြစရာမလောက် ဆွဲဆောင်မှုအပြည့်ပင်။

ကျွန်တော် မျက်တောင်ခတ်လိုက်မိ၏။ မြင်လိုက်ရတာ ရိပ်ခနဲ တစ်ခဏပဲ၊ ကျွန်တော် တုန်လှုပ်သွားသည်။ ပြန်မြင်လိုက်ရတာက ကျွန်တော့်မျက်နှာ၊ ဘယ်လိုလဲ။

ထူးဆန်းလှချည်လား…

ကျွန်တော်ပဲ ကယောင်ခြောက်ချား ထိုမျက်နှာကလေးကို မြင်လိုက်ရလေသလား၊ ဒါပေမယ့် ဖျတ်ခနဲတွေ့ ဆွဲဆောင်သည့်မျက်နှာလေးကို ကျွန်တော်တစ်သက်မမေ့နိုင်အောင် ကျွန်တော်စွဲမိသွားပြီပေါ့။

မှန်ကလေးကို ကိုင်လျှက်မှ အိပ်ခန်းထဲ ကျွန်တော်ဝင်သွားသည်။ အဝတ်အစားတောင်မလဲနိုင်သေးဘဲ ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်၊ ခြေထောက်တွဲလောင်းချလျှက် မှန်ကလေးကို ကိုင်ကြည့်နေမိ၏။

ထူးခြားချက်က ဘယ်လိုမှမပေါ်လာ။

သက်ပြင်းချလိုက်သည်။ ကျွန်တော့်စိတ်တွေ ဖောက်လွဲဖောက်ပြန်ဖြစ်ကုန်ပြီထင်သည်။ ကျွန်တော် ထမ်းရွက်ခဲ့ရသည့် တာဝန်တွေ၊ သေဘေးကိုရင်ဆိုင်ခဲ့ရများတာတွေ၊ ရန်သူနှင့်တွေ့ကာ ကျွန်တော်ညီသည့်အခါ၊ အနှိပ်အစက်ခံခဲ့ရတာတွေ၊ အဲဒါတွေက ကျွန်တော့်စိတ်နှင့်နှလုံး၊ ဦးနှောက်ကို စုကိုင်လာပြီထင်ပါရဲ့…။



ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်ခန္ဓာကိုယ်နှင့်စိတ်ကို ဆရာဝန်နှင့်မစစ်ဆေး မပြသခဲ့သည်မှာ သုံးလေးလရှိပြီပဲ။

သွားပြရဦးမည်…။

ခုတင်ဘေးတွင် တယ်လီဖုန်းတင်သော စင်ရှိသည်။ ထိုစင်ပေါ်တွင် မှန်ကလေးကို တင်ထားလိုက်၏။

ဝီလီကောင်းနောက်လိုက်ဖို့ မော်လီနှင့်တွေ့ရန် လီဒိုသို့ပြန်သွားရဦးမည်။

အဝတ်အစားတွေ လဲလှယ်လိုက်သည်။

တယ်လီဖုန်း လှခေါ်ခေါင်းလောင်းက အိပ်ခန်းထဲလွင့်လာ၏။ ကျွန်တော်သွားရောက်ကောက်ယူနားထောင်လိုက်၏။ တစ်ဘက်မှအသံမပြု။

ကျွန်တော်ခေါ်သည်။

လုံး၀ လှုသံမကြားရ။

လိုင်းတစ်ခုလုံး တိတ်ဆိတ်နေသည်။ မကျေနပ်သဖြင့် အော်ပရေတာကို ကျွန်တော်ခေါ်လိုက်လေသည်။ အော်ပရေတာအား ကျွန်တော့်ဖုန်းနံပါတ်ကို ပြောပြီးဘယ်သူခေါ်ခဲ့သလဲဟုမေးသည်။

အော်ပရေတာမှာ အမျိုးသမီးဖြစ်နေသည်။

"လူကြီးမင်းဖုန်းလိုင်းက ဒက်ကွန်တက် (DEADCONTACT) ဖြစ်နေပါတယ်၊ NOCALL NOSPEAK ပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



ချိုအေးသောအသံကလေးနှင့် ပြောသွားသည်။ ကျွန်တော်မျက်မှောင်တစ်ချက် ကုတ်လိုက်မိသည်။

ဖုန်းနှင့်ဖုန်းကြိုးတွေကိုစစ်သည်။ အကောင်းပဲ။

ထိုစဉ် လူခေါ်ခေါင်းလောင်းတီးသံ မြည်လာ၏၊ တစ်ယောက်ယောက်သည် ကျွန်တော်တံခါးပေါက်ဝသို့ ရောက်နေပေပြီ။

ကျွန်တော်က ပယ်ရီစကုပ်ကိုဆွဲကာ လှည့်ရှေ့၍ကြည့်သည်။ အိမ်တံခါးပေါက်ဝတွင် ဘယ်သူ့ကိုမျှ မမြင်ပါ။

ကျွန်တော်ခေါင်းကိုယမ်းသည်။ စပို့ရှပ်လက်ရှည်၊ ဘောင်းဘီတိုကလေးဝတ်ထားပြီး၊ သားရေညှပ်ဖိနပ်ကိုစီးထားသော ကျွန်တော်ကပဲ ခြေထောက်တွေကို ထမင်းစားခန်းဘက်သို့ ဦးတည်လိုက်သည်။

ထမင်းစားခန်းထဲတွင် ရေခဲသေတ္တာရှိသည်။ အဲသည်အထဲမှာ ကျွန်တော်ကြိုက်သော ပိုက်လေဘယ်အရက်ပုလင်းရှိသည်။ ဆော်ဒါရော ရေခဲပါရှိသည်။

ထမင်းစားခန်းထဲအဝင်တွင် ကျွန်တော့်မြင်ကွင်းက ကျွန်တော့်နှလုံးသားကို တုန်လှုပ်သွားစေသည်။

ထမင်းစားပွဲပေါ်တွင် သံစကာအုပ်ဆောင်းရှိသည်။ မနက်က ထမင်းစားပွဲကို ရှင်းလင်းထားခဲ့ပြီးဖြစ်၏။

သံစကာအုပ်ဆောင်း ဘယ်လိုလုပ်ဒီကိုရောက်နေသလဲ။



ထို့ပြင် မွှေးကြိုင်သော မဆလာအနံ့ကိုရနေ၏။ တုန်ယင်သည့်လက်တစ်ဘက်နှင့် သံစကာကို ဆွဲဖယ်လိုက်၏။

ပိုပြီး တုန်လှုပ်သွားမိ၏။

အဲသည်မှာ ဒန်ပေါက်ထမင်းထည့်ထားသော ကြွေအုပ်ကြီးတစ်ခု၊ ပြီးတော့ ဆိတ်ကလီစာ ဟင်းတစ်ပွဲ။

ကျွန်တော်အလန့်ကြီး လန့်သွားပါသည်။

မနက်က ဒါတွေမရှိ။

ဘယ်သူလာထားသွားသလဲ၊

ကျွန်တော် ကိုယ့်ခေါင်းကို ကိုယ်ရိုက်မိ၏။ ကျိန်းစပ်သွားသည်၊ အိမ်မက်မဟုတ်နိုင်ပါ။

ထမင်းအုပ်ဆောင်းကို ပြန်အုပ်ထားသည်။ ပတ်ဝန်းကျင်ကို လှည့်ကြည့်၏။ တစ်အိမ်လုံးလည်း တိတ်ဆိတ်နေသည်။

ကျွန်တော့်တစ်သက် ဒါတွေမဖြစ်ဖူးပါ။

ကျွန်တော်၏စိတ်ကို ကျွန်တော်တည်ငြိမ်အောင် ပြန်လည်ကြိုးစားလိုက်သည်။ ကြောက်၍စိတ်တုန်လှုပ်ခြင်းမျိုးမဟုတ်။

အံ့ဩမိသဖြင့် စိတ်တုန်လှုပ်ခြင်းသာ။

ကျွန်တော်က ရေခဲသေတ္တာကိုဖွင့်လိုက်၏။ ရေခဲသေတ္တာထဲတွင် အဆင်သင့်ဝယ်ထည့်ထားသော ကြက်တစ်ကောင်၊ ကြက်ဥ၊ ပန်းသီး၊ လိမ္မော်သီးတွေကတော့ သည်အတိုင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဝှိုက်လေဘယ်ကိုထုတ်သည်။ တမ်ဗလာ(Tumbler)ခေါ် ဖန်ခွက်ပုလေးထဲ ကပြာကသီထည့်ကာ ဆော်ဒါတောင်မရောဘဲ သောက်ချလိုက်သည်။

ကျွန်တော် ဧည့်ခန်းသို့ ပြန်လာ၏။

သည်စဥ် နားထဲမှ ခစ်ခနဲရယ်သံကို ကြားလိုက်ရ၏။

"ဒါဘာလဲဟေ့…ငါ့ကိုခြောက်လှန့်နေတာလား၊ ငါမကြောက်ဘူးဟေ့…ရယ်ပြမနေနှင့်…"

ကျွန်တော်အော်ပြောမိ၏။ ပြီးတော့ကိုယ့်ကိုကိုယ် ရှက်သွားမိ၏။ ငါရူးနေပါကလားလို့ ကိုယ့်ကိုကိုယ်အပြစ်တင်မိ၏။

မှန်ထဲမှာမြင်ခဲ့သော ရုပါရုံမြင်ကတည်းက ရင်ထဲမှာစွဲနေပြီမို့ ကိုယ့်အိပ်ခန်းထဲ ကိုယ်ပြန်ဝင်လိုက်သည်။

မှန်ကလေးကို ကြည့်မိ၏။ မှန်ထဲတွင် ကျွန်တော့်ရုပ်ကိုပဲမြင်ရသည်။ မျက်နှာသွယ်သွယ်၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ မည်းနက်ထူထဲသော မျက်ခုံး၊ နှာတံချွန်ချွန်လှလှနှင့် ဘယ်ဘက်နှုတ်ခမ်းအထက်မှာ မှည့်နက်ကလေးရှိနေသော ကျွန်တော့်မျက်နှာ။

အတန်ကြာသည်အထိ ကျွန်တော်ကြည့်နေသော်လည်း မှန်ထဲတွင် မထူးခြားပါ။

ကျွန်တော်ဆိုတဲ့ ငနဲသားတော့ ရူးပါပြီ။ ကျွန်တော့်ကိုယ်ကျွန်



တော် (Halucination)ဖြစ်နေပြီဟုထင်သည်။ ဟယ်လူစီးနေးရှင်းဆိုသည့် စိတ်ရောဂါတစ်မျိုးပေါ့။

ဦးနှောက်ကြောင်လို့ စိတ်ထဲမှာ မရှိတာကို ရှိတာဟု အာရုံများထင်သည့် စိတ်ရောဂါဖြစ်သည်ဟု စိတ်အထူးကုဆရာဝန်တစ်ယောက်က ကျွန်တော့်ကိုပြောခဲ့ဖူးသည်။

ကျွန်တော့်စိတ်ကို ကျွန်တော်တည်ငြိမ်ဖို့ စန္ဒရားရှိရာသို့ သွားကာ သီချင်းတစ်ပုဒ်ကိုတီးခတ်သည်။

အင်္ဂလိပ်သီချင်းတစ်ပုဒ်။ တီးခတ်ရုံမက ဆိုလည်းဆိုမိ၏။

ပြီးတော့ ကျွန်တော်ကြိုက်သော ဦးဘညွန့်၏ချစ်ဒုက္ခသီချင်းကို ဆွဲဆွဲငင်ငင်အသံနေအသံထားနှင့်ဆိုသည်။

အဲသည်မှာ ကျွန်တော့်နှာခေါင်းထဲ ထူးဆန်းသောအမွှေးနံ့ရ၏။ မှန်မှထွက်ပေါ်လာသော အမွှေးနံ့မျိုး။

ချက်ချင်း တုံးတိတိကြီး ပြန်ပျောက်သွားသည်။

ကျွန်တော် သက်ပြင်းချလိုက်၏။ စန္ဒယားအဖုံးကို ပြန်မအုပ်မိဘဲ ထလိုက်မိသည်။

တစ်ခုခုတော့ ကျွန်တော်ဖြစ်နေပြီလား…။

ကျွန်တော့်ခေါင်းထဲ အရက်ရှိန်ကြောင့် ရိုတီကျီဖြစ်တာကလွဲလို့ ဘာမှ ခံစားမှုမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်၏ ပွိုင့်သရီးအိတ်၊ လူကြပ်စွတ်နှင့် စမစ်အင်ဝက်ဆင် ခြောက်လုံးပြူးပြောင်းတိုကလေးကို ခေါင်းအုံးအောက်မှထုတ်ယူလိုက်သည်။

ဂျာမန်လုပ်ပွိုင့်သရီး အိတ်လူကြပ်စွတ်မှာ အထက်မှထုတ်ပေးသော သေနတ်ဖြစ်၍ လိုင်စင်အရ ရန်ကုန်ရောနယ်ပါ ကိုင်နိုင်သည်။ စမင်အင်ဝက်ဆင်ခြောက်လုံးပြူးမှာ ကျွန်တော်ပိုင်ဖြစ်ပြီး ရန်ကုန်လိုင်စင်ပဲဖြစ်၏။

ကျွန်တော်က သေနတ်နှစ်လက်စလုံးကို ကျွမ်းကျင်စွာ ကိုင်နိုင်၊ ပစ်နိုင်ရုံမက ပစ်ကွင်းကိုထိရောက်မှန်ကန်စွာ ပစ်နိုင်အောင်လေ့ကျင့်ထားခဲ့သည်။

သေနတ်နှစ်လက်စလုံး၏ အစိတ်အပိုင်းကို ဆီထိုးခြင်း၊ ပွတ်တိုက်ခြင်းများပြုလုပ်သည်။ အစိတ်အပိုင်းတွေကို နေသားတကျပြန်တပ်ဆင်သည်။

သေနတ်ဆိုတာ သေနတ်သမားအတွက် ကိုယ်နှင့်မကွာသလို သေနတ်ကိုလည်း ဂရုစိုက်ရသည်။ ဆေးကြောသုတ်သင်သန့်ရှင်းအောင် ပြုရသည်။

ဒါမှ ရန်သူနှင့်တွေ့လျှင် အလွယ်တကူပစ်လို့ရသည်။ သေနတ်ဂျမ်းဖြစ်သွားသည်ဆိုတာ သေနတ်ကို ဂရုမစိုက်ပစ်ထားသောကြောင့်သာဖြစ်သည်။



လက်နက်အစိတ်အပိုင်းတွေ တိုက်ချွတ်လိုက်တော့ စိတ်ကအအာရုံထဲရောက်တာ တည်ငြိမ်သွား၏။

ဘယ်သူပြင်ဆင်ထားမှန်းမသိသောထမင်းနှင့်ဟင်းကို ကျွန်တော်စားသောက်လိုက်၏။ ဖွန်း၊ ခက်ရင်းတစ်စုံနှင့် အသားလှီးဓါးကလည်း အဆင်သင့်ပဲ။

"ခုလို အလိုက်တသိဖြင့် ပြင်ဆင်ကျွေးမွေးတာ ကျေးဇူးပါပဲကွာ၊ ဘယ်သူဆိုတာမသိပေမယ့် တို့ကတော့ကျေးဇူးတင်တယ်"

ဒါပဲ ကျွန်တော်ပြောသည်။

အဝတ်အစားလဲလိုက်သည်။ အပြင်ကို ထွက်ရှာမည် မဟုတ်လား။

□ □ □ □ □

www.burmeseclassic.com

www.burmeseclassic.com





## ဇာတ်လမ်းခွဲ (၄)

ကျွန်တော် မော်လို့နားမှာရှိသည်။

မော်လို့ဆီမရောက်မီ မော်လီသီချင်းဆိုတာ သွားနားထောင်မိသည်။

မော်လီ၏အကကို ကြည့်မိ၏။

"မော်လီ…မော်လီ"ဟု မော်လီကအပြီးမှာ လူတွေဟာစ်ကြွေးသံကြားရသည်။

ကလပ်ဟောထဲမှာ မော်လီကိုလူတွေက တောင့်တကြသော်လည်း သူမ၏တာဝန်ပြီးဆုံးသွားသည်နှင့် မော်လီကလူတွေကို ဂရုမစိုက်ဘဲ ခပ်တည်တည်ထွက်သွားသည်။

မကြာမီ စားပွဲထိုးတွေရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးစီးကြသူတွေ၏ စားပွဲကုလားထိုင်တွေကို ရွှေကြသည်။

ယော(လ်)ခန်းမထဲတွင် ဘော(လ်)ဒန့်(ချ်)ကချင်သူတွေအတွက် နေရာပြင်ဆင်ပေးခြင်းပါ။

ကျွန်တော်က သည်လို ဘော(လ်)ဒန့်(ချ်)ကပြီဆိုလျှင် စိုနှင့်တွဲကမြဲ...။

စိုမရှိတော့ ကျွန်တော်မကချင်ပါ။

ပါလီမန်ဒီမိုကရေစီခေတ်တွင် အနောက်တိုင်းသွေး၊ နိုင်ငံခြားသားများ၊ ကပြားများအတော်ရှိကြသေးသောကြောင့် အနောက်တိုင်းယဉ်ကျေးမှုက မြန်မာ့ယဉ်ကျေးမှုနှင့် ရောနှောနေသည်။

အနောက်တိုင်း ယဉ်ကျေးမှုကို လူကုံထံအသိုင်းအဝိုင်းက လက်ခံဆဲဖြစ်၏။ ကျွန်တော် ကစားဝိုင်းဘက်ထွက်လာ၏။

မော်လီမကြာမီ ရောက်လာသည်။ လေးကောင်ဂျင်ဝိုင်းတွင် သူမဝင်တော့ သူမအနားမှာ ကျွန်တော်ရှိသည်။

သည်အချိန်အထိ သူမကျွန်တော့်ကိုသတိမပြုမိသေး။

ဖြစ်ချင်တော့ ကြုံရဆုံရသည်။ ဘိုကပြားသွေးပါသည့် ငနဲတစ်ယောက် မော်လီ့နားရောက်လာပြီး မော်လီ့ကို သူနှင့်အပြင်လိုက်ဖို့ခေါ်သည်။



ငနဲသားအရက်မူးနေပုံရသည်။

လူရှေ့မှာ ခုလိုအခေါ်ခံရတော့ မော်လီမှာ သူမသိက္ခာကျခံရသည်ဟုထင်၏။ သူမနှင့် သည်ငနဲအချီအချစကားများကြသည်။ ကြာမီ သူတို့ပြောနေကြသော အင်္ဂလိပ်စကားသံတွေ ဆူညံလာတော့ စားဝိုင်းမှ ကစားသူတွေ ကစားတာရပ်သွားသည်။

သူတို့ဘက် အာရုံစိုက်သည်။

"တိုနီ...ရှင်တော်တော့..ပြန်တော့...ရှင်မူးနေပြီ..."

"မပြန်ဘူး..မင်းပြန်မှပြန်မယ်၊ ငါနဲ့လိုက်ခဲ့..."

"ကျွန်မ ရှင့်မယားမဟုတ်ဘူးတိုနီ၊ ရှင်ခေါ်စရာမလိုဘူး"

"ဘာလဲကွ၊ မင်းက ငါပေးတာတွေယူ၊ ငါကျွေးတာစားပြီးမှ ကိုအာခံစကားပြောတာလား"

"ရှင်လွန်နေပြီ ကျွန်မသိက္ခာကိုမချပါနဲ့..."

"မင်းကိုငါ လိုလားတယ်"

"ရှင် ကျွန်မကိုမထိနဲ့နော်"

"ထိတယ်ကွာ..."

တိုနီဆိုတဲ့ ငနဲကဘယ်သူ့ဂရုစိုက်ရမလဲဟူသော သဘောနှင့် လက်ကိုဆွဲသည်။

မော်လီလက်သွက်သည်။ တိုနီ၏ပါးတစ်ဘက်ကို သူမလက်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ရိုက်သည်။ ထိုနီက ရယ်မောနေသည်။ ပြီးတော့သူမ၏ လက်နု
ဘက်ကိုချုပ်၍ - ( I Love You too much Molly..Come with me
သည်တစ်ခါတော့ မော်လီသည် လက်တုန့်မပြန်တော့ဘဲ ဝိုင်းကြည့်
ကြသောလူတွေအား…

"မိန်းကလေးတစ်ယောက်ကို စော်ကားတာ ရှင်တို့ဒီလိုပဲကြည့်
နေကြတော့မှာလား…"

သူမ သည်တစ်ကြိမ်သောစကားမှာ မြန်မာစကားဖြစ်၏။ ဝိုင်
ကြည့်နေကြသူတွေမှာ ကပြားတွေ၊ ဘိုအစစ်တွေများသည်။ ဒါပေမ
သူတို့သည် တိုနီနှင့် အချင်းမများလိုလို့လား၊ မယှဉ်ရဲလို့လားသေ
ငြိမ်နေကြသည်။

တိုနီဆိုသည့်ကောင်ကလည်း ကျွန်တော့်လိုထွားထွားကြိုင်
ကြိုင်း…

"I Need A Hero Tonight"

သူကပဲလျှောင်ပြောင်သလိုလိုနှင့် ယခုညမှာပဲ သူ့ရဲကော
တစ်ယောက်အလိုရှိသည်ဟု ပြောနေသည်။

ကျွန်တော့်အကွက်တစ်ကွက်ပဲ၊

ကျွန်တော်က ဘိုသွေးပါသော ကပြားကောင်တွေကို အင်မ
အမြင်ကတ်သည်။ သူတို့က ဘိုအစစ်ထက်ပိုဘဝင်မြင့်တတ်ကြသ



ကျွန်တော်က သူတို့နှစ်ယောက်နားသွားပြီး အင်္ဂလိပ်လိုပြော
လိုက်တော့၏။

"Here is A Hero you Wanted"

"မင်းလိုချင်တဲ့ သူ့ရဲကောင်း ဒီမှာရောက်နေပြီ"

အင်္ဂလိပ်လိုရော၊ မြန်မာလိုပါ ပြောလိုက်၏။ ငနဲကကျွန်တော့်
ကို ကြည့်ကာ -

"မင်းနဲ့ ဘာဆိုင်သလဲ"

"မင်းကိုင်ထားတဲ့ အမျိုးသမီးဟာ မြန်မာသွေးပါတယ်၊
ငါလည်း မြန်မာစစ်စစ်ပဲ၊ မင်းလိုသွေးမရောဘူး ခုချက်ချင်းလွှတ်
လိုက်"

ကျွန်တော်က မော်လီ၏လက်ကောက်ဝတ်တွေကို ချုပ်ထား
သော သူ့လက်ချောင်းများကို ဆွဲခွါပစ်လိုက်သည်။

အဲဒီမှာ ကျွန်တော့်အတွက် တုန့်ပြန်မှုရလာသည်။ သူ့ညာဖြောင့်
လက်သီးက ကျွန်တော့်မျက်နှာထဲ ဝင်လာသည်။

ကျွန်တော်က ကြိုတင်မှန်းဆပြီးသား…။

လေ့ကျင့်မှုလည်းရှိပြီးသား။

ဖြောင့်လက်သီးကို ခေါင်းငုံ့ရှောင်လိုက်နိုင်သည်။ နောက်ထပ်
လက်သီးထပ်မံ ဝင်လာသည်ကို ရိပ်ခနဲမြင်လိုက်ရသည်။ သို့လက်သီး

www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော့်ဘယ်လက်သီးနှင့် ပုတ်ထုတ်ကာ ခေါင်းတိမ်းပေးလိုက်သည်။

ဝှစ်ခနဲ၊ ဝှစ်ခနဲနားရွက်နားမှ ကပ်လွဲသွားသည်။

ကျွန်တော်သိလိုက်သည်။ သည်ကောင်က ကျွန်တော့်လိုပဲ အင်္ဂလိပ်လက်ဝှေ့သမား။

လက်ဝှေ့ကို လက်ဝှေ့ချင်းထိုးနေတာကကြာသည်။ အချိန်တိုတိုနှင့် မြန်မြန်အဆုံးသတ်လိုက်တာ အကောင်းဆုံး။

သူ့ဝိုက်လက်သီး ထပ်အဝင်တွင် ကျွန်တော့်ဘယ်ခြေက သူ့ရင်ဝကိုဆတ်ခနဲ ဆောင့်ကန်လိုက်ပြီးပြီ။

အွန့်ခနဲအသံ သူ့ပါးစပ်က ထွက်တာတောင် အားနာလိုက်တာ။

အားနာနာနှင့် ထပ်ဆင့်လက်ဆောင်ပေးလိုက်မိချေ၏။ ဘယ်ခြေထောက်ကို အားပြု၍ ကိုယ်တစ်ပတ်လည်ခုန်ကာ ညာခြေထောက်နှင့် ပတ်ကန်ပစ်လိုက်၏။

သည်တစ်ခါတော့ မျက်နှာကိုမှ မျက်နှာကို။

ဖုန်းခနဲအသံ။

အားခနဲ အော်သံ၊ ပွဲပြီးပြီပေါ့ ...။

တိုနီငနဲသား ကြမ်းပြင်ပေါ်မှာ အစန့်သား ...

ထိုစဉ် ကလပ်မှဝန်ထမ်းတွေကော၊ မန်နေဂျာပါပြေးဝင်လာသည်။ တိုနီလဲနေတာကိုတွေ့လျှင် ပြာပြာသလဲပြုစုကြသည်။



"ခင်ဗျားတို့ လူကြီးလူကောင်းတွေပဲ၊ ဒီလိုမဖြစ်သင့်ဘူး"

ကလပ်မန်နေဂျာမှာ တရုတ်အမျိုးသားဖြစ်သည်။ သူပြောသောစကားမှာ ကျွန်တော့်ကိုရည်ရွယ်ပြောခြင်းဖြစ်၏။

"ကျုပ် လူကြီးလူကောင်းပါ၊ လဲနေတဲ့ကောင်က ဟိုမိန်းကလေးကို စော်ကားလို့ ဝင်အဖျင်မှာ ကျုပ်ကိုတီးလို့ ကျုပ်ပြန်တီးထည့်လိုက်တာပါ။ ဒါ ဘိုတိုင်းပြည်၊ ကပြားတိုင်းပြည်မဟုတ်ဘူး၊ မြန်မာပြည်ပဲ၊ မြန်မပြည်မှာ မြန်မာမိန်းကလေးကို စော်ကားလို့မရဘူး"

ကျွန်တော့်ကို ပြောစဉ် ကလပ်မန်နေဂျာက အင်္ဂလိပ်စကားသုံးသော်လည်း ကျွန်တော်က မြန်မာစကားပဲ သုံးလိုက်၏။

"ဘယ်မိန်းကလေးလဲ"

"သူ"

မန်နေဂျာအမေးကို ကျွန်တော်က မော်လီကိုမေးငေါ့ပြလိုက်၏။ တိုနီပြန်သတိရနေသည်။ မျက်နှာတွင် သွေးတွေထွက်နေရုံမက မူးလည်းပိုမူးနေပုံရ၏။

သူ့ကို တွဲခေါ်ထုတ်သွားကြသည်။

မော်လီမှာ ဝင်ကူသောကျွန်တော့်ကို ဂရုစိုက်ပုံမရပါ။ ကျေးဇူးတင်စကားလေးတောင် မပြောပါ။

မန်နေဂျာက သူမကိုခေါ်သွားတော့ ကျွန်တော့်ကိုတချက်ကလေးတောင် လှည့်မကြည့်ဘဲ မန်နေဂျာခေါ်ရာသို့လိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်လူတွေက ကျွန်တော့်ကိုဝိုင်းကြည့်နေကြသည်။

ပဲ်းရိုးအဖြစ် ကြည့်မည်မထင်။

မိန်းမတစ်ယောက်အတွက် လူစွမ်းကောင်းလုပ်သော ကျွန်တော့်ကို လှောင်သလိုလို၊ မုန်းချသလိုလိုကြည့်သည်လို့ပဲ ကျွန်တော်ထင်သည်။

ကျွန်တော်ကလည်း ဂရုမစိုက်ဘဲ အင်္ကျီရော၊ ကုတ်တွေကိုဆွဲဆန့်ဝတ်ဆင်ကာ ခပ်တည်တည်နှင့် ထွက်လာ၏။

"ခင်ဗျားက သိပ်ရန်ဖြစ်ချင်တဲ့လူကိုး…"

အခန်းထဲမှအထွက် ပြောသံကြောင့် လှည့်ကြည့်၏။ မနေ့ညကတွေ့ခဲ့ရသော ပန်ချာပီပေါင်းထုပ်နှင့် ဆစ်(ခ်)အမျိုးသားကြီး။

သူ့စကားကြောင့် ကျွန်တော်နည်းနည်းတော့ ရှက်သွား၏။ မနေ့ညကလည်း ကျွန်တော့်အစွမ်းပြခဲ့ပြီမဟုတ်လား။

"မခံချင်တဲ့အတွက်ကြောင့်ပါဗျာ…"

ကျွန်တော်က မြန်မာလိုပြောတော့ သူကလည်း မြန်မာလိုပီပီသသအသံနှင့်ပဲ -

"ကောင်းတယ်၊ ဒီကပြားကောင်တွေကို ဒီလိုနှံပေးမှပဲ၊ သိပ်ဘဝင်မြင့်နေတဲ့ကောင်တွေ ပိုကောင်မကလည်းဘဝင်ပဲ"

"သူ့ကိုယ်မှာ မြန်မာသွေးပါတယ်လေ၊ အဲဒါကိုသူမေ့နေပုံပဲ ရုပ်ကလည်း မြန်မာရုပ်ပဲ"



"ဒီကလပ်မှာ သူ့စတားဖြစ်နေတာကိုးဗျ…"

ဒါပဲပြော၍ ဆစ်(ခ်)အမျိုးသားက ဖြူဖွေးသောသွားတွေပေါ်အောင်ပြုံးပြကာ ထွက်သွားသည်။

မော်လီနှင့်ကျွန်တော် ထပ်မတွေ့ပါ။

ငတိမ ဘယ်ရောက်သွားသည်မသိ။

ကျေးစူးတင်စကားလေးတောင် ပြောဖော်မရသော သူမကို ကျွန်တော်ခံပြင်းမိသည်။

ဒါပေမယ့် ဝီလီကောင်းနောက်ကိုလိုက်ဖို့က သူမသည်သာ အရာမို့ ကျွန်တော်စိတ်ရှည်ရပေမည်။

ကျွန်တော် အိမ်ပြန်ရောက်သည်။

ကားကိုလုံခြုံစွာ သော့ခတ်သည်။ ယမန်နေ့ညကလို ယုံထင်ကြောင်ထင်ဖြစ်မှာစိုးလို့ ကားတစ်ခုလုံးမီးဖွင့်ကြည့်ပြီးမှ မီးပြန်ပိတ်၊ တံခါးတွေသော့ချ၊ ရှေ့တံခါးကိုသော့ပိတ်လိုက်၏။

ကျွန်တော်က ကိုကြွက်နီဖုန်းကို မျှော်နေမိ၏။

ကိုကြွက်နီ ကတိတည်ပါပေ၏။ ဖုန်းလာသည်။ ကျွန်တော်စိမ်းခိုင်းထားသော ကိုလူချောကကြည့်မြင်တိုင်ရပ်ကွက်မှာမနေပါ။

ကျွန်တော်ကျေးဇူးတင်ကြောင်း ပြောလိုက်၏။

ထိုသည့်နောက် ကျွန်တော့်အိပ်ခန်းထဲမှာပဲ ကျွန်တော်မေးနယ်မှာ အိပ်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အိပ်မရပါ။

တစ်စုံတစ်ယောက်က ကျွန်တော့်ဘေးမှာ လာရပ်နေ၏။ မှောင်ထဲတွင်ပင် သူ့အသက်ရှူသံကို ကျွန်တော်ကြားနေရသည်။ စိတ်ထဲမှာ မသက်သာတော့။

ကျွန်တော် ဆတ်ခနဲထထိုင်လိုက်သည်။ အသက်ရှူသံကြားရာကို ကျွန်တော်ဖမ်းဆုပ်ကိုင်လိုက်၏။

လုံးမွတ်ချောအိသောအရာတစ်ခု၏ အထိအတွေ့က ကျွန်တော့်စိတ်အာရုံကို ဖမ်းစားလိုက်သည်။

ကျွန်တော် လန့်ဖျတ်သွားသည်။

ချက်ချင်း ကျွန်တော်ခုတင်ခေါင်းရင်းက မီးခလုတ်ကိုထွင့်လိုက်၏။

လူတစ်ယောက်က ကျွန်တော့်အခန်းထဲတွင် ရောက်နေသည်။ ကျွန်တော် အထိတ်တလန့် စိုက်ငေးကြည့်နေမိ၏။ သူသည်ယောကျ်ားမဟုတ်ပါ။ လှပချောမောသော မိန်းကလေးတစ်ဦးရယ်ပါ။ အထက်အောက်တွင် သွေးကဲ့သို့နီမြန်းသော ဂါဝန်လိုလိုဘာလိုလို ဝေခွဲမရသည့် အဝတ်အစားကိုဝတ်ထားသည်။

သူမ၏ အသားအရောင်မှာ ဝင်းဝါပျော့ပြောင်းသည့်အသွင်သဏ္ဌာန်ရှိ၏။ကျွန်တော်အံ့သြသွားတာက သူမ၏ မျက်နှာကလေး



သည် ယနေ့ကျွန်တော်မြင်လိုက်ရသော မှန်ထဲမှလှပသော မျက်နှာကလေးပင်။

သူမ၏ ကိုယ်မှသွေးကြောကောက်ကြောင်းများနှင့် အသားစိုင်အသားခဲ အဖုအထစ်တို့သည် လက်ရာကောင်းစွာ ထုဆစ်ထားသော ပန်းပုဆရာ၏ ထုလုပ်ထားသော ပန်းပုရုပ်၏ အချိုးအဆစ်လို ညီမျှပီသစွာရှိနေကြ၏။

သူမသည် ငယ်ရွယ်နုပျိုလန်းဆန်းနေ၏။

မိန်းကလေးတစ်ယောက် ကျွန်တော့်အခန်းထဲရောက်လာတော့ မတွေးတတ်အောင်ရှိနေ၏။

သူမရုပ်က မှန်ထဲမှာမြင်ခဲ့ရသော ရုပ်ရည်မို့ထိတ်လန့်မိ၏။

ကျွန်တော် သူမကိုငေးမောစွာကြည့်နေမိရင်းမှ -

"မင်း...မင်းဘယ်သူလဲ"

သူမသည် ကျွန်တော့်အားရှန်းတောက်သော ညို့မျက်လုံးများနှင့်ကြည့်၍ နာမည်တစ်ခုကိုပြော၏။

သူမနာမည်က ဘာသာရပ်တစ်ခုအနေနှင့် အဖမ်းရခက်၏။ ကျွန်တော်က သူမနားသို့ ကပ်သွားသည်။ ထပ်မေး၏။

"မင်းဘယ်သူလဲ"

"ကျွန်မ ပြောပြီးပြီရှင်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အံ့အားသင့်ရ၏။ သူမပြောပုံမှာ မြန်မာစကားပါပဲ၊ ယဉ်ကျေးသိမ်မွေ့သောလေသံနှင့် ယဉ်ကျေးသော အမူအရာပေါက်နေလေသည်။

"ငါမသိဘူးကွာ ထပ်ပြောပါဦး"

သူမက ပြောပြန်၏။ သူမ၏လျှာလိပ်သံ၊ သွားဖွေးဖွေးကလေးတွေကြားထဲမှ ထွက်သံကို ကျွန်တော်အတော်နားထောင်ယူရ၏။ မြန်မာမှာမည်ဆို ခဲယဉ်းမည်မဟုတ်။

"ငါမကြားဘူး…မပီသဘူး၊ ထပ်ပြောပါဦး"

မေးနေစဉ် သူမဆီမှ မွှေးကြိုင်သောရနံ့ကို ရှူရှိုက်မိ၏။ ကျွန်တော်ရထားသော ကြေးမုံပြင်မှ အနံ့ပဲ။

သူမသည် သိမ်မွေ့မှု၊ ယုယကြင်နာမှုပါသော အပြုံးကလေးနှင့် သူမ၏အမည်ကို ထပ်မံပြောပြန်၏။

အဲ…ရပြီ။

အီမားလဲကြူယုံ။

ဒါပဲ ကျွန်တော့်နားထဲဝင်လာ၏။ အီမားလဲကြူယုံ။

အိုး ဘယ်လိုနာမည်ကြီးပါလဲ။

ကျွန်တော့်နားထဲမှာတော့ ဘာသာရပ်ချင်းမတူသော အမျိုးအမည်တစ်ခုအမည်ပဲ။



"မင်း ဘယ်လိုရောက်လာသလဲ"

"ကျွန်မ ရှင့်ကိုချစ်လို့"

"အယ် ဗုဒ္ဓေါ"

ကျွန်တော်၏ အသည်းတုန်သွားသည်။ သူမသည် သာမန်မိန်းကလေးဆို ကျွန်တော်မမှုပါ။ ခုတော့ လူသားမဟုတ်သည်ကို ရိပ်မိ၏။

ဘာကြောင့်ဆို သူမ၏ကိုယ်ခြပ်ထည်က အငွေ့အခိုးတွေလိုတည်ဆောက်ထားသည့်ခြပ်ထည်။

"မင်းကို ငါမသိပါဘူး"

"ကျွန်မရှင့်ကိုသိတယ်၊ ဒီနေ့ရှင်ကျွန်မကို ကြည့်ခဲ့တာပဲ"

"ဘုရားရေ…ဟုတ်ပြီ"

"ဒါဆို မင်းဟိုမှန်ထဲကပေါ့…"

ဖုန်းစကားပြောခွက်ထဲရှိ မှန်ကလေးကို ကျွန်တော်လက်ညှိုးထိုးပြ၏။ သည်တော့ သူမကအပြုံးကလေးများမပျက်ဘဲ ခေါင်းညိတ်ပြ၏။

"မဖြစ်နိုင်တာ"

ကျွန်တော် ရေရွတ်လိုက်သည်။

"ကျွန်မ နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ပါတယ်၊ လောကကြီး

www.burmeseclassic.com

www.burmeseclassic.com



မှာ မဖြစ်နိုင်တာထက် မဖြစ်ချင်တာတွေက ပိုများနေတယ်၊ ဆင်းရဲခြင်း၊ ပူပန်ခြင်း၊ သောကရောက်ခြင်း၊ ဆုံးရှုံးခြင်းတွေကို ရှင်တို့မမြင်ချင်ကြဘူးမဟုတ်လား”

“အေး မှန်တယ်”

“သေခြင်းတရားကို ရှင်တို့လူတွေ ပိုပြီးမမြင်ချင်ကြဘူးမဟုတ်လားရှင်”

“ပိုမှန်တာပေါ့”

“လောကကြီးမှာ သေခြင်းတရားဟာ ပရမ်းအနုမြူလို ချက်ချင်းဖြစ်နိုင်တယ်၊ ရှင်တို့ပြောနေကြတဲ့ ပရိုတိုပလာဇမ် (Protoplasm) သက်ရှိအခြေခံ ရုပ်ဒြပ်ရဲ့ အခြေခံသန်းပေါင်းများစွာဟာ သေခြင်းတရားကခွဲပစ်လိုက်တာပဲ၊ ရုပ်ရှိရင်သေရမယ်”

“အံ့မယ်…ဘုရားအစ်မ၊ ကျောင်းအစ်မက ဘယ်ဆိုးလို့တုန်း”

“ကိုစိုးဒေဝါ…ကျွန်မရှင့်အကြောင်းကိုသိပါတယ်”

“ဘုရားရေ…မင်းငါ့အကြောင်းကိုသိတယ်”

သူမက ညို့ငင်သောအပြုံးကလေးနှင့် ခေါင်းညိတ်သည်။

“ရှင့်အတွေး၊ ရှင့်စိတ်တွေကိုလည်း သိတယ်၊ ခုရှင်တွေးနေတာ ကျွန်မဒီကိုရောက်လာတာ အံ့ဩသလို၊ ရှင့်ရင်ခွင်ထဲ ကျွန်မရောက်ရင်ကောင်းမှာပဲလို့ တွေးနေတယ်မဟုတ်လား”



တကယ်ပါပဲ၊ သူမကိုအံ့ဩမိ၏။

“ဟော…ကျွန်မပြောလို့ ရှင်ထပ်အံ့ဩနေပြန်ပြီ”

သူမပြောတာတွေ အမှန်တွေပါ။

“လူတစ်ယောက်ရဲ့ အတွေးဟာ မျက်လုံးနဲ့မျက်နှာထဲမှာပေါ်တယ်၊ ဒါကိုကျွန်မဖတ်နိုင်တယ်”

“မင်းဗမာစကားပြောနိုင်တယ်”

“ကျွန်မက ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးစုရဲ့စကားတွေကို ကျွန်မလိုက်ပြောလို့ရတယ်။ ကဲ…ကျွန်မပြောမယ်၊ ကျွန်မဒီကြေးမုံထဲမှာ ရှိနေတယ်။ ကျွန်မဟာ အဲဒီအထဲမှာ နှစ်ပေါင်းနှစ်ထောင်လောက်နေရတယ်၊ ဟန်မင်းဆက်လက်ထက်ကတည်းကဆိုပါရစေ၊ ကျွန်မ ဒီမှန်မပျက်စီးသရွေ့ ကျွန်မအဲဒီမှန်ထဲမှာ ရှိနေမှာပဲ”

“ငါ ဘာလုပ်ပေးရမလဲ”

“ကျွန်မတာဝန်က ဒီမှန်ကိုပိုင်တဲ့လူဟာ ကျွန်မရဲ့အရှင်သခင်ပဲ၊ ကျွန်မက သူ့ရဲ့ကျေးကျွန်ဖြစ်သွားပါပြီ၊ ရှင်ဟာယောကျ်ားတစ်ယောက်ပဲ၊ ကိုယ့်ဟာကိုယ်တွေးကြည့်ပေါ့”

“ငါ မင်းကိုချစ်နေမိပြီ”

သည်တော့ သူမကအသံကလေးမထွက်အောင် ရယ်ပါ၏။ ပြီးတော့လက်ကလေးနှစ်ဘက်ဆန့်၍ ကျွန်တော့်ထံလျှောက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏ္ဍာရိုပုံပြင်ထဲကလိုပါလား။

အိပ်မက်ပဲလား။

ကျွန်တော့်ဇက်ပိုးကို ကျွန်တော်ရိုက်မိ၏။ နာလိုက်တာ၊ အိပ်မက်မဟုတ်နိုင်ပါ။

သူမသည် ကျွန်တော့်တစ်ကိုယ်လုံးနှင့် ပူးမတတ်ရပ်၍ သူမ၏သွယ်ပြောင်းသောလက်ကလေးနှစ်ဘက်နှင့် ကျွန်တော်၏လည်ကုတ်ကို သိုင်းဖက်လိုက်ပါသည်။

သူမကိုယ်သည် မွှေးကြိုင်နေ၏။

အငွေ့အသက်ခြုပ်ထည်ရှိသော သူမကိုကျွန်တော် ပြန်ဖက်မိ၏။ ထွေးဆန်းလိုက်တာ။

လူသားတစ်ယောက်၏ ကိုယ်လုံးကိုဖက်ရသလိုပါပဲ၊ မွှေးသည်။ အိစက်သည်၊ ပျော့ပြောင်းသည်၊ နူးညံ့သည်။

ကျွန်တော့်က ကိုယ့်စိတ်ကိုတည်ငြိမ်အောင်ထားပေမယ့် နိုးဒေဝါက ဘာသားနဲ့ထုထားလို့တုန်း။

ဒေဝီလရသေ့ကြီး မုဒုလက္ခဏာမိဖုရား၏ ရင်ဝတ်ပြေတာကို မြင်မိလို့ဈာန်လျှော့တာထက် ကျွန်တော့် သကောင့်သားစိုးဒေဝါမှာတော့ ဒီမိန်းကလေး၏ အတွေ့အထိကြောင့် တစ်ကိုယ်လုံးလျှော့ရတော့မ

ဘုရားကယ်ပါ…



ကျွန်တော်မရှောင်ရှားနိုင်ပါ။

သွားပြီ…

Gone with the wind မဟုတ်ပါ။

Gone with the girl ပါပဲဗျာ။

□ □ □ □ □

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လန့်နိုးလာ၏။

နေရောင်ခြည်နှင့် အအေးသည် ကျွန်တော့်ကိုလှုပ်နှိုးခဲ့ခြင်းဖြစ်၏။ သတိရရချင်း၊ ကျွန်တော့်ခုတင်ထက်တွင် ကျွန်တော်လက်နှင့် တစ်ဘက်ကို စမ်းမိ၏။

အိစက်အေးမြသော အိပ်ရာကိုပဲ စမ်းမိ၏။

ဟင်··ဒါဘာဖြစ်တာလဲ။

ညက အိပ်ပျော်တုန်းအိပ်မက်မက်တာပါပဲလား။

ကျွန်တော်ညက အိပ်မက်ကိုပြန်သတိရ၏။ စိတ်ထဲမှာတော့ တကယ်ဖြစ်နေသည့်အလား။



တစ်ကယ်ပဲလား၊ အိပ်မက်ပဲလား။

အိပ်မက်က အိပ်မက်ပဲဖြစ်မှာပါ၊ ကျွန်တော်နှင့်တွေ့ခဲ့သောမိန်းကလေးကို တကယ်တွေ့ရသလို စိတ်ထဲစွဲလန်းနေခဲ။

ကျွန်တော်ထရပ်လိုက်၏။ ကျွန်တော်၏နံ့ချည့်နေသော ခန္ဓာကိုယ်ကို ဦးစွာသတိပြုမိ၏။

ဘေးပတ်လည်ကို လိုက်ကြည့်၏။

ဘာမှခြေရာလက်ရာမပျက်ပါ။ မှန်ကလေးကိုသွားကြည့်လိုက်သည်။ မှန်ကလေးကလည်း ရှိရင်းစွဲအတိုင်း မူမပျက်ဘဲရှိနေ၏။

ကျွန်တော် တွေဝေစဉ်းစားနေသည်။ အိပ်မက်မက်တာပဲဖြစ်မှာပဲ၊ မနေ့က စိတ်ထင်မြင်လိုက်ရသည့် မျက်နှာကလေးကို အမှတ်မထင် စွဲလန်းပြီးတော့ အိပ်မက်မက်လိုက်တာပဲ။

ဇက်က နာသယောင်ယောင်။

အိပ်မက်ထဲတွင် ကျွန်တော့်ဇက်ကိုကျွန်တော် ရိုက်ခဲ့တယ်လေ။

အင်း···ယောင်ပြီး ရိုက်လိုက်မိသလား။

အိပ်မက်ထဲက သူ့ဒာဇကေရီကို ကျွန်တော်မေ့မရတော့။

အတွေ့ထူးနဲ့အနှစ်ပလူးလိုက်ရသည့် ဒီအိပ်မက်မှာ ဘာယ် လောက်တန်ဘိုးရှိလိုက်လေသလဲ။

ကျွန်တော်က ခေါင်းကိုခေါက်သိမ်းလိုက်၏။ ကျွန်တော်ခံစား

www.burmeseclassic.com



လိုက်မိ၏။ အိပ်မက်ထဲမှာ တွေ့လိုက်ရသည့် လှသူဇာ၏အမွှေးနံ့က စောင်မှာလာစွဲနေပါကလား။

ကျွန်တော် တုန်လှုပ်သွားသည်။

သူမက ကျွန်တော်နှင့် ယှဉ်ပြိုင်အုံးခဲ့သောခေါင်းအုံးကို ကျွန်တော် ငုံ့နမ်းမိ၏။

ဘုရားရေ ဒီမှာလဲအမွှေးနံ့စွဲလို့။

ဒါဆိုရင် အိပ်မက်ဟုတ်ပါရဲ့လား။

ကျွန်တော့်ကိုယ် ကျွန်တော်တောင် မဝေခွဲတတ်တော့ပါ။ အိပ်မက်မဟုတ်လို့ တကယ့်ဖြစ်ရပ်ဆိုရအောင်ကလည်း သူမနှင့်ကျွန်တော် တွေ့ကြပုံက ဒဏ္ဍာရီဆန်လှသည်။

အိပ်မက်ပဲဖြစ်မှာပဲလေ။

စိတ်ရှုပေါက်ကာ မက်လာသောအိပ်မက်ကို စိုးချယ်ရီထွန်းအားပြောပြလိုက်မိလျှင် သူမဘာယ်လောက်များ ဟားလိုက်လေမလဲ။

ပြီးတော့ တစ်ကိုယ်တော်စိုးဒေဝါမဟုတ်ဘဲ နှာကိုယ်တော်စိုးဒေဝါရယ်လို့ ဘွဲ့သညာတတ်လိုက်လျှင်ခက်ရချည့်။

ဒါဆို ဒီအမွှေးနံ့တွေက ထောင်းခနဲခေါင်းအုံးမှာ ဘာကြောင့်လာစွဲကပ်ငြိနေပါလိမ့်

ငါရူးပြီ။

www.burmeseclassic.com



သည်အတွေးနှင့် ကျွန်တော်ခေါင်းယမ်းမိသည်။

ညက ကောင်မလေးအမည်ကိုပြန်တွေးသည်။

အီမားလ်ကြူယုံ····။

နေဦး···သူမကိုချစ်ကြည်စဥ်က နာမည်ပေးခဲ့သေးသည်။

အီမားလဲကြူယုံဆိုတာ အခေါ်ရခက်လို့ အီမားလဲကို အင်္ဂလိပ်လို (Emerald)အဲမရဲကြူယုံ၊ နောက်တော့ အဲမရဲ (Emerald)ဆိုတာကမြ၊ ကြူယုံဆိုတာက ကြေးမုံ၊ ဒီတော့မြန်မာဆန်ဆန် မြကြေး မုံလို့ပေါ်ခေါ်ခဲ့သေးသည်။

ပြီးတော့ သူမက ကြေးမုံထဲမှာနေတယ်မဟုတ်လား။

ကျွန်တော်တွေတွေထူးထူး တွေးမနေတော့ပါ။ ကိုယ်လက်သန့်စင်ကာ မျက်နှာသစ်လိုက်သည်။ ရေနွေးနှင့် ရေအေးစပ်ကာ ရေဇလားတပ်(ပ်)ထဲမှာ ဆပ်ပြာမြှုပ်အဖွေးသားနှင့်ချိုးသည်။

ချမ်းတာတွေ၊ နုန်းတာတွေ လွင့်သွား၏။

ရေချိုးအပြီး ဖုန်းခေါ်သံကြားရသည်။

တစ်ကိုယ်လုံးကို မျက်နှာသုတ်ပုဝါကြီးပတ်ပြီး ဖုန်းရှိရာသို့ ပြေးသွားရသည်။ ဖုန်းဆက်သူမှာ ဦးရွှေမော်ပင်ဖြစ်သည်။

သူက အမှုကိစ္စနှင့်ပတ်သက်လို့မေးသည်။ ကျွန်တော်က အမှန်အတိုင်းပင်ပြောလိုက်သည်။

www.burmeseclassic.com



"ကြည့်လုပ်ဗျာ ကိုစိုးကြီး၊ ခင်ဗျားလည်း အန္တရာယ်မရှိစေနဲ့…ဒီအတိုင်းသာဆိုရင် ခင်ဗျားလူ ဒီရန်ကုန်ထဲမှာပဲ ရှိမယ်၊ ဘာလို့လဲဆိုတော့ သူ့ဓါတ်ပုံတွေကို နယ်ကရဲတွေလက်ထဲ ဖြန့်ဝေပေးလိုက်တော့, သူသိသွားပြီးထွက်ပေါက်တစ်နေတယ်နဲ့တူတယ်"

"ကျွန်တော် ဆက်ကြိုးစားပါ့မယ်၊ တတ်နိုင်သမျှတော့ အရှင်ဖမ်းပါ့မယ်၊ ဖမ်းရင်းပြုရင်းလက်လွန်သွားရင်တော့…."

"ဒါတော့ ဘယ်တတ်နိုင်မလဲဗျာ၊ သူ့အသက်ကိုယ့်အသက်လုကြရမှာပဲ၊ ဥပဒေမဲ့ ဆယ်ယောက်သေတာထက် ဥပဒေသမားတစ်ယောက်သေတာကို ကျုပ်လက်မခံနိုင်ဘူး ကိုစိုးကြီး ကဲရီးအွန်(Carry on)"

ကျွန်တော်က ဝီလီကောင်းဆီမှရလိုက်သော မှန်ချပ်ကလေးကို ပြောဖို့မေ့သွားသည်။ ပြောလည်း သူစိတ်ဝင်စားချင်မှ စိတ်ဝင်စားမည်။ ဤမှန်ချပ်ကလေးသည် ကျွန်တော့်အတွက် အထူးအဆန်းဖြစ်နေချေသည်။

မော်လီ့အကြောင်းကိုတော့ အနည်းအကျဉ်းပြောလိုက်ပြီးဖြစ်သည်။ မော်လီကိုဖြစ်သည့်နည်းနှင့် စည်းရုံးဖို့သူက အကြံညာဏ်ပေးသည်။

သည်ညတွင် ကျွန်တော်လီဒိုကလပ်သို့ ဆက်သွား၏။



မော်လီသီချင်းစဆိုသည့်အချိန်က ည(၇)နာရီခွဲဖြစ်၏။ သည်ညတော့ သူမကဘယ်လိုစိတ်ကူးပေါက်သည်မသိ၊ မြန်မာသီချင်းတွေကိုဆိုသည်။ ခေတ်ဟောင်းက ဒေါ်မေရှင်၏သီချင်းတွေအပြင် ကျွန်တော်တို့ လက်ထက်တွင်ပေါ်နေသော နာမည်ကြီးအဆိုတော်အချို့၏သီချင်းနှစ်ပုဒ်ပါဆို၏။

သူမအသံကောင်းပါသည်။

သူမက သီချင်းတွေကို ဆက်တိုက်မဆိုပါ။

သူမက နှစ်ပုဒ်လောက်ဆိုအပြီး တစ်ခြားအမျိုးသား အဆိုတော်တစ်ဦးက အင်္ဂလိပ်သီချင်းတွေဝင်ဟဲသည်။

သူ့သီချင်းတွေအပြီး ကလပ်မှ ကချေသည်တစ်ဦးက ဟာဝေယံအကကိုကပြသည်။ သူမကိုယ်တွင် ရေကူးဝတ်ဖြစ်သော ဘီကီနီ(Bikini)ကလေးနှင့်ပန်းကုံးတွေ ဖုံးကွယ်ထားသည်။

အင်္ဂလိုအင်းဒီးယန်းမို့ အသားညိုပြီး ဆွဲဆောင်ချက်မကောင်းပါ။

ကျွန်တော်က မော်လီ၏ အဝတ်အစားပြင်ဆင်ရာအခန်းသို့ သွားသည်။ မော်လီနှင့်တွေ့ဆုံရအောင်ပါပဲ။

ဒါပေမယ့် အခန်းစောင့်က ဝင်ခွင့်မပေးပါ။

သမရိုးကျဖြစ်အောင် ငွေပေးနည်းသုံးသော်လည်းလက်မခံ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး နည်းဖြစ်သော ပါးချိပ်ကိုလက်သီးနှင့်လာဘ်ထိုး ဆော်ထည့်လိုက်ဖို့စိတ်ကူးမိသော်လည်း အရာထင်မည်မဟုတ်။

ကျွန်တော်က မနေ့ကကော၊ တစ်နေ့ကကော ရန်ဖြစ်ထားသည့်အရှိန်ကြောင့် ကျွန်တော်ပဲ နာမည်ဆိုးထွက်သွားနိုင်ပြီး ကလပ်ကနောင်လာဖို့လက်ခံတော့မည်မဟုတ်။

ကျွန်တော်ပခုံးတွေကိုသာတွန့်ကာ ပြန်လှည့်လာ၏။

ဆုမဲတွေပေါက်သည်။

အထက်တန်းလွှာမှ အမျိုးသမီးနှစ်ဦးက ဘော(လ်)ဒန့်(စ်)တွင်သူမတို့နှင့် တွဲကဖို့ပါတနာလာဆိုသည်။

သူမတို့ ရုပ်ရည်ကချောပါသည်။ နွဲ့နွဲ့နှောင်းနှောင်းလည်းရှိသည်။

ကျွန်တော့်ကို မျက်စိကျပုံပါလှ။ ဤလိုတွဲကဖို့ကိုတစ်ခြားအမျိုးသားတွေက လက်ခံမည်ဖြစ်သော်လည်း ကျွန်တော်ခေါင်းပဲခါလိုက်၏။

ကျွန်တော့်အာရုံထဲမှာ မြကြေးမုံပဲရှိသည်။

အိပ်မက်ထဲမှာပဲတွေ့ရပါစေ စိတ်ကူးနှင့်ပဲတွေ့ရပါစေ မြကြေးမုံကို ကျွန်တော်မမေ့ပါ။

ကျွန်တော်ကစားဝိုင်းမှာပဲ မော်လီကိုစောင့်နေမိ၏။ ထူးထူး



ခြားခြားပဲ သူမပြန်မလာပါ။ ကစားဝိုင်းတွင်သာ ဟိုလိုလိုသည်လိုလိုနှင့် ငွေသုံးထောင်လောက်ထိသွား၏။

ထိုခေတ်ကငွေသုံးထောင်မှာ အလွန်ပင်မက်မောစရာကောင်းသော ငွေအရေအတွက်ဖြစ်ပါသည်။

စိတ်ပျက်မိသည်။

မော်လီကို စိတ်ထဲမှငြိုငြင်မိ၏။

လမ်းစကလည်း သည်ငနဲမနှင့်ကပ်ပါမှ ကျွန်တော့်ကိစ္စ အောင်မြင်ပေမည်။

ကလပ်အလုပ်သမားတစ်ယောက်ကို ကပ်စုံစမ်းတော့မှမော်လီပြန်သွားပြီဖြစ်ကြောင်းသိရသည်။

ဂိုးတူဟဲ(လ်)အပေါက်ပဲ။

သည်တစ်ကွက်မှာ ကျွန်တော့်ညံ့သွားသည်။

စိတ်ပျက်ပျက်နှင့် ကလပ်ထဲမှထွက်အလာ ကလပ်ဝင်ပေါက်ရောက်ကာနီး၌…

"ဘယ်လိုလဲမိတ်ဆွေ…ဒီည ရန်မဖြစ်တော့ဘူးလား"

ကြည့်လိုက်သည်။

ပါးသိုင်းမွေးပရဗျစ်၊ သွားဖွေးဖွေးကို အပြည့်သားနှင့်ဖြဲရယ်ပြနေသော ကိုရွှေပန်ချာပီကြီး။ သူကဗမာလိုမေးတော့ ကျွန်တော်ကလည်း ဗမာစကားနှင့်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ--ဒီညရန်ဖြစ်ရမှာ ပျင်းသွားတယ်"

"ခင်ဗျားကို ကျွန်တော်သိပ်သဘောကျတယ်ဗျာ၊ ဒီကလပ်မှာ ကပြားတွေ၊ ဘိုကောင်တွေက ဗိုလ်လုပ်ချင်တာဗျ"

"ခင်ဗျားကြည့်ရတာ ဒီကောင်တွေကို ကြည့်မရဘူးထင်တယ်"

"တွယ်ချင်နေတာဗျ"

"ခင်ဗျားနာမည်ဘယ်သူလဲ"

"ဇာရက်ခန်၊ ဒေါက်တာဇာရက်ခန်"

"ဇာရက်ခန်ဆိုတဲ့နာမည် ကြားဖူးသလိုလိုပဲ"

"ကျွန်တော်တို့ အင်းဒီးယားက ကိုင်ဘာတောင်ကြားမှာ အင်္ဂလိပ်ကိုသတ္တိရှိရှိနဲ့ ခံတွယ်ခဲ့တဲ့တောပုန်းကြီး ဇာရက်ခန်လေဗျာ၊ ကျွန်တော့်မိဘတွေက အဲဒီဇာရက်ခန်ကို သဘောကျလို့ ကျွန်တော့်ကို ဒီနာမည်ပေးခဲ့တာဗျ၊ ဇာရက်ခန်ဆိုတာ ခင်ဗျားတို့နိုင်ငံက တောပုန်းကြီး စံဖဲတို့လိုပဲပေါ့၊ အင်္ဂလိပ်ကိုပြန်တီးတာ"

"အခုတော့ လွတ်လပ်ရေးရနေပါပြီဗျာ၊ ဘယ်အင်္ဂလိပ်မှ လာမနှောက်ယှက်ရဲတော့ပါဘူး၊ ဒါပေမယ့် ဒီကောင်တွေက သွေးခွဲစနစ်သုံးတယ်ဗျ၊ ရန်ကုန်မှာတော့ အခုမြင်တဲ့အတိုင်း သူတို့ရဲ့အနွယ်ဖွားတွေ၊ သွေးရောတွေကရှိနေသေးတယ် ဒေါက်တာဇာရက်ခန်"



သူသည် ကျွန်တော့်ကို လေးစားပုံတော့ရသည်။

"ခင်ဗျားကဘယ်သူလဲ"

"ကျွန်တော်က ကျောက်မျက်ရတနာ ကုမ္ပဏီပိုင်ရှင်ပါ။ နာမည်က စိုးဒေဝါ"

သူက ကျွန်တော့်ကို လက်ဆန့်တန်းပေးသဖြင့် ကျွန်တော်က ဆွဲကိုင်နှုတ်ဆက်၍ မိတ်ဆွေမှတ်တမ်းဝင်သွားကြသည်။

ကျွန်တော်၏ဗစ်စစ်တင်းကတ်ကို ပေးလိုက်၏။ ပြီးတော့နှုတ်မှ

"ခင်ဗျားက ဒေါက်တာဆိုတော့ ဆေးဘက်ကလား၊ ပညာရေးဘက်ကလား"

"ပညာရေးဘက်ကပါ၊ ပီအိတ်(ချ်)ဒီအောင်ထားတာပါ၊ အင်းဒီးယားမှာ ပညာတတ်တွေပေါပြီး အလုပ်အကိုင်ရှားလို့ ကွမ်းယာတို့၊ ပူတီတို့ရောင်းစားရမလိုဖြစ်နေတာနဲ့ နိုင်ငံတကာလှည့်အလုပ်ရှာခဲ့တာပါ၊ ဒီမှာတော့ လက်ချာရာ (Lecturer)လာလုပ်နေတာပါပဲ"

"ပီအိပ်(ချ်)ဒီဆိုတော့ မနည်းပါလား၊ ဘာသာစုံကောရလား"

"အရှေ့တိုင်းဘာသာလောက်တော့ ကျွန်တော်လိုက်စားခဲ့ပါတယ်"

သူက သူ၏ ဗစ်စစ်တင်းကဒ်ကိုထုတ်ပေး၏။ သူ့ကိုကျွန်တော်က ပေါ့ပေါ့လျော့လျော့ဆက်ဆံသော်လည်း သူသည်နောင်တွင် ကျွန်တော့်အတွက် အသုံးတည့်လာသူတစ်ဦးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီမှ ကျွန်တော်က ဟိန္ဒူ စတန်နီဘာသာနှင့် ယူနန်တရုတ်ဘာသာအနည်းငယ်ကို သင်တန်းတက်၍ သင်ယူခဲ့ရပါသည်။

ကျွန်တော် အိမ်ပြန်ရောက်လာသည်။

တစ်အိမ်လုံးမီးရောင်အောက်တွင် တိတ်ဆိတ်နေသည်။

ချောက်ခြားမှုရှိသလိုဖြစ်နေသော်လည်း ကျွန်တော်မချောက်ခြားတော့ပါ။ အိမ်မက်ကေရီမြကြေးမုံနှင့်သာတွေ့လိုသည်။

အိမ်ခန်းထဲဝင်လိုက်သည်။

အကောင်အထည်လက်တွေ့ မမြင်ရသော သည်မိန်းကလေးကိုဘာလို့စွဲလန်းနေမိပါလိမ့်....။

□ □ □ □ □



## ဇာတ်လမ်းစဉ် (၅)

အိပ်ခန်းထဲမှ ကြေးမုံမှန်ကို ကျွန်တော်ယူကိုင်မိ၏။

"မြကြေးမုံ..ဒီညမင်းငါ့ဆီလာပါဦးလားကွယ်"

ကျွန်တော်က မှန်သားပြင်ကို ကြည့်ကာတမ်းတမ်းတတဲပြောမိ၏။

ကျွန်တော့်နှလုံးသားထဲတွင် ငြိတွယ်ခဲ့သော စိုကိုသတိရခြင်းမရှိတော့ဘဲ မြကြေးမုံကိုပဲ ကျွန်တော်အမှတ်ထင်ထင်ရှိမိ၏။

ဝပ်လေးဆယ်ထွန်းထားသော မီးရောင်အောက်တွင် ကျွန်တော့်မျက်နှာမြင်နေရသည်။

အပြောင်းအလွဲသည် ချက်ချင်းပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ကြေးမုံ၏မျက်နှာပေါ်မလာပါ။

ကျွန်တော့်မျက်နှာသည် မှန်သားပေါ်တွင် အထင်းသားကြီး မြင်နေရာမှ အပြောင်းလွဲကြီးပြောင်းသွား၏။

ကျွန်တော်၏ မည်းနက်သောဆံပင်များသည် ဆွတ်ဆွတ်ဖြူ သွားသည်။ မျက်နှာက လူအိုကြီးတစ်ယောက်အသွင်ပြောင်းလွဲသွား ကာ မျက်လုံးကြီးတစ်လုံးက လက်ဖက်ရေကြမ်းထည့်ကြွေပန်းကန် လုံးနီးပါးလောက်ရှိကာ ရဲရဲနီနေသည်။

ကျန်မျက်လုံးကြီးတစ်လုံးက ပိတ်စကို အပ်နှင့် ချုပ်ထားသလို ရှိနေ၏။

နှာခေါင်းကြီးက ကြီးမားနည်းနက်ပြီး ပါးရေတွန့်နေသည့်ကြား မှသွားမည်းမည်းကြီးတွေနှင့် ကျွန်တော့်ကိုရယ်ပြ၏။

"ဟာ…"

ကျွန်တော်စိတ်ဆိုးမာန်ဆိုး၊ ကြောက်သွားစိတ်နှင့် လန့်အော် ထွက်သွား၏။

မှန်ချပ်ကလေးကိုလည်း ကြမ်းပြင်ပေါ်ပေါက်ခွဲပစ်လိုက်မိတော့ သည်။

ချလွမ်ခနဲ မှန်သားကွဲသည့်အသံမထွက်ဘဲ ဒုန်းခနဲအသံပဲထွက် လာ၏။



ရော်ဘာဘောလုံးတစ်လုံး ပစ်ချသလိုမှန်ချပ်လက်ကိုင်ရော ဘောင်သားတွေပါ အထက်သို့ခုန်တက်သွား၏။

ကျွန်တော့်ကိုချောက်လှန့်သည့် မှန်အားကျွန်တော်မကျေနပ်ပါ၊ ထပ်မံကောက်ယူပြီး ပေါက်ခွဲပြန်သည်။

မကွဲပါ။

လေထိုးထားသော ဘောလုံးတစ်လုံးလို ခုန်တက်သွားသည်။ ကျွန်တော်ဒေါသဖြစ်သွားသည်။ ထက်မံကောက်ယူသည်။ ထပ်မံ ပေါက်ခွဲပြန်သည်။

မှန်ကကွဲထွက်မသွား…။

ကျွန်တော့်အိမ်ထဲမှာ ဆူညံနေသည်။

နောက်ဆုံးလက်လျှော့လိုက်ရသည်။ ခုတင်ပေါ်ကို ကျွန်တော် ထိုင်ချလိုက်သည်။ မျက်လုံးတွေကို မှိတ်ထား၏။

ကျွန်တော်ရူးနေပြီလား…

ကျွန်တော်က ကြောက်တတ်သူမဟုတ်သော်လည်း မှန်ထဲတွင် ရုတ်တရက် မျက်နှာကြီးကိုမြင်လို့ ကြောက်သွားစိတ်ထက် လန့်ဖျတ် သောစိတ်ဖြစ်ကာ ဒေါသနှင့်မှန်ကို ကိုင်ပေါက်မိခြင်းသာဖြစ်၏။

မှန်မကွဲတာကိုပဲ အံ့အားသင့်မိ၏။

ပက်လက်လန်နေသော မှန်ကလေးကို ကျွန်တော်ငေးငိုင်ကြည့် နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်သားပြင်တွင် နှင်းခိုးနှင်းငွေ့တွေလို အငွေ့အသက်တွေယှက်သန်းနေသည်။

ကြည့်နေစဉ်မှာပင် တစ်ဖြည်းဖြည်းပျောက်သွား၍ မီးရောင်အောက်မှာပဲ မှန်သားပြင်က ကြည်လင်လာသည်။

ကျွန်တော်က တုန်ယင်သောလက်နှင့်မှန်ကို ကောက်ယူလိုက်သည်။ မှန်သားပြင်မှာ ပြောင်ချောနေပြီးကြည့်လိုက်သော ကျွန်တော့်မျက်စိထဲတွင် ကျွန်တော့်မျက်နှာကိုပဲမြင်နေရသည်။

ဘာကောင်ညာကောင်၏မျက်နှာကိုမှ မတွေ့ရပါ။

ကျွန်တော့်စိတ်တွေ ကမောက်ကမဖြစ်နေပြီထင်သည်။

ကျွန်တော်သက်ပြင်းချသည်။

တယ်လီဖုန်းခေါင်းလောင်းသံမြည်လာ၏။ အိပ်ခန်းထဲရှိဖုန်းကိုပဲကောက်ကိုင်လိုက်၏။

"ကိုယ်တော်ကြီး အိပ်ပြီလား"

ဟော ဒါစိုးရဲ့အသံ…။

"မအိပ်သေးဘူး ခုမှပြန်ရောက်လာတာ"

"ဘယ်ကိုသွားလဲ"

"လီဒိုကိုသွားတယ်လေ"

"တို့တော့မခေါ်ဘူး…"



"အလုပ်ကိစ္စနဲ့ပတ်သက်နေလို့ပါစိုးရယ်…စိုးအခု ဘာလုပ်နေလဲ"

"ကလောင်စုံမဂ္ဂဇင်းတစ်ခုကိုဖတ်နေတယ်"

"ဒါဆိုဆက်ဖတ်"

"ဘာလဲ အိပ်တော့မလား…"

"ဟုတ်တယ်၊ ကိုယ်ဒီနေ့ပင်ပန်းသွားတယ်"

စိုးနှင့် စကားပြောလိုစိတ် သိပ်မရှိပါ။ အိပ်ဖို့ပဲစိတ်ထက်သန်နေသည်။

အိပ်ရပါမှ အိမ်မက်ထဲတွင် မြကြေးမုံနှင့် တွေ့ရလိမ့်မည်။

"ဒါဆို အိပ်တော့နော်…မနက်ဖြန်မှတွေ့မယ် ဂွတ်နိုက်"

"ဂွတ်နိုက်"

"ဆွိဒရင်းတူယူ (Sweet Dream To You)"

"Sweet Dream To You"

သည်ခေတ်သည်အခါက သုံးနေကျအင်္ဂလိပ်စကားလေးတွေ ပါလျှင်မပြီးတော့…"

ကျွန်တော်ဖုန်းကိုချ…

ညဝတ်အင်္ကျီကိုယူလဲ…

ကိုယ်ပေါ်တွင် အီးဗင်းနင်းအင်ပဲရစ်ပေါင်ဒါနှင့်ရေမွှေးကိုဆွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မြကြေးမုံလာလျှင် ကိုယ်အနံ့အသက်ကင်းအောင်…

တစ်ခါတစ်ခါ မိန်းမတွေအတွက် ကျွန်တော်တို့ယောက်ျားတွေ ရယ်ဖို့ကောင်းပါသည်။

အရူးအမူး…။

ယောက်ျားတွေမှာ မိန်းမတွေအတွက် ရူးရင်ရူး၊ မရူးရင်မူးဖို့ပဲ ရှိသည်။

အိပ်ပျော်နေသောကျွန်တော့်ကို တစ်စုံတစ်ယောက်က ဖျတ်ခနဲ လာနှိုး၏။ မျက်လုံးတွေပွင့်သွား၏။

လေးဆယ့်ဝပ်အားမဟုတ်တော့၊ ငါးတိုင်အားရောင်စုံမီးလုံးတစ်လုံးအောက်ဝယ် ခုတင်ဘေးမှာ မြကြေးမုံရပ်နေသည်။

"ဟမ်"

ကျွန်တော်လူးလဲထလိုက်သည်။ မြကြေးမုံမျက်နှာမကောင်းပါ။ သူမကိုယ်ကအဝတ်အစားများသည် ယမန်နေ့ကအတိုင်းဖြစ်၍ အခိုးအငွေ့လိုဖြစ်နေသော သူမ၏ကိုယ်ပေါ်တွင် ရစ်ပတ်နေသည်။

"မြကြေးမုံ၊ မင်းလာသေးတယ်"

"ရှင်ဘယ်လိုဖြစ်တာလဲ ကိုစိုးဒေဝါ၊ ရှင်ဒေါသကြီးလှချည်လား၊ ရှင်အဲဒီလိုလုပ်ရင် ကျွန်မရှင့်ဆီမလာတော့ဘူး"



သူမဘာကို ရည်ညွှန်းပြောသည်ကို ကျွန်တော်ရိပ်မိသည်။ ကျွန်တော်သူ့ကို ထဖက်လိုက်ပါသည်။

"ကိုယ်မှားသွားတယ်မြကြေးမုံ၊ မှန်ကိုကိုင်လိုက်တော့ ကိုယ့်မျက်နှာကြီးကိုကြောက်စရာအဖြစ်တွေ့ရတော့ ကိုယ်လန့်ပြီးလုပ်မိတာပါ၊ ကိုယ်တောင်းပန်ပါတယ်အချစ်ရယ်…"

သူ့မျက်နှာကလေးကို လက်တစ်ဘက်နှင့် ကိုင်မော့စေကာ ကျွန်တော်တောင်းပန်စကားပြောမိ၏။, မြကြေးမုံ၏အငွေ့အသက်ခန္ဓာကိုယ်မှာ အလုံးအထည်အဖြစ် ကျွန်တော့်ရင်ခွင်ထဲမှာဖြစ်နေ၏။

"ကိုယ်တောင်းပန်ပါတယ်ကွာ၊ မင်းနဲ့ကိုယ်ခွဲရမှာကို မလိုလားပါဘူး၊ ကိုယ့်ဆီမလာဘဲမနေပါနဲ့ မြကြေးမုံ"

"ရှင်တို့ယောက်ျားတွေဟာ အရူးတွေပဲ၊ ဒေါသကြီးတာလည်း ရှင်တို့ပဲ၊ ကိုယ့်အမှားကို တောင်းပန်ဖို့ဝန်မလေးတာလည်း ရှင်တို့ပဲ၊ ဒီလိုလုပ်လိုက်တာ ရှင့်အဖို့မကောင်းဘူး၊ တူညီတဲ့ခံစားချက်တစ်ခုကိုတော့ရှင်ရလိမ့်မယ်၊ ဒီကြေးမုံဟာ ရှင်တို့အခေါ် ဂမ္ဘီရနဲ့ပတ်သက်တဲ့ကြေးမုံပဲ၊ ဒီကြေးမုံမှာ ကျွန်မစောင့်ရပေမယ့် ကျွန်မအဖော်ကရှင့်ကို ခွင့်မလွှတ်ဘူး၊ သူကရှင့်ကိုအန္တရာယ်လုပ်လိမ့်မယ်"

"အဖော်…အဖော်ကဘယ်သူလဲ"

"မှန်ထဲမှာ ရှင်တွေ့ခဲ့ရတဲ့ မျက်နှာရှင်ပဲ၊ ရှင့်ကိုကျွန်မပြော

www.burmeseclassic.com



မယ်၊ ရှင်အခုကံကောင်းနေလို့ ဘာမှမဖြစ်သေးတာ၊ ရှင်ကံဆိုးတဲ့ တစ်နေ့မှာ ဒီကြေးမုံမှန်က ရှင့်ကိုဒုက္ခပေးလိမ့်မယ်၊ ရှင့်လက်ထဲမှာ မထားပါနဲ့"

"မင်းကိုကိုယ်ချစ်တယ်၊ ဒီမှန်ကိုစွန့်ပစ်လိုက်ရင် မင်းကိုစွန့်ပစ်လိုက်ရတာနဲ့ အတူတူပဲ၊ မင်းကိုယ့်နားမှာရှိနေရင် ဘာအန္တရာယ်မှ ကိုယ်မကြောက်ဘူး"

"ရှင့်ကိုအန္တရာယ်ပြုမယ့်လူရှိနေတယ်"

"ဘယ်သူလဲ"

"ရှင်လိုက်နေတဲ့လူ"

"ဗိလီကောင်းလား"

"သူဟာအစက ကျွန်မရဲ့သခင်ပဲ၊ အခုဒီမှန်က ရှင့်လက်ထဲရောက်နေတော့ သူက ကျွန်မသခင်မဟုတ်တော့ဘူး၊ ရှင်သာကျွန်မသခင်"

"သူက ဘာအန္တရာယ်ပြုနိုင်မှာလဲ"

"မနက်ဖြန် လီဒိုကလပ်ကိုမသွားပါနဲ့၊ ရှင့်ကိုအန္တရာယ်ပြုမယ့် လူတွေရှိတယ် ကိုစိုးဒေဝါ"

သူက၏စကားကို ကျွန်တော်မယုံပါ။

ကျွန်တော်က သူမကိုနမ်းမိပါသည်။ သူမကလည်း ကျွန်တော့်ကို နမ်းပါသည်။



"ကျွန်မရှင့်ကိုချစ်တယ်"

"ကိုယ်လည်းမင်းကိုချစ်တယ်"

ကျွန်တော်က သူမကိုခုတင်ပေါ်သို့ ဆွဲချလိုက်သည်။

"ကျွန်မဟာ တစ္ဆေသရဲဖြစ်နေရင် ရှင်ချစ်မှာမဟုတ်ပါဘူး"

"မင်းဟာ တစ္ဆေသရဲမှ မဟုတ်ဘဲ၊ အင်မတန်ချစ်စရာကောင်းတဲ့၊ လှတဲ့မိန်းကလေးပါ"

"ရှင်နဲ့ကျွန်မဟာ ဘဝချင်းမတူကြဘူး၊ ရှင့်ကိုလည်း ကျွန်မ မခေါ်ချင်ဘူး၊ ကံကြမ္မာလမ်းကြောင်းက ရှင်သာနေလို့ ကျွန်မခေါ်လို့လည်းမရပါဘူး ကိုစိုးဒေဝါရယ်…"

"မင်းဘယ်သူလဲ၊ ဘာလို့ကြေးမုံထဲရောက်နေတယ်ဆိုတာ ကိုယ်သိချင်တယ်"

"မသိချင်ပါနဲ့ရှင်၊ ကျွန်မဟာ ဟန်မင်းဆက်က မင်းသမီးလေး တစ်ပါးဆိုတာပဲ မှတ်ထားလိုက်ပါတော့"

ကျွန်တော်တို့နှစ်ယောက် ပျော်နေကြပါသည်။

ချစ်စကားတွေ ခွန်းတုန့်လှယ်ကြသည်။ ကျွန်တော်သူမနှင့် အချစ်ကွန်းခိုမှာတည်နေရင်း အိပ်ပျော်သွားသည်။

သူမသည်လည်း ကျွန်တော့်ရင်ခွင်ထဲမှာ ကျွန်တော့်သိုင်းဖက်မှုကိုခံရင်း အိပ်ပျော်သွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မောကျသွားတော့ ကျွန်တော်လန့်နိုးလာ၏။

ကျွန်တော့်မျက်လုံးတွေအဖွင့်မှာ မြကြေးမုံကို ဦးစွာသတိရမိပါသည်။

ကျွန်တော့်၏ ရင်ခွင်ထဲရှိ မြကြေးမုံကိုကြည့်မိ၏။

လား…လား…မဟာဒုက္ခပါပဲ။

မြကြေးမုံမဟုတ်ပါ၊ ကျွန်တော်ဖက်ထားတာက ကျွန်တော့်ဖက်ခေါင်းအုံးရှည်ကြီးပါပဲ။

ကျွန်တော် အဖြေရှာကြည့်သည်။

ညက ကျွန်တော်မြကြေးမုံနှင့် တွေ့တာအမှန်ပါပဲ၊ သို့ရာတွင် တစ်ကယ်လားအိပ်မက်လားဆိုတာတော့ ဝေခွဲလို့မရတာအမှန်ပဲ။

ကျွန်တော်က ဇဝေဇဝါနှင့် ဖက်ခေါင်းအုံးကြီးကို တွန်းဖယ်ပစ်လိုက်သည်။ တစ်ဘက်စားပွဲပေါ်မှ မှန်ကလေးကိုဆွဲယူကြည့်၏။

ဆံပင်တွေမသပ်မရပ်နှင့် ကျွန်တော့်မျက်နှာကို မှန်ထဲတွင်တွေ့ရသည်။ တစ်ခုထူးခြားတာကိုတော့ သတိပြုမိ၏။

အမြဲတမ်း ကြည်လင်၍တည်ကြည်စွာ ရွှင်ပျနေတတ်သော ကျွန်တော်၏မျက်နှာမှာ မသိမသာထိုင်းမှိုင်းပြီး ဖြူရော်သလိုဖြစ်နေသည်။

ခေါင်းထဲမှာလည်း ယခုထိမူးနောက်နောက်။



ညက ကျွန်တော် လီဒိုကလပ်တွင် အရက်သောက်လိုက်တာ နည်းနည်းပိုသွားလို့ မကြည်မလင်ဖြစ်နေခြင်းရှိမည်။

ကျွန်တော်မှန်ထဲကြည့်သော်လည်း မှန်ထဲမှာဘာမှ ထူးထူးခြားခြားမရှိ။

ကျွန်တော်ညကဝတ်သွားသော ဘောင်းဘီကိုစမ်းကြည့်၏။

ဘောင်းဘီဘေးအိတ်ထဲတွင် ဒေါက်တာဇာရက်ခန်၏ လိပ်စာကဒ်ကလေးကို ထုတ်ကြည့်လို့သိရ၏။

ကျွန်တော် မှန်ချပ်ကလေးကို ပြန်ချလိုက်သည်။

ရေမိုးချိုးပစ်လိုက်တော့ လူကလန်းသလိုဖြစ်သွား၏။ ရေချိုးစဉ် မြကြေးမုံကိုပဲ တွေးနေသည်။

မြကြေးမုံကို ညဘက်တွေ့ပြီးနေ့ဆိုမတွေ့ရ။

ဒါကပဲထူးခြားချက်။

သည်သို့ဆို သူမသည် အိပ်မက်ထဲမှာပဲ တွေ့တာ၊ ဘာပဲဖြစ်ဖြစ်၊ သူမကို အကောင်အထည်လိုက်တွေ့ရအောင်တော့ တစ်နေ့လုပ်ရမည်။

ထူးခြားတာက ကျွန်တော့်အိပ်ရာသည် သစ်မွှေးနံ့လိုလို ပန်းနံ့လိုလိုမသိရသော ရနံ့တစ်ခုက ခုတင်ထက်တွင် မနက်အိပ်ရာထတိုင်း ကျန်ရစ်မြဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင်ကော အိမ်မက်ဖြစ်နိုင်ပါ့မလား။

မြကြေးမုံအကြောင်းတွေးနေတော့လည်း ကျွန်တော့်အမူတရား ခံကိုလည်းကောင်း၊ စိုကိုလည်းကောင်း မေ့နေ၏။

ကျွန်တော်အိမ်မှထွက်သောအခါ စိတ်ထဲတွင် စိတ်ကူးတစ်ခု ပေါက်သည်နှင့် မှန်ချပ်ကလေးကို စက္ကူအိတ်ထဲထည့်လိုက်၏။

ကားဒက်ရှ်ဘုတ်ထဲတွင် ထိုစက္ကူအိတ်နှင့်ထည့်ထားသော မှန် ချပ်ကိုထည့်လိုက်သည်။

ထိုနေ့တစ်နေ့လုံး ကျွန်တော်အိမ်ကိုမပြန်။

ပထမဆုံး ရုံးကိုသွားသည်။

ရုံးမှအပြန် ကုမ္ပဏီကိုစိတ်ကူးပေါက်သည်နှင့်ဝင်သည်။

မထင်မှတ်သော အဖြစ်ကလေးတစ်ခုတော့ ဖြစ်လိုက်သည်။

ကျွန်တော့်ကားကို ဖရေဇာဘက်မှလာပြီး မီးပွိုင့်ကိုစောင့်သည်။ ထိုစဉ်က ရန်ကုန်တွင် ကားအန္တရာယ်အတွက် မီးပွိုင့်တွေထားကာစ ရှိသေး၏။

ကားမောင်းသူတွေမှာ ဘယ်မောင်း၊ ညာမောင်း မောင်းကြသော ကြောင့် မီးပွိုင့်ဥပဒေကို ဂရုမစိုက်ကြသူအချို့ရှိ၏။

မီးပွိုင့်က ဖရေဇာနှင့် ပန်းဆိုးတန်းအချိုးတွင်မထားဘဲ ဖရေဇာ တစ်လျှောက်သွားဖို့ရာပဲထားသည်။



ကျွန်တော်က မီးစိမ်းအပြတွင် လက်ဝဲဘက်သို့ ကားခေါင်းကို ဦးတည်ချိုးလိုက်၏။

သည်စဉ် တောင်ဘက်မှ မြောက်ဘက်သို့ခပ်ပြင်းပြင်းမောင်း လာသော ဂျစ်ကားတစ်စီးနှင့်ဆုံမိ၏။

သူကချိုးကွေ့လာသော ကျွန်တော့်ကားကို မြင်ပေမယ့် ဂရုစိုက် ပုံမပေါ်။

ကျွန်တော့်ကားမှာ ကွေ့ကားမို့ နောက်ဆုတ်လို့လည်းမရပါ။ နောက်ဆုတ်လျှင် အနောက်မှအရှေ့သို့ လက်ယာဘက်မှလာနေသော ကားကဝင်ဆောင့်မှာမို့ ကားကိုအရှိန်ပြင်းပြင်းနှင့် ချိုးချလိုက်၏။

ကျွန်တော့်ရင်ထဲ ဟာခနဲဖြစ်သွားသည်။

တစ်ရှိန်ထိုးဝင်လာသော ဂျစ်ကားစက်ခေါင်းကို တွေ့ရ၏။ ဒါပေမယ့် ကျွန်တော်က တဒင်္ဂဆုံးဖြတ်ချက်နှင့်အညီ ကွေ့လို့ဦး အတည့်မှာ လီဗာကိုနည်းနည်းပိုဖိနင်းပေးလိုက်၏။

အဲသည်အကွေ့နားတွင် တက္ကစီတွေ တန်းစီပြီး ဂရင်းဟော်တယ် အောက်မှာ ရပ်ထားလေ့ရှိသည်။

တစ်ကယ်လို့သာ အဲသည်အချိန်က ထိုကားတွေရှိခဲ့ရင် ကျွန်တော့်ကားနှင့်အတိုက်ပဲ။

ကားကွေ့မှာ ထိုကားတွေ သည်ကနေ့မှလစ်လပ်နေသဖြင့် ကျွန်တော့်ကုသိုလ်ကံကောင်းတာပဲလို့ ဆိုရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးကုသိုလ်ကံကောင်းတာက ဝင်လာသော ဂျစ်ကားဦးခေါင်းက ကျွန်တော့်ကားဖင်နှင့် တိုက်လုနီးပါးဖြစ်ကာ လွဲချော်သွားခဲ့သည်။

လမ်းမပေါ်မှ လူတွေ၏အော်သံ၊ ပလက်ဖောင်းပေါ်မှလူတွေ၏ အော်သံတွေကြားလိုက်ရသည်။

ကျွန်တော် အတော်ဒေါသဖြစ်သွား၏။

ကားကို ဒက်(စ်)တော့(ပ်)နှင့် ရပ်လိုက်သည်။ ကားတိုင်ယာနှင့် လမ်းမျက်နှာပြင်တို့လည်း ထိတွေ့ပွတ်တိုက်၍ ကျွီခနဲမြည်သံထွက်လာ၏။

ဂျစ်ကားမောင်းသူကို လက်သီးစာကျွေးမည်ဟု စိတ်ကူးလိုက်သည်။ ကားပြင်သို့ထွက်လိုက်သည်။

ဂျစ်ကားမှာ စက်မသတ်၊ အရှိန်မသတ်ဘဲ ပန်းဆိုးတန်းမြောက်ဘက်သို့ မောင်းသွားသည်။

"တောက်"

ဒေါသနှင့် ကျွန်တော်၏တောက်ခေါက်မှု။

ယာဉ်ထိန်းရဲတစ်ယောက်က ကျွန်တော့်ဆီကူးလာသည်။ သူတသည်တစ်ပိုက်တွင် မကြာခဏ တာဝန်ကျသဖြင့် ကျွန်တော်နှင့် မျက်မှန်းတန်းမိနေသည်။

"အစ်ကိုဘာဖြစ်သွားသေးလဲ"



"ဘာမှမဖြစ်ဘူး၊ အတော်အမောင်းရမ်းတဲ့ကောင်ဗျာ"

"ကားကမြန်တော့ ကားနံပါတ်တောင် ကျွန်တော်မမှတ်လိုက်ရဘူး၊ မထိလို့တော်သေးတယ်"

"သိသိကလေးဗျ"

ကျွန်တော်ကုမ္ပဏီသို့ရောက်တော့ ဝန်ထမ်းတွေမှာ ကိုယ်စီကိုယ်ငှ အလုပ်လုပ်နေကြပြီ။

သူတို့က ကျွန်တော့်ကို လေးလေးစားစားနှုတ်ဆက်ကြ၏။ ကျွန်တော်ကလည်း ပြန်နှုတ်ဆက်၏။

အောက်ဆုံးထပ်အခန်းကို အရောင်းပြခန်းအဖြစ်ထားပြီး အခန်းနောက်ဆုံးတွင် အထက်ထပ်သို့တက်သော လှေကားရှိ၏။ လူနှစ်ယောက်၏ အရပ်နှစ်ရပ်စာကျော်လောက်မြင့်၏။

ကျွန်တော်ဒေါသနှင့် တက်လိုက်၏။

သည်တစ်ခါတော့ ကျွန်တော်ခံလိုက်ရပါပြီ။

ဒုန်း…ဒုန်း…ဒုန်း

ပြင်းထန်သော ထိခိုက်သံတွေနှင့်အတူ လှေကားမှကျွန်တော့်ကိုယ်ကြီး ချော်ကျတော့သည်။ လှေကားမှာခြေချော်သွားပြီပေါ့။

ကိုယ့်ယို့ကားယားကျသည်။

ကျွန်တော် ထောက်မိထောက်ရာ ဘက်လက်နှင့်ထောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ အောက်ခံကျောက်ပြားပေါ်လက်ထောက်မိလို့သာ ကျွန်တော့်ကိုယ် သိပ်မနာသွားခြင်းပဲ။

ရာဇဣန္ဒြေတော့ ပျက်တာပေါ့။

စိုသည်လည်းကောင်း၊ မန်နေဂျာသည်လည်းကောင်း၊ ဝန်ထမ်းများသည်လည်းကောင်း၊ ကျွန်တော့်ဆီပြေးလာကြသည်။

ကျွန်တော်ရှက်လိုက်တာ။

သူတို့အထူမခံချင်လို့ ကုန်းထ၏။

"ဒုန်း..."

"အိုး..."

လှေကားလက်ရမ်းအဆုံးက သစ်သားလက်ရမ်းကရှည်ထွက်နေရာ ကမျာကသီ ကုန်းထသောကျွန်တော့်ခေါင်းနှင့် မိတ်ဆက်မိ၏။ နတ်မှနာလို့ အသံထွက်သွား၏။

ခေါင်းထဲလည်းမိုက်ခနဲ။

"ဘာဖြစ်သွားလဲ ဘော့(စ်)၊ ဘာဖြစ်သွားလဲ"

"ဟယ်..ကိုကိုလိမ့်ကျသွားတာပဲ၊ ကိုကိုဘာဖြစ်သွားလဲဟင်"

ဝန်ထမ်းတစ်ချို့မေးသံ၊ စို၏မေးသံ။

ကျွန်တော် မူးနောက်နောက်ဖြစ်နေရာမှ ခေါင်းကိုကျောက်ပြားကို မထောက်မိသောညာလက်ဖြင့် ပွတ်ရင်း -



"ဘာမှမဖြစ်ပါဘူး လှေကားကခြေချော်တာပါ"

"ကိုကို့ကိုပြောသားကွယ်၊ နေကာမတတ်ပါနဲ့လို့"

ထိုအချိန်က ကျွန်တော် နေကာမချွတ်မိခဲ့။

နောက်ဘက်မှ မီးပေးထားပေမယ့် နေကာနှင့်ဆိုတော့ နည်းနည်းမှောင်သွားပြီး လှေကားထစ်ကို မမြင်မိဘဲ စမ်းနင်းရာမှ ခြေချော်သွားခြင်းဖြစ်သည်။

စိုပြောကာမှ ပိုနာသည်။ ပိုအသည်းယားသည်။

နေကာ မျက်မှန်က ကျွန်တော့်မျက်နှာတွင်ရှိမြဲ၊ ငြိမြဲ၊ တစ်ကာယ လို့သာ သည်နေကာမျက်မှန်ကွဲလို့ မျက်လုံးစိုက်ခဲ့သော် ကျွန်တော် စိုးဒေဝါဇာတ်လမ်း သည်မှာပဲနိဂုံးချုပ်ပြီပေါ့ခင်ဗျာ၊

"အဟီး..ကိုယ်မေ့သွားတယ် စိုရ"

ကျွန်တော်က လူစွမ်းကောင်းလေသံနှင့် ဟီးလိုက်၏။ ထရပ်သည်။ ရှက်တာလည်းပါသည်။

တစ်ခါမှ သည်လိုမဖြစ်ဖူးခဲ့ပါ။

သည်ကနေ့ ဘာဖြစ်နေသလဲ။

ကားလည်း အတိုက်ခံရမလို့၊ ကံကောင်းသည်။ ယခုလည်း လှေကားပေါ်မှ စတန့်မင်းသား မဖြစ်ရုံတမယ် ချော်ကျသည်။ ကံကောင်းလို့။

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်သာကွဲရင်တော့…

အမယ်လေး…မတွေးဝံ့စရာပါချည့်ပဲလား။

ကျွန်တော် စိုးဒေဝါဆိုတဲ့ကောင်က သေမှာကိုမကြောက်၊ ချည့်နဲ့ပြီး ဂီလာနဒုက္ခသည်ကြီးဖြစ်မှာကိုတော့ ကြောက်ချေရဲ့။

တစ်ကယ်တော့ ကျွန်တော်ကံမကောင်းပါ။

ကျောက်ပြားက ထောက်မိသော လက်က ကျွန်တော့်ကို တစ်နေ့လုံး တဆစ်ဆစ်ကိုက်အောင်ဒုက္ခပေးတော့သည်။

ကျွန်တော်က ပန်းဆိုးတန်းလမ်းဝင်းဝင်းပြဇာတ်ရုံနားတွင် နေထိုင်သော ဒေါက်တာရာဂျာပီလေးဆီသို့ ပြေးရသည်။

ဒေါက်တာရာဂျာပီလေးမှာ အင်မတန်တော်သော ဆရာဝန်ဖြစ်သည်။ သဘောလည်းကောင်းသည်။

ကျွန်တော့်ဒဏ်ရာနှင့်ပတ်သက်၍ ပြောပြသည်။

သူက စစ်ဆေးကြည့်ရှုသည်၊ ဒဏ်ရာမှာလက်အကြောတင်ပြီး အရိုးရောင်သွားဟန်တူကြောင်း ပြော၍လိမ်းဆေးပေးခြင်း၊ ဆေးထိုးပေးခြင်းများ ပြုလုပ်ပေး၏။

ကျွန်တော်က ခေါင်းထဲ မူးနောင်နောက်နေကြောင်း ပြောပြလျှင် ကျွန်တော့်သွေးချိန်ကိုတိုင်းပါသည်။

ကျွန်တော် သွေးကျနေကြောင်းပြောသည်။



အပေါ်သွေး တစ်ရာ့တစ်ဆယ်။

အောက်သွေးက ခုနစ်ဆယ်နှင့် ရှစ်ဆယ်ကြားမှာရှိ၏။ လန့်သွားမိ၏။ ကျွန်တော့်တစ်သက်တွင် သည်လိုတွေးကျမှုမရှိဖူးခဲ့။

ဒါကြောင့် ကျွန်တော်ထိုင်းမှိုင်းနေခြင်းဖြစ်မည်။

"ခင်ဗျားကျန်းမာရေးကောင်းလို့ ဒါလောက်ရပ်တည်နေနိုင်တာ၊ တော်ရုံလူဆို ဒါလောက်သွေးနဲ့ အသက်ရှူမဝတာတို့၊ မောတာတို့ ဖြစ်နိုင်တယ်၊ ခင်ဗျားအဲဒါတွေ မဖြစ်ဘူးမဟုတ်လား"

"ခေါင်းနည်းနည်းမူးပြီး ထိုင်းမှိုင်းတာပဲရှိတယ်"

"ခင်ဗျားအလုပ်က ပင်ပန်းတာကိုး ကိုစိုးဒေဝါရဲ့၊ ပေါင်ချိန်ပြည့်အောင် အသားများများစားပေး၊ ဟင်းသီးဟင်းရွက်မှာ သံဓါတ်ပါတာတွေစားပေးရမှာ။ ဥပမာ–ဟင်းနုနွယ်၊ ဂေါ်ဖီထုပ်စတာတွေပေါ့၊ တတ်နိုင်ရင် အနားယူလိုက်ပါ၊ လှုပ်ရှားရင် သွေးပေါင်ချိန်ပိုကျတာတယ်"

ကျွန်တော့်လှုပ်ရှားချက်တွေက နေ့ရောညပါလှုပ်ရှားနေရတာမို့ ကိုယ့်အကြောင်းကိုယ်အသိဆုံး။

သည်တော့ အကောင်းဆုံးက ကျွန်တော်အသားများများစားသည်။ ကြက်သည်းကြက်မြစ်နှင့် အမဲအသည်းကို ဦးစားပေးစားသည်။

အမဲသားပြုတ်ရည်ကို ဆိုင်တစ်ဆိုင်မှာ စပါယ်ရှယ်ပိုက်ဆံပေးကာ သောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ညနေဘက်တွင် ကျွန်တော်ပြန်လန်းလာသည်။

ညမြန်မြန်ရောက်ပါစေလို့ပဲ တိတ်တခိုးဆုတောင်းမိ၏။ ညရောက်လျှင် သူကလေးနှင့် ပြန်တွေ့ရမည်မဟုတ်လား။ မြကြေးမုံလေ. . .။

ကျွန်တော့်လက်မှာ ပတ်တီးစည်းထားသည်။ ညာလက်ပဲ ဦးစားပေးလှုပ်ရှားနိုင်သည်။ ကားကို ညာလက်တစ်ဘက်တည်းနှင့်မောင်းရ၏။

ကျွန်တော့်အာရုံထဲတွင် ဒေါက်တာဇာရက်မန် ဝင်နေ၏။ ကျွန်တော်က လိပ်စာအရ မဂိုလမ်း(ရွှေဘုံသာလမ်း)တွင်နေထိုင်သော ဒေါက်တာဇာရက်ခန်ရှိရာသို့ သွား၏။

သူက တိုက်ခန်းတစ်ခန်းတွင် မိသားစုမရှိဘဲ သူတပည့်ဟိန္ဒူကုလားလေးတစ်ယောက်နှင့်နေသည်။

ကျွန်တော်လာမည်ကို သူမျှော်လင့်မထားချေ။

တွေးတောအံ့အားသင့်နေသည်။

"ကျွန်တော်အကူအညီလိုလို့ လာတာပါဒေါက်တာ ဇာရက်ခန်"

"ဘာလဲဗျာ၊ ရန်ဖြစ်ဖို့လား၊ ရန်ပွဲအတွက် အကူအညီလိုလို့လား၊ အင်္ဂလိပ်ယဉ်ကျေးမှုနဲ့ ပြောရင်ဆောရီးပဲလို့ပြောရမှာပဲ၊ ရန်ဖြစ်တာကိုကျွန်တော် ဝါသနာမပါဘူးဗျာ"



ကျွန်တော်၏လက်တွင် စည်းပတ်ထားသော ပတ်တီးဖြူဖြူကိုကြည့်၍ သူကပြုံးစေ့စေ့နှင့်ဆိုပါသည်။ ကျွန်တော်ရှက်သွားမိပါသည်။

"ကျွန်တော်ဟာ နှစ်ဆယ့်လေးနာရီရန်ဖြစ်နေတတ်တဲ့လူမဟုတ်ပါဘူး မစ္စတာဇာရက်ခန်"

သည်တော့ သူကရယ်ပါသည်။

ကျွန်တော့်ပုခုံးကို ရင်းနှီးစွာပုတ်၍ -

"ကျွန်တော်နောက်တာပါဗျာ၊ ဝဲ(လ်)ကမ်း. . .ဝဲ(လ်)ကမ်းတူ မိုင်ဟောက်(စ်)"

"ကျွန်တော်က ထပ်တွန့်လိုက်ပါသည်။

"ကျွန်တော်ရန်ဖြစ်လည်း အဖော်မခေါ်တတ်ဘူး တစ်ဦးတည်းပဲ ဖြေရှင်းတတ်တယ်"

"ယုံပါတယ်ထောက်လှမ်းရေး စိုးဒေဝါရယ်"

ကျွန်တော် အံ့အားသင့်သွားသည်။ သူကထပ်မံရယ်ပြီး -

"ခင်ဗျားက ကိုယ့်ကိုယ်ကိုယ်မဖော်ပေမယ့် သတင်းစာက ဖော်တယ်ဗျ၊ ခင်ဗျားမျက်နှာကို သတင်းစာထဲမှာ မြင်ဖူးပါတယ်ဆိုပြီး လိုက်ရှာတော့ ခင်ဗျားရဲ့နိုင်ငံအတွက် ဆောင်ရွက်ချက်တွေကို သတင်းစာထဲမှာ ခင်ဗျားရဲ့ဓါတ်ပုံနဲ့ အတူဖော်ပြထားတာပဲ၊ အဲဒီလိုပုံပါလာတာတော့ မကောင်းဘူးဗျ၊ ပြီးတော့ ခင်ဗျားကို ရွှေကိုယ်တော်တစ်ကိုယ်တော်လို့လည်း ချီးကျူးထားကြတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"သတင်းစာထဲ ပုံပါတာတော့ ကျွန်တော့်အပြစ်မဟုတ်ပါဘူး၊ ကျွန်တော့်က ဓါတ်ပုံရိုက်မခံချင်ပေမယ့် သတင်းဓါတ်ပုံသမားက ခိုးရိုက်သွားတယ်၊ အဲဒီဟာကလည်း သတင်းရပြီးရောဆိုထည့်တာပဲဗျ၊ သူတို့ကိုဆန့်ကျင်ဘက်လုပ်လို့ မကောင်းဘူးဗျ၊ လောကမှာ စာရေးဆရာတစ်ချို့ရယ်၊ သတင်းစာသမားတစ်ချို့ရယ်ဟာ ကြောက်စရာ သိပ်ကောင်းတာ လိုလိုသလို၊ မလိုမလိုသလိုနှိပ်တာဗျ၊ ကျွန်တော်က ဆန့်ကျင်ဘက်တွေသွားပြောရင် သူတို့ကဝိုင်းတီးကြမှာဗ"

သူက ရယ်ပြန်ပါသည်။

တစ်ကယ်တော့ စာရေးဆရာတစ်ချို့၊ သတင်းစာဆရာတစ်ချို့ကို ကျွန်တော်ကြောက်ပါသည်။ သူတို့ကိုစည်းရုံးရခက်ပါသည်။ တစ် ချို့ကောင်းပါသည်။

"ခင်ဗျား ဘာအကူအညီလိုသလဲ"

"ကျွန်တော့်မှာ မှန်တစ်ချပ်ပါတယ်၊ အဲန်းတိတ်(Antique) ပစ္စည်းတစ်ခုပါ။ စာတွေပါတယ်၊ စာတွေက တိဗက်စာနဲ့တူတာပဲ ခင်ဗျားက ဘာသာစုံလိုက်စားတယ်ဆိုတော့ ဖတ်နိုင်မလားပဲ"

မှန်ကလေးကို ထုတ်ပေးလိုက်ပါသည်။

သူသည်လည်းမှန်ကို ကိုင်လိုက်ချိန်မှာ အသွင်တစ်မျိုးပြောင်းသွားပါသည်။



အထိတ်တလန့်ဖြစ်သွားပုံရသည်။ ဝနေသောခန္ဓာကိုယ်ကြီးက ဆတ်ခနဲ တွန့်သွား၏။

"အလိုဗျာ၊ တယ်ထူးဆန်းပါလား..ခင်ဗျားမှန်ကိုင်ရတာ ရေခဲရေနဲ့ပက်ခံရသလိုပဲဗျို့"

"စာလေးတွေပါတယ်၊ ဖတ်ပြပါ"

သူက ကျွန်တော့်ကို ထိုင်ခိုင်းပါသည်။ လူကြီးပီသ၏။ တည်ကြည်ယဉ်ကျေးပါသည်။ ကျွန်တော့်အတွက် အအေးသေတ္တာထဲမှ လင်မနစ်တစ်လုံးနှင့် ဖန်ခွက်ကိုသူ့တပည့်လေးအား ထုတ်ခိုင်းပါ၏။

မျက်မှန်တပ်ပြီးစာကို သေသေချာချာကြည့်ကာ -

"ဟုတ်တယ်၊ တိဗက်စာပဲ၊ ဒါပေမယ့်စာတွေက ဖတ်လို့မရအောင် ပျက်စီးနေပြီ"

"မှန်ကနှစ်ပေါင်းနှစ်ထောင်လောက်ရှိပြီပဲ"

သူက ကျွန်တော့်ကိုအံ့ဩသလိုကြည့်လိုက်၏။

"အင်း ခင်ဗျားပြောတာမှန်တယ်၊ စာထဲမှာ ဟန်မင်းဆက် သက်ထက်ကလို့ ပြောထားတယ်၊ ဒါဆိုရင် နှစ်ပေါင်းနှစ်ထောင်လောက်ရှိပြီပေါ့၊ ဒီမှာနေဦး...ဘာတဲ့၊ တိဗက်ဘာသာနဲ့ ပါဠိလိုအသံထွက်တဲ့ ရေးထားပါလား၊ သိပြီ..သိပြီ၊ ပါဠိလိုအသံထွက်က အဟောသောဘနဒါသ ဗျ ကိုစိုးဒေဝရဲ့"

www.burmeseclassic.com



"ကျွန်တော် ပါဠိလိုမကျွမ်းဘူးဗျ။ "အဟောသောဘနဒါသ" ဆိုတာ ဘာလဲဗျ"

"အဟောသောဘနဒါသဆိုတာ မြန်မာလိုအနက်ပြန်ရင် 'အံ့သြဖွယ်ကောင်းတဲ့ကြေးမုံ'တဲ့၊ သေသေချာချာပြောရရင် အံ့သြဖို့ကောင်းတဲ့မှန်ပေါ့"

"ဟုတ်ပြီ နောက်ထပ်ဘာတွေပါသေးလဲ"

"စာတွေက ပျက်နေပြီလေ၊ တစ်ချို့က ကိုက်ပိုးကျလို့ဖတ်မရဘူး၊ နေဦး ဒါကတော့ ကျိန်စာလို့ရေးထားတယ်၊ နေဦး‥ဒီဘက်က စာက မြန်မာလိုပြန်ရင် မှန်ကိုရသူဟာ ကံကောင်းနေတဲ့အချိန်မှာ မှန်ရဲ့ကောင်းကျိုးသုခကိုရပြီး ကံဆိုးတဲ့အချိန်မှာ မှန်ရဲ့ဆိုးကျိုးကိုခံစားရမယ်တဲ့၊ ဒါဆို ဒီမှန်ဟာ ဂမ္ဘီရမှန်ပေါ့"

ကျွန်တော် ထိတ်လန့်မှုတော့ ခံစားမိသည်။

ဒီမနက်ပိုင်းမှာ ကျွန်တော်ကားချင်းတိုက်လုနီးပါးဖြစ်ခဲ့သည်။ လက်မှာ လီမ့်ကျလို့ ဒဏ်ရာရခဲ့၏။

မနေ့ညက မြကြေးမုံ အပြောကကျွန်တော်မှန်ကိုဖျက်ဆီးရင် လို့ တူသောအကျိုးပေးမယ်တဲ့။

"ခင်ဗျားမျက်နှာဘာဖြစ်သွားလဲ၊ လန့်သွားတဲ့ပုံပဲ"

"မစ္စတာဇာရက်ခန် အဲဒီစာထဲမှာ မှန်ကိုဘယ်သူစောင့်သ မှန်ကဘယ်လိုဆိုးကျိုးတွေပေးသလဲဆိုတာ မပါဘူးလား"



"စာတွေက ပျက်စီးကုန်ပြီလေ‥မဖတ်တတ်တော့ဘူး၊ ဒါကို ခင်ဗျားဘယ်ကရသလဲ"

"ကျွန်တော်အဟောင်းပစ္စည်းဆိုင်တစ်ခုမှာတွေ့လို့ ဝယ်လာမိတာပါ"

"ကျွန်တော်တို့က ခေတ်လူတွေဆိုတော့ ဒါတွေအယုံအကြည် မရှိပါဘူး၊ ဒါပေမယ့် ကံကြမ္မာဆိုတာ လူကိုအုပ်စိုးနေတော့ ဆိုးကျိုးကိုယူလာမယ့် ဒီပစ္စည်းမျိုးမကိုင်တာကောင်းပါတယ်"

ကျွန်တော်က ပခုံးတွန့်ပြကာ မှန်ကိုတောင်းလိုက်၏။

ကျေးဇူးတင်ပါကြောင်းလည်း ပြောလိုက်သည်။

"ခင်ဗျားနဲ့ မော်လီ အိုကေပြီလား"

သူက စူးစူးစမ်းစမ်းမေးလာသည်။

"ဒီကချောသည်မကိုများ ဂရုစိုက်လို့"

ကျွန်တော်က အဓိရေးမစိုက်သလို တုန့်ပြန်ပြော၏။ ရင်ထဲမှာတော့ မော်လီလုပ်ပုံကြောင့် အောင့်သက်သက်။

"သတိတော့ထားတာပေါ့ဗျာ၊ ကောင်မကယောက်ျားစုံတယ်၊ ဘိုသွေးပါတယ်မဟုတ်လား၊ ကိုစိုးဒေဝါ တစ်လောက အင်္ဂလိပ်လိုလို တရုတ်လိုလို ကောင်တစ်ကောင်နဲ့ တွဲနေတယ်၊ ငတိကတော့ ပိုက်ဆံ ဝါးလားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား..ခင်ဗျားတွေ့လား..ဘယ်ကကောင်လဲ"

ကျွန်တော်၏ စိတ်ဝင်စားမှုကို သူကပြန်အကဲခတ်ရင်း -

"သူက တစ်ခါတစ်လေမှလာတာ၊ ကျွန်တော်က စပ်စပ်စုစု မရှိတော့လည်း မသိပါဘူးဗျာ၊ ကျွန်တော်က မော်လီဆိုရှောင်တယ်၊ ပိုက်ဆံကိုသူသုံးနိုင်လောက်အောင် မပေးနိုင်ဘူးလေ၊ ကျွန်တော်က အစာကလေးစား အရက်ကလေးနည်းနည်းသောက်၊ ဟိုကောင်မလေး ဒီကောင်မလေးတွေနဲ့တွဲကပြီး ပြန်တာပဲဗျ.."

သူ့အနေအထားကို ကျွန်တော်သိပါသည်။ ပိုက်ဆံကိုခြွေခြွေတာတာသုံးမည့် လူတစ်ယောက်ဆိုတာတော့ အကဲခတ်မိ၏။ ထိုညတွင် သူ့ကိုလီဒိုကလပ်တွင်မတွေ့ရပါ။

ကျွန်တော်ပြန်လာသည်။ လမ်းတွင်ကားမောင်းရင်း ညာလက်ကလက်ကိုင်ဘီးကိုထိန်း၊ ဘယ်လက်က မှန်ကိုကြည့်ကာ-

"ကဲ မှန်ကလေးရေ ဒီညတော့ လီဒိုကလပ်ကိုသွားမယ်၊ ဟိုရောက်ရင် အမှုထဲမှာပါတဲ့ မော်လီနဲ့တွေ့အောင် ဖန်တီးပေးစမ်းပါ၊ အားလုံးအကျိုးအမြတ်ရအောင် လုပ်ပေးပါ မှန်ကလေးရေ"

□ □ □ □ □



## ဇာတ်လမ်းခွဲ (၆)

ဇာရက်ခန်နှင့်မတွေ့ရပေမယ့် မော်လီနှင့်တော့တွေ့ရ၏။

ကျွန်တော်မော်လီ့ကို သွားကြည့်၏။

ကလပ်ခန်းမက စင်မြင့်ပေါ်တွင် မော်လီသည်ခုနစ်လွှာအက (Dance of the seven veils) ကိုကသည်။ လက်ခုပ်သံတွေညံနေ၏။

အမျိုးသမီး အမျိုးသားတွေပါ အားပေးကြ၏။

နောက်ဆုံးအလွှာအချွတ်မှာ မီးတွေပိန်းပိတ်အောင်မှောင်သွား၏။ ပရိသတ်ကြီး၏ ဟာခနဲညည်းတွားသံ ကြားရ၏။

ကျွန်တော်က လောင်းကစားခန်းသို့ ကူးသွားသည်။ နာရီဝက်မရှိတရှိတွင် မော်လီဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘီးလိုးသက်ခုံနားတွင် ရပ်နေရာ ကျွန်တော်နှင့် မော်လီမျက်နှာချင်းဆိုင်မိ၏။

လူချင်းတွေ့လျှင်တောင် မရယ်မပြုံးမိသော ကျွန်တော်က သူမကို တည်ကည်အေးအေးစိုက်ကြည့်မိ၏။

သူမက ကျွန်တော့်ကိုသဲ့သဲ့ကလေးပြုံးပြပြီးမှ မျက်နှာလွှဲသွားသည်။ အသိအမှတ်ပြုသည့် သဘောလောက်ပေပဲ။

သူမသည် လေးကောင်ဂျင်ကစားရာမှာ မက်မက်မောမောရှိဟန်တူနေသည်။ လေးကောင်ဂျင်ဝိုင်းကိုပဲထိုင်သည်။

သူမနာရီဝက်နီးပါးကစားနေသည်။

ပထမတော့ နိုင်ပုံရ၏။ နောက်တော့ သူမဆီမှ ငွေပုံကြီးလျော့လျော့သွားတာမြင်ရ၏။

ကျွန်တော်သူမအနားတွင် သွားရပ်ကာကြည့်နေ၏။ ကျွန်တော်ထင်သည့်အတိုင်းပေပဲ။

သူမက ကြက်ထိုးလျှင်ဝက်ပေါက်သည်။

ဝက်ထိုးလျှင် ငါးရှဉ့်မိသည်။

ငါးရှဉ့်ထိုးလျှင် ကြက်လာသည်။

"ဒီည ကံမကောင်းဘူး ရှိသမျှငွေတော့ သွားတော့မယ်ထင်ရဲ့"

သူမက ညည်းသလိုပြောပြီး ကျွန်တော့်ကိုတွေ့လျှင်



"ရှင်ကစားမှာလား"

"စဉ်းစားနေတာပဲ"

"ကျွန်မကိုယ်စား ရှင်ဝင်ကစားပေးမလား ကုသိုလ်ကံဆိုတာ နာရီပိုင်းအလိုက် ပြောင်းနေတာပဲလို့ လက္ခဏာဆရာတစ်ယောက်က ပြောဖူးတယ်"

ကျွန်တော် ကစားရမှာလန့်ပါသည်။

လောင်းကစားက ကျွန်တော့်ကိုအကျိုးပေးတာမဟုတ်။ ဒါပေမယ့် သူမနှင့် ရင်းနှီးဖို့ရန် သည်တစ်လမ်းပဲရှိ၏။ သူမငွေတွေရှုံးသွားလျှင် ကျွန်တော့်ငွေတွေပြန်ပေးလိုက်မည်။

"လုပ်လိုက်လေ…ရယ်ဒီပါပဲ"

ကျွန်တော်ကပြောပြီး သူမနှင့်နေရာချင်းလဲလှယ်ထိုင်လိုက်ပါသည်။

"မော်လီသတ္တိနည်းသွားပြီထင်တယ်"

ဒိုင်မှာ လီဒိုကကောင်တာစာရေးဖြစ်သည်။

သူသည် ဂျင်ကို သိသိသိပ်သိပ်လှည့်နိုင်သူဖြစ်၏

ငါးရှဉ့်၊ ကြက်၊ ဝက်၊ ဖားအကောင်လေးကောင်ပါသော အကွက်လေးကွက်ကို ကြည့်ကာ ဘယ်အကွက်ကို ကျွန်တော်ထိုးရမည်ကို စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကုတ်အင်္ကျီဘေးအိတ်ထဲမှ မုန့်ကလေးကိုမှတ်ရင်း မှပင်

"မုန့်ကလေးနဲ့ မြကြေးမုံရေ..တို့ကိုနိုင်အောင် ကူညီမစပါဦး"

ဟု နှုတ်မှ တိုးတိုးကလေးရွတ်ဆို ဆုတောင်းမိသည်။

ထိုးပုံကိုကြည့်တော့ ထိုးသားတွေက ဗမာသုံးဦး၊ ကပြားလေးယောက်၊ အနောက်နိုင်ငံသားသုံးယောက်၊ သူတို့အထဲမှာ အမျိုးသမီးသုံးဦးပါ၏။

အများဆုံးက ကြက်ကွက်နှင့် ဝက်ကွက်တွင်ပါသည်။

ကျွန်တော်က ချိန်ဆ၍ ဘယ်သူမှမထိုးသော ဖားကွက်တွင် ငွေငါးရာတင်လိုက်သည်။

ကောင်တာစာရေးက ဂျင်လှည့်လေပြီ။

သူများတော့ မပြောတတ်၊ ကျွန်တော်က ရင်တမမနှင့်။ နောက်ဘက်တွင် ကျွန်တော်နှင့် ကပ်ရပ်နေသော မော်လီဆီမှ မွှေးကြိုင်သော ပေါင်ဒါနံ့၊ ရေမွှေးနံ့တွေက ကျွန်တော့်နှာခေါင်းထဲ လာခိုၡ၏။

ဂျင်ရပ်သွား၏။

"ဟား...ဖားဗျို့...ဖား..ဖား...ဖရော့...ဖရော့"

ဗမာအမျိုးသားတစ်ယောက်က အော်၏။

ဂျင်က ဖားကွက်ထဲဝင်သွား၏။



ကျွန်တော်သဘောကျသွားသည်။ နောက်ဘက်မှ လက်ခုပ်တီးသံလေး။

မော်လီ့လက်ခုပ်သံ။

"သိပ်တော်တဲ့ယူပဲကွာ...ချီးယား(စ်)"

သူမ၏လက်ခုပ်သံနှင့် ချီးကျူးလိုက်သံ...

နောက်တော့ တစ်ပွဲပြီးတစ်ပွဲဆက်တိုက် နိုင်ပါတော့၏။ ကျွန်တော့်လည်ကုတ်ပေါ်တွင် မော်လီ၏ကိုယ်အထက်ပိုင်းက အိကျနေသည်။

ကျွန်တော့်ရှေ့တွင်ရှိသော ငွေပုံကြီးမှာ မောက်နေ၏။

ကျွန်တော်က မော်လီ့ကိုသိမ်းခိုင်းလိုက်တော့ လူတွေက ထိုကစားရာနေရာမှ ပါးသွားသည်။ နောက်ဆုံး ကျွန်တော်နှင့် ဒိုင်ပဲ ကျန်တော့၏။

ဒိုင်ခမြာ ချွေးသီးနေသည်။

သူ့တွင်လည်း ငွေနည်းနည်းပဲ ကျန်တော့၏။ အကြောင်းမူ

"ဟောဒီမှာငါးထောင်၊ ခင်ဗျားငါးထောင်ထပ်၊ ဒါနောက်ဆုံးလပ်(စ်)ဂိမ်းပဲ"

"အိုကေ"

ကျွန်တော် သဘောတူလိုက်၏။

www.burmeseclassic.com



မိုက်မိုက်ကန်းကန်းပဲ ကျွန်တော်ဆော်ထည့်လိုက်၏။ သည်တစ်ပွဲတွင်လည်း ကျွန်တော်ပဲနိုင်သည်။

ဒိုင်မှာ ချွေးသုတ်ရင်း မခံချိမခံသာနှင့်

“မိတ်ဆွေ ကျွန်တော်ဒီကလပ်ဖွင့်ကတည်းက ဒါမျိုးကစားလာတာ တစ်ခါမှမတွေ့ဖူးဘူး၊ ခင်ဗျားက အပြတ်ကိုနိုင်သွားတာ ချီးကျူးပါတယ်”

မော်လီမှာ ငွေစက္ကူတွေတစ်ပွေ့တစ်ပိုက်ကြီးနှင့် တစ်ပြုံးပြုံးဖြစ်နေသည်။

“ယူက သိပ်တော်တာပဲ၊ ယူက သိပ်တော်တာပဲ”နှင့် တစ်ချီးကျူးကျူးကိုဖြစ်နေသည်။

ကျွန်တော်လည်း ကျေနပ်နေမိ၏။

ကျွန်တော့်တစ်သက်တာတွင် သည်လိုတစ်ခါမှ မနိုင်ခဲ့ဖူးပါ။ ဒါကြောင့် ကျွန်တော်ကျေနပ်သည်။

ကျေးဇူးတင်ပါတယ် မြကြေးမုံနှင့်မှန်ကလေးရေ…

သူတို့ကူညီလို့ နိုင်တာပဲလို့ယုံကြည်မိ၏။

ဆိုးကျိုးပေးသလို ကောင်းကျိုးလေးပေးပါရဲ့၊ မော်လီမှာ သည်တစ်ခါတော့ ကျွန်တော်နှင့် စကားတွေ ရွှန်းရွှန်းဝေအောင်ပြောနေသည်။

“ယူ မော်လီကိုကူညီတာ နှစ်ခါရှိပြီနော်”



“အင်း…ဒီလိုအမှတ်တရလေးတွေရှိရင် တော်ပါပြီ”

ကျွန်တော်၏ ငေါ့လုံးသံကြောင့် သူမက ပျော်ပျော်ကလေးရယ်သည်။

“ယူ ဘာစားမလဲ”

“ဘာမဆိုကျွေးရင် စားဖို့အသင့်ပဲ”

သူမက ဘာကိုတွေးသည်မသိ ရယ်နေပြန်ပါသည်။ သူမ၏ရယ်သံမှာ မသာယာပါ၊ ရယ်သံကမဆွဲဆောင်နိုင်ပါ၊ ရုပ်ကသာဆွဲဆောင်နိုင်ပါသည်။ သည်လောက်ရုပ်မျိုးကိုတော့ ကျွန်တော့်အတွက်စာရင်းမဝင်ပါ။

“တရုတ်တန်းဘက်မှာ သွားစားရအောင်၊ စကားလေးဘာလေးလည်းပြောကြရအောင်နော်”

သည်တစ်ခါတော့ ဝေါ်မက ဗမာလိုပဲပြောပါသည်။ ဟင်း…သူ့ကိစ္စလုပ်ပေးမှပဲ သူကအရေးပေးနေလိုက်တာ၊ ဘိုသွေးပါလို့ထင်ပါရဲ့။

အမေရိကန်တွေ၊ အင်္ဂလိပ်တွေ သူတို့အကျိုးမပါလျှင် ဘာတစ်ခုမှ အကူအညီရသည်မဟုတ်။ ယခု ဘိုသွေးပါသော ဝေါ်မကကျွန်တော့်ကို အရေးပေးချေပြီ။

တရုတ်တန်းသို့မရောက်မီတွင် ကျွန်တော့်မှာ မလိုလားသောအန္တရာယ်နှင့်တွေ့ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးသည် လမ်းတစ်လမ်းပေါ်တွင် ကျွန်တော့်ကား နောက်မှလိုက်လာသည်။ လမ်းမှာညဉ့်နက်သည့်အပြင် ဆောင်းတွင်းရာသီအအေးဒဏ်ကြောင့် လူသွားလူလာမရှိဘဲ ပြတ်နေသည့်အပြင် ခြံတွေကလည်း ကျဲနေ၏။

လမ်းမီးရောင်တွေကလည်း မှိန်မှိန်။

အော်စတင်ကားနက်ကလေးတစ်စီး ဖြစ်သောကြောင့် ကျွန်တော့်က ဘာဘာညာညာမတွေးလိုက်ပါ။

သို့သော်လည်း ယင်းကားက ကျွန်တော့်ကိုကျော်ဖြတ်သွား၍ လမ်းဘေးတစ်နေရာတွင် ထိုးရပ်ကာ လမ်းကိုပိတ်၍လူသုံးယောက်က ရင်ဘောင်တန်းရပ်နေကြသည်။

ကားသွားလမ်းမှာ သိပ်ကျယ်ကျယ်ကြီးမဟုတ်။

"ဒုက္ခပဲ၊ ဒုက္ခပဲ၊ ငွေတွေပါလာတဲ့အချိန်မှဒုက္ခပဲ"

သူမက အသံတိုးတိုးကလေးနှင့် ညည်းညူသည်။ သူမက စားဝိုင်းမှာနိုင်ခဲ့သဖြင့် လုယက်မည့်သူများလိုက်လာခြင်းဖြစ်ကြောင်း ကျွန်တော်သဘောပေါက်မိ၏။

လမ်းကျဉ်းသဖြင့် ကားကိုပြန်ကွေ့ရန်မလွယ်ပါ။

သူတို့ကို တည့်တည့်ကြီးဝင်တိုက်လည်း သူတို့ရှောင်ပြီး ကျွန်တော်တို့နောက်ကို သူတို့ကားနှင့် လိုက်ပေဦးမည်။



သည်တော့ စိုးဒေဝါရဲ့ မူအတိုင်း…

လာမယ့်ဘေး ပြေးတွေ့…

ရန်သူဆိုဖြိုပစ်။

ကြောက်သည်ကို ကျော်ခဲနဲ့လဲမယ်ဟေ့။

ကျွန်တော် ကားကိုရပ်လိုက်သည်။ မော်လီက စိုးရိမ်စွာ…

"ယူရေ နိုင်ပါ့မလား…သူတို့လက်ထဲမှာ လက်နက်တွေနဲ့"

လက်နက်တွေက မှုစရာမလိုပါ။

သံတုတ်ကိုယ်စီနှင့်ဆိုတော့ သူတို့သံတုတ်နှင့် ကျွန်တော့်ခေါင်း ဘယ်ဟာကမာကြောင်း ပြရမှာပေါ့။

ကားကိုရပ်ပြီးပြီမို့ ကျွန်တော်ကဆင်းလိုက်၏။ ကားနားရပ်နေလျှင် ကားကိုထိဦးတော့မည်။

သူတို့ဆီသို့ ကျွန်တော်လျှောက်သွားသည်။ ကျွန်တော့်မူအတိုင်း ခြေနှစ်ဘက်ကား၊ ခါးကလက်နှစ်ဘက်ထောက်။

"မင်းတို့ဘာလိုချင်…"

ကျွန်တော့်စကားတောင်မဆုံးသေး…တစ်ယောက်က သံတုတ်နှင့်ပြေးရိုက်၏။ သူတို့သည် ကျွန်တော့်ထက်ငယ်သော လူငယ်တွေသာဖြစ်သည်။

ကျွန်တော်ဆော်ပြီဆို လူငယ်ရော၊ လူကြီးရောရွေးမနေပါ၊ ရန်သူဟာရန်သူပဲ။

www.burmeseclassic.com



သူက ခေါင်းကိုအရိုက်၊ ကျွန်တော်က သူ့သံတုတ်လေထဲ အမြောက်မှာ ငတိ၏ဝမ်းဗိုက်ကို ကြုံးကန်ပစ်လိုက်သည်။ ထိထိမိမိကြီး ကန်ပစ်လိုက်တာပဲ။

ငတိခွေကျသွားသည်။ ကျန်နှစ်ယောက်က ပြိုင်တူဝင်ရိုက်သည်။

ကျွန်တော့်ညာခြေထောက်က ဘယ်အစွန်ဆုံးရှိ လူ၏အပြင်ဘက်ရောက်အောင် ကိုယ်ညွှတ်တက်ပြီးသားဖြစ်သွားသည်။ တစ်ရှိန်ထိုးကျတော့မည့် သူ့တုတ်လက်ကိုင်ကို ဖမ်းဆီးဆုပ်ကိုင်ကာ သူ၏ရိုက်ရှိန်နှင့်ရောပြီး လွှင့်ပစ်လိုက်၏။

သူခမြောက်ခေပါသည်။

သူ့အဖော်၏ရိုက်လိုက်သောသံတုတ်က ကျွန်တော်လွှင့်ပစ်လိုက်သော လူ၏ဦးခေါင်းကို ခွပ်ခနဲထိသွားသည်။

ငနဲသားအသံတောင်မပေးနိုင်ဘဲ ခွေခနဲကျသွား၏။

ဝမ်းဗိုက်ကို အကန်ခံရသောလူမှာ ကြုံးကုန်းထစဥ် ကျွန်တော်က အဲဒီငနဲသား၏မေးကို ကြုံးကန်ပစ်လိုက်၏။ ဘယ်လက်ကိုမသုံးနိုင်ပါ။

လောကကြီးက ခဏမေ့လိုက်ပါစေတော့။

ဟိုငနဲမှာ သူ့အဖော်ကို သူရိုက်မိလို့ ကြောင်သွားသည်။ တိုက်



ခိုက်မှုအတွေ့အကြုံသာနေသော ကျွန်တော့်အဖို့ ထိုအခွင့်အရေးကို လက်လွှတ်မခံ။

လေထဲခုန်ပြေးကာ ကန်ထည့်ပစ်လိုက်၏။

ဘုန်းခနဲမြည်သံ။

အင်းခနဲမြည်သံတောင် အဲဒီငနဲပါးစပ်ဆီမှ ကြားလိုက်ရသည်။ ငတိပစ်လဲသွားသည်။ အသက်ရှူကြပ်ဟန်နှင့် ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်။

ကျွန်တော့်အတွက် သည်ကောင်လေးတွေနဲ့နွဲရတာ ပန်းသီးတစ်လုံး ကိုက်စားရတာလောက် လွယ်ကူသည်။

ဆက်တီးလိုက်လျှင် သည်ကောင်တွေ မချည့်မဆန့်ခံသွားရမှာကိုသိသည်။

သူတို့သည် ကျွန်တော့်ထက် လေးငါးနှစ်လောက်ပဲ ငယ်လိမ့်မည်။ ကျွန်တော်နိုင်တိုင်းမလုပ်လိုပါ။

လက်ကိုပွတ်ခါ၍ ကားဆီသို့ပြန်လာသည်။ မော်လီသည် ကားထဲမှငြိမ်သက်စွာထိုင်ကာကြည့်နေသည်။

"ဘယ်ကောင်ကငှားပြီး လုခိုင်းလိုက်သလဲမသိဘူးမော်လီ၊ ကောင်လေးတွေ ကြည့်ရတာ ပျံကျကလေးတွေနဲ့တူပါတယ်၊ အတော်မိုက်တဲ့ ကောင်လေးတွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျားကိုကြောင်ထင်ပြီး လာကစားကြတာကိုး၊ သေများသေသွားပြီလား ကိုစိုးဒေဝါ"

"မသေပါဘူး၊ နောက်ငါးမိနစ်၊ ဆယ်မိနစ်ဆို ပြန်သတိရလာကြမှာပါ၊ သူတို့စီးလာတဲ့ ကားဘယ်သူ့ကားဆိုတာ စစ်ကြည့်လိုက်ရင် ဘယ်သူကခိုင်းတယ်ဆိုတာ ပေါ်လာမှာပဲ"

"အိုး ဒုက္ခမရှာပါနဲ့၊ မော်လီ့ငွေလည်းမပါသွားပါဘူး၊ ကိုစိုးဒေဝါ မော်လီ့ကို ကူညီတာသုံးကြိမ်ရှိပြီနော်"

မော်လီ့အသံမှ ညုတုတု ပြီးမှ အင်္ဂလိပ်လို -

"Oh I never foreget you in my whole life my handsome hero"

ကဲ မိတ်ဆွေလည်း အင်္ဂလိပ်လိုတတ်တာပဲ၊ အနက်ပြန်ချင်သလိုသာပြန်ပါတော့။

ကျွန်တော်ကတော့ မော်လီ့စကားကိုကြားရကတည်းက မော်လီ ကျွန်တော့်အပေါ် ညွတ်သွားပြီဆိုတာသိသည်။

မိန်းမဆိုတာ ယောက်ျားတွေအပေါ် သနားစရာအဖြစ်မြင်ချင်မြင် သို့မဟုတ် အားကိုးစရာအဖြစ် မြင်မှ သူတို့ကျတတ်တယ်မဟုတ်လား။

တရုတ်တန်းရောက်သည်။ မဝိတ်သေးသော စားသောက်ဆိုင်တစ်ခုသို့ ဝင်၏။ တရုတ်အစားအစာအချို့မှာစားကြစဉ် ကျွန်တော်က



"ကိုယ်လည်း မော်လီနဲ့ ဒီညကျမှ မိတ်ဆွေဖြစ်ရတာပဲနော်၊ ကိုနီနဲ့ဖိုက်တဲ့ညက မော်လီကကိုယ့်ကို အရေးတောင်မစိုက်ခဲ့ဘူး"

"မော်လီက ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ် ကိုစိုးဒေဝါ၊ ရှင်က ထောက်လှမ်းရေးအရာရှိတစ်ယောက်ဆိုတော့ မော်လီက မပြောရဲ၊ မခေါ်ရဲဘူး"

ပါးစပ်နားရောက်ခါနီးသော ဝါးတူကိုကျွန်တော်တန့်ရပ်သွားမိသည်။ အံ့ဩသွားမိ၏။

"ကိုယ်ဘာဆိုတာ မော်လီသိတယ်"

"သိတာပေါ့"

"ဘယ်လိုသိတာလဲ"

"Nation ထဲမှာ ရှင့်ရုပ်ကြီးပါနေတာပဲ"

သတင်းစာ ကောင်းကျိုးပါပဲ။

ကျွန်တော် သက်ပြင်းချလိုက်သည်။ ခေါက်ဆွဲကိုဆက်စားရင်း

"ကိုယ် ဘယ်သူ့ကိုမှဒုက္ခမပေးပါဘူးမော်လီ"

"ဒါပေမယ့် ဝီလီကောင်းကိုတော့ ဒုက္ခပေးမှာပဲမဟုတ်လား"

ဒုတိယအကြိမ် အံ့ဩသွားမိပါသည်။

သူမက ကျွန်တော့်ထက်ပိုလျင်နေပါလား။

"ဝီလီကောင်း…ဝီလီကောင်းက ဘယ်ကလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဘဲသားဖက်ထုပ်ကိုစားနေဆဲမှ တူကိုပန်းကန်ထဲချပြီး

"ယူဟာလေ ဟန်ဆောင်ကောင်းတယ်၊ ယူလိုက်ဖမ်းနေတဲ့ ဝီလီကောင်းပေါ့…ယူ မော်လီကိုကူညီချင်တယ်ဆိုတာ ဝီလီကောင်းအတွက်ပဲ မဟုတ်လား"

ပြောရင်း မသိမသာလေး ရယ်လိုက်၏။

အဲသည်လောက် တည့်တိုးကြီးဆိုပြန်တော့လည်း ဤဖေကိုယ်၏ရင်ထဲမှာ မသက်မသာဖြစ်သွားသည်။ ဒါကြောင့် ကျွန်တော်သက်ပြင်းချပြီး -

"မော်လီ ကိုယ်ပွင့်ပွင့်လင်းလင်းပြောမယ်၊ မော်လီ့ကိုကိုယ်ခင်ပါတယ်၊ မော်လီ့ကိုယ်ထဲမှာ ဘာသွေးတွေပါလဲ"

"ယူကလည်းကွာ"

"မေးတာကိုဖြေစမ်းပါ"

"အဖေကမြန်မာသွေး၊ အမေက အင်္ဂလိပ်သွေး"

"မော်လီက ဘာလို့ ယူကေကိုလိုက်မသွားလဲ"

"အမွေအမျိုးတွေရယ်၊ အဖေ့ကိုရယ်၊ ဒီနိုင်ငံကိုချစ်ခင်လို့ပေါ့"

"အဲဒီမှာ အဖြေပြနေပြီမော်လီ၊ မော်လီ့ကိုယ်ထဲမှာ မြန်မာသွေးနဲ့ မြန်မာစိတ်ကများနေတယ်၊ အဲဒါကို မော်လီမသိဘူး၊ မော်လီအခုဝတ်ထားတာကကော တိုဘာရဲကိုးထဘီနဲ့ နိုင်လွန်လက်ပြတ်နဲ့၊ သားမွှေးအနွေးထည်နဲ့ဆိုတော့ မြန်မာလိုဝတ်ထားတာပဲ"



"ဒါက တစ်ခါတစ်ရံပါ ဂါဝန်ဝတ်တာများ…"

"မော်လီက မြန်မာလိုဝတ်လိုက်ရင် ကိုယ်လုံးအချိုးအဆစ်ကျပြီး သိပ်လှတာပဲ၊ တစ်ကယ်ပါ၊ မြန်မာအဝတ်အစားနဲ့လိုက်တယ်"

"ဟင်း..ယူကမြှောက်နေပြန်ပြီ"

"တစ်ကယ်ပါ၊ ကိုယ့်မျက်စိထဲမှာတော့ မြန်မာပြည်မှာနေပြီး မြန်မာသွေးပါသူဟာ မြန်မာမလေးပဲဖြစ်စေချင်တယ်၊ တစ်ကယ်တော့ မော်လီရဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေဟာ နိုင်ငံခြားသားနဲ့ နိုင်ငံခြားသွေးပါသူတွေပါ၊ တစ်နေ့ဒီက ဒီပိုးတင်း (Deporting) မလုပ်ခင် သူတို့နိုင်ငံကို သူတို့ပြန်ကြမယ့်လူတွေပဲ၊ ဒီတော့မော်လီကြောင့် ကျန်ရစ်ခဲ့လိမ့်မယ်"

ကျွန်တော်ပြောသည့်အတိုင်း နောင်တွင်သွေးစစ်သူများရော၊ သွေးနှောသူတွေပါ အသီးသီး ဤနိုင်ငံမှထွက်ခွါသွားခဲ့ကြပါသည်။ အချို့သွေးနှောသူတို့သာ သည်နိုင်ငံကိုချစ်၍ မြန်မာစိတ်နှင့်ကျန်ရစ်ခဲ့ကြပါသည်။

"မြန်မာသွေးပါသူဟာ မြန်မာထမင်းဟင်းစားပြီး မြန်မာ့မြေပေါ်မှာနေ မြန်မာ့ရေကိုသောက်မှတော့ မြန်မာပီသရတော့မှာပေါ့မော်လီ"

သူမသည် ကျွန်တော့်စကားကိုနားထောင်ရင်း ငေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘဲကင်တစ်ဖတ်ကို ခက်ရင်းနှင့်ထိုးရာက

"မြန်မာ့သွေးပါသူဟာ မြန်မာ့အသိုင်းအဝိုင်းမှာ မြန်မာအမျိုးသမီးတစ်ယောက်ပဲဖြစ်စေချင်တယ်၊ ဥပမာ ဂရေ့(စ်)ဆိုပါတော့"

ဂရေ့(စ်)မှာ စိုး၏အမည်။

"ဂရေ့(စ်)ဟာလည်း သွေးနှောသူပါပဲ၊ သူ့အဘိုးက အိုင်းရစ်(ရ်)ပဲ၊ စစ်မဖြစ်ခင်က ဒီမှာအိမ်ထောင်ကျတယ်၊ အမေက ကရင်၊ ဟောမွေးလာတော့ ဂရေ့(စ်)ရဲ့အမေက အိုင်းရစ်ကရင်ကပြား၊ ဒါပေမယ့် ဂရေ့(စ်)အမေက မြန်မာစိတ်များတယ်၊ သူ့နာမည်ရှယ်လီစမစ်ဆိုတဲ့နာမည်တောင်မယူဘဲ မြန်မာနာမည်ကိုပဲယူတယ်။ သူ့အမေဟာ သူ့အဖေ ဗမာစစ်စစ်နဲ့အိမ်ထောင်ကျတော့ ဂရေ့(စ်)ကိုမွေးတယ်၊ ဂရေ့(စ်)လည်း မစ်(စ်)ဘလဒ်(Mix Blood)ပဲ။ ဒါပေမယ့် ဂရေ့(စ်)က မြန်မာဆန်တယ်၊ နိုင်ငံခြားသွေးပါပေမယ့် သူ့ကိုယ်သူအိုင်းရစ်သွေးပါတယ်လို့ မယူဆဘူး၊ ကျွန်းဗင့်ကျောင်းမှာနေလို့ ဂရေ့(စ်)လို့ဘိုနာမည်ပေးပေမယ့် ဆယ်တန်းဖြေတော့ စိုချယ်ရီထွန်း၊ တက္ကသိုလ်ရောက်တော့လည်း စိုချယ်ရီထွန်း၊ အခုလည်း စိုချယ်ရီထွန်းပဲ၊ သူ့ကို ဘိုအသိုင်းအဝိုင်းက ဂရေ့(စ်)လို့ခေါ်ပေမယ့် သူက သူ့မြန်မာနာမည်ကိုပဲ နှစ်သက်တယ်။ ဒါဟာ မြန်မာမျိုးနွယ်ပီသတာပေါ့၊ မိုးရေဟာ သူ့ဟာသူမိုးရေလို့ခေါ်ပေမယ့် မြစ်ထဲရောက်ရင် ဘယ်သူမှမိုးရေလို့ မခေါ်ပါဘူး၊ မြစ်ရေပါပဲ၊ တစ်ကယ်တော့ ရေဟာရေပါပဲမော်လီ"



သူမက ကျွန်တော့်စကားကို တွေတွေကလေးစဉ်းစားနေသည်။

"မော်လီပြန်စဉ်းစားပါ ကဲ စားပြီးရင် သွားကြစို့"

ကျွန်တော့်ကားနှင့်ပဲ သူမကို ဘိုတထောင်ဘုရားလမ်းကအိမ်သို့ ပြန်ပို့ခဲ့ပါသည်။ သူမ၏အဒေါ်မှာ မြန်မာစစ်စစ်ပဲဖြစ်သည်။ တူမကို မနိုင်လို့ကြည့်နေရဟန်တူပါသည်။

တစ်ခုပဲ သူမကမေးသည်။

"ဂရေ့(စ်)နဲ့မော်လီ မတွေ့တာကတော့ကြာသွားပြီ၊ ဂရေ့(စ်)က ဘာဘာသာကိုးကွယ်လဲ"

"ဗုဒ္ဓဘာသာပဲပေါ့"

"မော်လီရော..."

သည်တော့ သူမကခေါင်းယမ်း၍

"မော်လီက ဘာသာရေးကိုစိတ်မဝင်စားဘူး၊ လူမှန်းသိစကတည်းက ဘာကိုမှ ရေရေရာရာမကိုးကွယ်ခဲ့ပါဘူး၊ ချပ်(Church)ကိုလည်း မသွားဘူး၊ ဘုန်းကြီးကျောင်းကိုလည်းမသွားဘူး"

"မော်လီကိုးကွယ်ချင်တာ ကိုးကွယ်ပေါ့၊ ဘာသာရေးဆိုတာ အားလုံးကောင်းတာချည်းပဲ၊ ဒါပေမယ့် ကိုယ့်လူမျိုးတွေ သွေးပါလာပြီး ကိုယ့်တိုင်းပြည်မှာနေရင်တော့ ကိုယ့်သွေးကိုယ့်လူမျိုးဟာ အကောင်းဆုံးပဲ၊ နိုင်ငံခြားမှာဆိုရင်တော့ မျက်နှာငယ်ရပြီမှတ်၊ ကိုယ့်လူမျိုးကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံမှမဟုတ်ဘဲ၊ အရေးရှိဖယ်ထုတ်ခံရလိမ့်မယ်မော်လီ၊ အင်္ဂလန်
မော်လီလိုက်မသွားတာလဲ ကောင်းပါတယ်”

ကျွန်တော်ပြန်လာတော့ မော်လီနှင့်ကျွန်တော်ပြောခဲ့တာတွေ
စဉ်းစားပါသည်။

အိမ်ကိုပြန်ရောက်တော့ မြကြေးမုံကိုသတိရသည်။

ကျွန်တော်မျက်လုံးဖွင့်ပြီး နံဘေးလက်တွင် မအိပ်ဘဲနေသော
လည်း သန်းခေါင်ကျော်တော့ အိပ်ချင်လာသည်။

မှေးခနဲဖြစ်သွားသည်။

ထုံးစံအတိုင်း မြကြေးမုံက ကျွန်တော့်ကိုလာနှိုးသည်။ သူ
မျက်နှာက လှောင်သလိုလိုနဲ့ မော်လီနှင့် တော်တော်ပျော်ခဲ့ရဲ့လား
မေးသည်။

ကျွန်တော်က စကားပိုင်းကိုသဝေရှ၍ မြကြေးမုံအား ကျေ
တင်စကားတွေပြောရသည်။ လောင်းကစားတွင် ရှုံးတတ်သောကျွ
တော့်အား နိုင်အောင် သူမကစောင်မခဲ့သည်မဟုတ်လား။

သည်တော့ သူမကပြုံးပြုံးကလေးနှင့် ခေါင်းညိတ်သည်
ပြီးတော့ ချစ်ဗီမွှာရ်ဆီသို့…။

အိပ်ရာမှထသောအခါ မနေ့ကလိုပဲ မှုန်နောက်နောက်၊ ထိုင်းမှိုင်း
မှိုင်း။



ခေါင်းထဲမှာလည်း မကြည်လင်။

မှန်ကလေးကို ကျွန်တော်ကြည့်ကာ လက်ရှိနေတွင် အကောင်
အထည်မတွေ့ရသော မြကြေးမုံကို မကျေမနပ်ဖြစ်မိသည်။

တတ်နိုင်လျှင် မှန်ထဲသို့ဝင်ပြီး သူမကိုရှာချင်ပါသည်။

စိတ်ထဲတော့ တစ်စုံတစ်ခုကို ကြိတ်ဆုံးဖြတ်လိုက်၏။ ကျွန်
တော်ကိုယ်လက်သန့်စင် မျက်နှာသစ်ပြီးသည်နှင့် ကြည်လင်သွား
အောင် ရေဒီယိုမှ မြန်မာ့အသံကိုနားထောင်သည်။

သီချင်းတွေလာသည်။ ဒေါ်စောမြအေးကြည်၏ ဂီတသင်ခန်း
စာကို နားထောင်မိ၏။ သူမသည် ဂီတမိခင်ကြီးဖြစ်သည်။ သူမဂီတ
သင်ခန်းစာက တံတျာတေရှင်မှ စတတ်သည်။

ကျွန်တော်က ဂီတမြတ်နိုးသူမို့ ကျွန်တော်ကိုယ်တိုင် ငယ်စဉ်
ကတည်းမှ လေ့လာလိုက်စားခဲ့ကြသည်၊ ယနေ့အထိ။

စန္ဒယားတီးသည်၊ တယောထိုးသည်၊ ဂစ်တာတီးသည်၊ မက်
ဒလင်တီးသည်။

ဒါတွေက ကျွန်တော့်လက်ရာတွေ…

ရှစ်နာရီခွဲတော့ ရေဒီယိုပိတ်လိုက်၏။ စိုးဆီဖုန်းဆက်ဖို့တောင်
ဆန္ဒမရှိ။

ဒါပေမယ့် အလုပ်ကမသွားမီ ဖုန်းဝင်လာခဲ့၏။ ဘယ်လက်မှ

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာက မနေ့ကနှင့်စာလျှင် နည်းနည်းသက်သာသွား၏။ ဘယ်လက်နှင့် ဖုန်းကိုင်၍ နားနားတွင် ဖုန်းခွက်ကပ်သည်။

ထူးထူးခြားခြားပင်…။

မော်လီဆီမှ ဖုန်းဖြစ်သည်။ ညက ကျွန်တော့်ဖုန်းနံပါတ်ကိုပေးခဲ့လို့ သူမဆက်နိုင်ခြင်းဖြစ်၏။

ကျွန်တော်နှင့် တွေ့လိုပါသည်။ သူမအိမ်သို့ နေ့လည်တစ်နာရီလောက် လာပါလားဟု ဆို၏။ ကျွန်တော်က ကျေနပ်စွာလာမည်ဟု ပြောလိုက်၏။

ကျွန်တော်သည် မိန်းမတွေကို ညို့တတ်သည်မဟုတ်ပါ။

ကျွန်တော့်ရုပကာ၊ ကျွန်တော့်ခန္ဓာကိုယ်အချိုးကျနစွာ တည်ဆောက်မှုထက် သူတို့နှင့်ကျွန်တော်စကားပြောပြီဆိုလျှင် သူတို့သဘောကျသွားတတ်သည်ကများသည်။

ပြီးတော့ သူမတို့ကို ကျွန်တော်ကူညီလိုက်မှုက ကျွန်တော့်ကို အထင်ကြီးသွားတတ်ကြသည်။

ဒါ ကျွန်တော့်ပါရမီလို့ ဆိုချင်ဆိုပေါ့။

ဒေါက်တာရာဂျာပီလေးဆီ ထပ်သွား၏။ လက်မှ ဒဏ်ရာကို စစ်ဆေးသည်။ အနည်းငယ်ညှိနေသည်မှအပ ပထမနေ့ကထက်စာလျှင် လက်အရောင်အကိုင်းလျော့သွားသည်။



ဒါပေမယ့် သူကော၊ ကျွန်တော်ကောမကြိုက်တာက သွေးပေါင်မှာ တက်မလာဘဲ မနေ့ကလိုကျနေဆဲ၊

သူက အားဆေးတွေထိုးပေးသည်။

ထိုခေတ်ထိုကာလက အားဆေးအင်ဂျက်ရှင်းတွေမှာ ယခုခေတ်လောက်မကောင်းပါ။

ကျွန်တော်တစ်သက်သာတွင် ဆေးထိုးဖူးတာဆိုလို့ သည်တစ်ကြိမ်ပဲရှိသည်။

ဘာကြောင့်အားလျော့သွေးပေါင်လျော့သည်ကို ကျွန်တော်နားမလည်ပါ။

ထားပါတော့…။

ကျွန်တော်အစားအသောက်ကို ကောင်းကောင်းစားသည်၊ အဟာရသည် အားကိုဖြစ်စေသည်ဆိုတာ ကျွန်တော်လက်ခံသည်။

နေ့လယ်တွင် မော်လီ၏အိမ်သို့သွားသည်။

မော်လီ၏အဒေါ်မရှိပါ။ သည်ကနေ့ဥပုသ်နေ့မို့ နီးရာဘုန်းကြီးကျောင်းတွင် ဥပုသ်သွားစောင့်ကြောင်း မော်လီပြောလို့ သိရသည်။

သူမသည် ထူးထူးခြားခြား မြန်မာလိုပဲ ဝတ်ထားသည်။

ငါးပေခြောက်လက်မလောက်ရှိမည့် အရပ်အမောင်းက မိန်းမများထဲတွင် ထိုခေတ်ကရှာမှရှားသောအရပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာလိုဝတ်ထားသဖြင့် ခန္ဓာကိုယ်က သူမ၏ဖြူဝင်းသော သားနှင့် အထက်အောက်ကြည့်လှသလို ကိုယ်လုံးကလည်း ယောင် တို့ စွဲမက်လောက်အောင် ဖွံ့ဖြိုးလှသည်။

သူမ၏တိုက်ခန်းသည် နှစ်ထပ်တိုက်၏အပေါ်ခန်းဖြစ်သည်

ကျွန်တော်ရောက်သွားချိန်တွင် သူမဆီမှ မွှေးရနံ့တွေရနေသည်

"မနေ့ညက မော်လီနိုင်တဲ့ငွေတွေဟာ မနည်းဘူး၊ ခုနှစ်သောင်း ကျော်ရှိတယ်"

သူမက ကျွန်တော့်မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ပြောသ အဲသည်ခေတ်က ငွေခုနှစ်သောင်းဆိုတာ တစ်ထပ်တိုက်တစ်လုံးနှင့် ဂျစ်ကားတစ်စီးတော့ ဝယ်နိုင်ပါသည်။

"နည်းတာမှမဟုတ်ဘဲ"

စီးကရက်ကိုအခဲမပျက် ကျွန်တော်ပြန်ပြောမိ၏။

"အဲဒါ ကိုစိုးဒေဝါကျေးဇူးပဲလေ"

"ဘာလဲ ကျေးဇူးဆပ်မလို့လား…"

ဧည့်ခန်းတွင် သူမနှင့်ကျွန်တော် နှစ်ယောက်ပဲရှိ၏။ သူမက မျက်လုံးကလေးမှေးပြီး ကျွန်တော့်ကိုကြည့်သည်။ သူမ၏မျက်တောင် ကော့ကြီးတွေကို ထူထင်းထင်းကြီးမြင်ရ၏။

ကျွန်တော်ကလည်း သူမကိုငေးကြည့်နေမိ၏။



"မော်လီ ကိုစိုးဒေဝါကိုကျေးဇူးဆပ်ချင်ပါတယ်"

အပြောနှင့်အတူ လက်ကလေးတွေက ကျွန်တော့်ကိုသိုင်းဖက် လာသည်။ ကျွန်တော်ဆန္ဒမရှိပါ။ သူမ၏လက်ကလေးတွေကိုညင်သာ စွာဖြုတ်၍ -

"ကိုယ်အခွင့်အရေးမယူပါဘူးမော်လီ"

"ရှင့်လိုယောက်ျားမျိုး ကျွန်မဒီတစ်ခါပဲတွေ့ဖူးတယ်၊ တစ်ခြား ယောက်ျားတွေဆို မော်လီကိုငန်းငန်းတက်"

"ကိုယ်ဟာ ဂရေ့(စ်)ရဲ့စေစပ်ထားသူတစ်ယောက်၊ ဂရေ့(စ်) ရဲ့ရည်းစားဆိုတာ မေ့သွားပြီလား…"

"အိုး…ဆောရီး…တောင်းပန်ပါတယ်နော် ကိုစိုးဒေဝါက တစ်မျိုးပဲ၊ ငါးကြော်မြင်ရက်နဲ့ မနိုက်တတ်တဲ့ကြောင်လိုပဲ"

"ကိုယ်မှငါးကြော်မကြိုက်တာ"

"ဒါဖြင့် ဘာကြိုက်လဲ"

"ဘာလို့ဒါတွေပြောနေတာလဲ"

"ကိုစိုးဒေဝါရဲ့ ကျေးဇူးရှိလို့ပါ၊ ညက ကိုစိုးဒေဝါပြောခဲ့တာ တွေကို အိပ်ရာထဲမှာ အပြန်ပြန်အလှန်လှန်စဉ်းစားတယ်၊ ယူ…အဲ ကိုစိုးဒေဝါပြောတာ မှန်ပါတယ်၊ မော်လီဟာ မြန်မာသွေးပါတယ်၊ မြန်မာပြည်မှာနေရင် မြန်မာပဲဖြစ်သင့်တယ်၊ ဒက်ဒီမသေခင်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဆန်ဆန်နေဖို့ မော်လီ့ကိုဆုံးမခဲ့ပါတယ်၊ မော်လီ့ဘဝမှာက မာမီရဲ့လွှမ်းမိုးမှုတွေ အများကြီးပါနေတယ်၊ ကိုယ့်ကိုယ်ကိုယ် ဘိုသွေးပါတော့လည်း ကိုယ့်ကိုယ်ကိုယ် ဘိုအစစ်လိုပဲ အောက်မေ့တယ်၊ ဒီလိုဖြစ်လာအောင် ဒက်ဒီနဲ့မာမီက အနောက်တိုင်းရဲ့ ယဉ်ကျေးမှုတွေကို သင်ပေးခဲ့တာကိုး၊ ဒက်ဒီကိုယ်တိုင်လည်း အနောက်တိုင်းလေ့ကို သဘောကျခဲ့တယ်၊ ဒါပေမယ့် မာမီကအင်္ဂလန်ပြန်သွားပြီး ကွဲကွာသွားတဲ့အချိန်ကျမှ သူ့အမှားကိုသူသိလာတယ်၊ မြန်မာ့ယဉ်ကျေးမှုလေ့ကိုပဲ ယူတော့တယ်၊ မော်လီ့ကိုလည်း မြန်မာဆန်ဆန်နေထိုင်ဖို့ ဆုံးမသွန်သင်ခဲ့ပါတယ်''

သူမခဏရပ်ကာ တွေးနေသည်။

ကျွန်တော် စီးကရက်ခဲမပျက်ရင်းက ဘယ်လက်ကပတ်တီး ဒဏ်ရာကို အမှိုပွါယ်မဲ့ထောင်ကြည့်မိ၏။ သူမစကားသံတွေနားထဲ ဝင်လာ၏။

''မော်လီက နားမထောင်ခဲ့ဘူး၊ ပါတီတက်၊ ကလပ်တက်၊ ဘိုတွေနဲ့ မော်လီတို့လိုကပြားတွေနဲ့ပေါင်းရင်းက မော်လီထင်ရာလုပ်ခဲ့တယ်၊ ဒက်ဒီလည်း ဆုံးရော မော်လီထင်ရာစိုင်းလိုက်တာ အခုဒီဘဝရောက်လာတာပဲ၊ အဲဒါဘာလို့လဲဆိုတော့ မြန်မာပြည်မှာနေတဲ့ မြန်မာအမျိုးသမီးတစ်ဦးဟာ မြန်မာဆန်ဆန်မနေမိလို့ပဲ''



''အခုမော်လီ မြန်မာမလေးဖြစ်သွားပြီလား''

''ရှင့်စကားကို ညကစဉ်းစားပြီး နောင်တဆိုတဲ့အသိတရားတွေ ဝင်လာတယ်၊ မြန်မာသွေးပါတဲ့ မော်လီဟာ မြန်မာလိုပဲနေဖို့ဆုံးဖြတ်လိုက်ပါတယ်၊ ရှင်ပြောသလို မိုးရေဟာလေထဲမှာမိုးရေအဖြစ်သတ်မှတ်ပေမယ့် မြစ်ထဲရောက်ရင် မိုးရေမဟုတ်တော့ပါဘူး၊ မြစ်ရေဖြစ်သွားပါပြီ၊ ရှင်ပြောသလို မိုးရေမဟုတ်တော့ပါဘူး၊ မြစ်ရေဖြစ်သွားပါပြီ၊ မော်လီလည်း ဘိုသွေးပါတယ်ဆိုပေမယ့် မြန်မာပြည်မှာနေရင် ဘိုမဟုတ်ဘူး မြန်မာမပဲဖြစ်ရမယ်ပေါ့''

''ကိုယ်ဝမ်းသာပါတယ်မော်လီ၊ ကိုယ်က မော်လီ့ကိုမြန်မာလေးပဲ ဖြစ်စေချင်တာပါ၊ မြန်မာလိုပြော၊ မြန်မာလိုဝတ်၊ မြန်မာလိုနေထိုင်သွားလာတာဟာ ကိုယ့်လူမျိုးကို ကိုယ်လေးစားတဲ့သင်္ကေတပါ ပဲမော်လီ တစ်ခုတော့ရှိတယ် မော်လီလက်ရှိဘဝကိုပါ ပြောင်းရလိမ့်မယ်''

''ကိုစိုးဒေဝါကိုကျေးဇူးတင်တယ်ဆိုတာ အဲဒါလည်းပါတာပေါ့၊ အခုမော်လီရထားတဲ့ငွေတွေနဲ့ မော်လီဘဝကိုမော်လီတည်ဆောက်မှာပါ၊ မော်လီရဲ့ဘဝဟောင်းကို မော်လီစွန့်ပစ်လိုက်တော့မယ်''

''လုံးလုံးလျားလျားပြောင်းလိုက်ရင် အကောင်းဆုံးပဲ၊ တော်ကြာ စွန့်ပစ်မယ်လုပ်ပြီးမှသွားတော့လေ…နေပါဦးမလုပ်နဲ့မော်လီ''

www.burmeseclassic.com

www.burmeseclassic.com



သူမက သွားကလေးတွေကို နှုတ်ခမ်းပြည့်ပြည့်နှစ်လွှာအတွင်း မှပေါ်အောင်ပြုံးသည်။

"မော်လီဆုံးဖြတ်ထားပါတယ် ကိုစိုးဒေဝါ၊ ကိုစိုးဒေဝါက မော်လီ့အသိကိုလည်းဖွင့်ပေးတယ်၊ ကူလည်းကူညီခဲ့တယ်၊ မော်လီ့ကို နိုင်အောင်ကစားပေးခဲ့တဲ့ ငွေတွေထဲက ကိုစိုးဒေဝါကြိုက်သလောက်..."

"နီး...နီး...ဒါတွေမပြောနဲ့မော်လီ၊ ဒါတွေကိုယ်မလိုချင်ဘူး"

"ခက်တာပဲ၊ ကိုစိုးဒေဝါက ဘာမှပေးလို့မရပါလား"

"လိုချင်တာတစ်ခုတော့ရှိတယ်"

"ပြော"

"မော်လီပေးနိုင်ပါ့မလား"

"မော်လီနဲ့သက်ဆိုင်တာဆို ဘာမဆိုပေးမယ်"

"တစ်ကယ်နော်"

"တစ်ကယ်ပါ"

"မော်လီ ကိုယ်ဘာကောင်လဲဆိုတာ သိတယ်နော်၊ ကိုယ်အမှုတစ်ခုလိုက်နေတယ်၊ အဲဒီအမှုက အနောက်ပိုင်းက လူသတ်မှုတစ်ခုပဲ၊ သတ်တာကတော့ နိုင်ငံခြားသားချင်းသတ်မှုပါ၊ အဲဒီအမှုက နိုင်ငံခြားသားချင်းတတ်တယ်ဆိုပေမယ့် ကိုယ့်နိုင်ငံ၊ ကိုယ့်မြေပေါ်မှာဖြစ်တော့



[..]တို့နဲ့လာငြိနေတယ်မော်လီ၊ အဲဒီအမှုက လူသတ်ကောင်ကိုဖမ်း[..]တယ်၊ လူသတ်ကောင်က ဝီလီကောင်းဆိုတဲ့ နိုင်ငံခြားသားကောင် [..]သူနဲ့မော်လီဆက်နေတယ်ဆိုတာ ကိုယ်သိတယ်၊ ကိုယ်လိုချင်တာ သူဘယ်မှာနေလဲဆိုတာပဲ"

ကျွန်တော် ပြတ်ပြတ်သားသားပင်ပြောချလိုက်သည်။

သူမကိုလည်း အကဲခတ်နေသည်။

အိမ်ပြင်ဘက်ကိုငေးမောနေသည်။

"အစဉ်းစားရခက်နေတာလား မော်လီ"

"သူက ကျွန်မကိုငွေကြေးထောက်ပံ့နေတာပဲ ကိုစိုးဒေဝါ ရှင့်ကို [..]လိုက်ရင် သစ္စာဖောက်ရာများကျမလားလို့"

"မော်လီ ကိုယ့်ကိုယ်ကိုယ် မြန်မာအမျိုးသမီးဆိုတာ မေ့သွား[..]ား၊ မြန်မာအမျိုးသမီးတစ်ဦးဆိမှာ ကိုယ့်နိုင်ငံကိုကာကွယ်စောင့်[..]က်ရမယ့် အခွင့်အရေးနဲ့ တာဝန်ရှိတယ်လေ၊ ဝီလီကောင်းဟာ [..]ငံခြားသားလူသတ်ကောင်ပါ၊ မြန်မာ့မြေပေါ်လာပြီး အမှုလုပ်တာ [..] ကိုယ့်နိုင်ငံကိုမထီလေးစား စော်ကားတာနဲ့ အတူတူပဲ၊ ဒီလိုလူ[..]ကို မော်လီလက်မလား..."

သူမ ထရပ်[..]ည်။

ဟိုမှသည်သို့၊ သည်မှဟိုသို့လျှောက်လိုက်လုပ်နေ၏။ သူမ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလည်း တွေဝေနေ၏။ ကျွန်တော့်စကားတွေကို စဉ်းစားဝေဖန်နေပုံပဲ။

"ပြတ်သားလိုက်စမ်းပါမော်လီ၊ သူဘယ်မှာနေတယ်ဆိုတာသိရင်တော်ပြီမော်လီ၊ ကိုယ့်ဟာကိုယ်သွားဖမ်းမယ်"

တီတ်ဆိတ်နေသည်။

မော်လီဘာပြောမလဲ။

မော်လီ၏အသံကလေးထွက်လာသည်။

"ကိုစိုးဒေဝါပြောတာမှန်ပါတယ်ရှင်၊ ကျွန်မဟာ မြန်မာအမျိုးသမီးပါ၊ မြန်မာအမျိုးသမီးဆိုတာ ပြတ်သားရမယ်၊ ကိုယ့်နိုင်ငံကိုယ့်လူမျိုးကိုစောင့်ရှောက်ရမယ်၊ ဘယ်နိုင်ငံခြားသားကိုမှ သံယောဇဉ်ထားဖို့မလိုဘူးဆိုတာ ကျွန်မသိတယ်၊ ဝီလီကောင်းကို ကျွန်မဝှက်ထားတာပဲ"

"ဘယ်မှာဝှက်ထားလဲ"

"အင်းစိန် ဒညင်းကုန်းဘက်မှာပါ၊ အဲဒီမှာဒက်ဒီပိုင်တဲ့ ခြံတစ်ခြံရှိတယ်၊ စစ်အတွင်းက ဗုန်းဒဏ်သင့်ခဲ့တဲ့ အဆောက်အဦးရှိရာခြံပဲ၊ အဲဒီကိုသွားရမှာ..."

ကျွန်တော်ဝမ်းသာသွားသည်။

**မော်လီကိုကျွန်တော်စည်းရုံးရာတွင် အချိန်တိုတိုအတွင်းမှာအောင်မြင်သွားချေပြီ။**



"သိပ်ဝမ်းသာတာပဲမော်လီ၊ မော်လီအခုလိုကူညီတာ ကိုယ်ဘဝတစ်သက်မှာ နတ်သမီးလေးတစ်ပါးက ကူညီလိုက်တယ်ဆိုပြီး မမေ့ပါဘူး"

"ကိုစိုးဒေဝါရယ် စကားကိုပြင်ပြောလိုက်စမ်းပါဦး..."

"အို...ဘွာ..ဘွာ အားနာလိုက်တာ၊ စကားပြောမှားသွားတယ်၊ နတ်သမီးမဟုတ်ပါဘူး၊ လူကေရီလေးတစ်ပါးက ကူညီလိုက်တာပါနော်"

သည်ခေတ်သည်အခါက မကောင်းသောမိန်းကလေးကို အပြောမယ်၊ စိမ်မယ် သို့မဟုတ် နတ်သမီးဟု တင်စားပြောတတ်ကြပါ၏။

ကျွန်တော့်တောင်းပန်စကားကြောင့် သူမကျေနပ်သွားပုံရ၏။ ပြုံးသည်။

ထိုခေတ်ထိုအချိန်က စကားအသုံးဖြစ်သော ဖော်လံဖားစကားမျိုးနှင့် သူမကျေနပ်အောင် ဖားရပေမည်။

ဖားသည်ဆိုတာကလည်း သူ့အကြိုက်လိုက်ပြောရသော စည်းရုံးခြင်းတစ်မျိုးမဟုတ်လား။

အဖားကောင်းမှ အဝါးကောင်းပေလိမ့်မည်။

ကျွန်တော်၏ ဖားစကားက ဘယ်လောက်အောင်မြင်သွားသလဲဆိုသော မော်လီကထိုခြံကို သူမကိုယ်တိုင်လိုက်ပြပေးပါမည်ဟု နောက်ဆုံးပိတ်ဆိုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါရင်ချောင်သွားရပြီပေါ့။

ဘယ်လျက်ဆားမှ မစားရပါ။

အဖားကောင်းလို့ပါပဲ။

□ □ □ □ □



## ဇာတ်ဆမ်းခွေ (၈)

သူမကိုယ်တိုင် လိုက်လာပါသည်။

လမ်းတွင်ကျွန်တော်ကမေးသည်။ သူမယခုလိုယောက်ျားတွေနှင့် ရှုပ်ရှုပ်ယှက်ယှက်လုပ်တာကို သူမ၏အဒေါ်သိပါသလား။

*သည်တော့ သူမကဖြေသည်။*

သူမက ဒီလိုကလပ်တွင် သီချင်းဆိုသည်၊ ကသည်ဟု သူမအဒေါ်ကိုပြောထားသည်။ တကယ်လို့သာ သူမအဒေါ်သိလျှင် အိမ်ပေါ်မှ မောင်းချတာ ကြာပြီဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မော်လီသည် ပွင့်လင်းသောမိန်းကလေးတစ်ယောက်ဖြစ်ချေ၏။ ရဲတင်းမှုလည်းရှိသည်။ ရဲတင်းမှုသည် ပွင့်လင်းမှုကိုဖြစ်စေသော်လည်း ဣန္ဒြေမဲ့စေ၏။ မြန်မာအမျိုးသမီးတစ်ယောက်အနေနှင့် အရှက်တို့၊ သိက္ခာတို့ရှိသောကြောင့် ပွင့်လင်းမှုကို တစ်ဝက်ချိန်ထားသင့်ကြောင်း ရဲတင်းမှုကိုလည်း တစ်ဝက်ချန်ထားသင့်ကြောင်း ကားမောင်းရင်းပြောမိသည်။

"မော်လီမှာ ညီအစ်ကိုမောင်နှမ မရှိပါဘူး၊ ကိုစိုးဒေဝါကို မော်လီအစ်ကိုလို့ပဲ မှတ်ယူလိုက်ပါ့မယ်၊ ကိုစိုးဒေဝါစကားကို မော်လီ နားထောင်ပါ့မယ်"

သူမတလေးတစားပြန်ပြောသည်။

အချိန်တိုတိုအတွင်း သူမကို ကျွန်တော်စည်းရုံးနိုင်ခဲ့ပြီး အချိန်တိုတိုအတွင်း မော်လီမှာ သူမကိုယ်ကိုသော်လည်းကောင်း၊ သူမ၏ဘဝကိုသော်လည်းကောင်း သဘောပေါက်သွားသည်မှာ သူမ၏ဦးနှောက် ဉာဏ်မသေးလှဟု ကျွန်တော်ယူဆမိ၏။

ဒညင်းကုန်းသို့ရောက်သည်။

လူနေလူခြေနည်းပါးသည်။ လမ်းတွေကလည်းကြမ်းသည်။ အင်းစိန်နှင့်ဆက်နေသော်လည်း သွားလာဆက်သွယ်မှုနည်းပါးသဖြင့် ဒညင်းကုန်းမှာ တောရွာသာသာပဲရှိနေ၏။



ခြံတွေ၊ လယ်ကွက်တွေကတော့ပေါသည်။ မော်လီ့ဒက်ဒီဝယ်ထားသောခြံမှာ ချစ်တီးကုလားတစ်ဦးဆီက ဝယ်ထားတာဖြစ်ပြီး တစ်နေ့တွင် နွားမွေးကာ ခြံလုပ်မည်ဟုအဘိုးကြီးက စိတ်ကူးထားခဲ့၏။

ယခု အဘိုးကြီးမရှိတော့။

ထိုစဉ်က ခြံမြေတိုက်တာတွေမှာ လူတွေအဖို့ မက်မောစရာမရှိဘဲ ဂရုမစိုက်၊ ဘေးမဲ့ထားသောအရာတစ်ခုသာဖြစ်၏။ ကိုယ်ပိုင်အလုပ်ထက် လခစားအလုပ်ကို မက်မောနေကြသောကာလ။

လမ်းကလေးတစ်ခုထဲကို ချိုးဝင်မောင်းရသည်မှာ မသက်သာ၊ ဆောင်းကာလမို့သာ ရေမရှိသော်လည်း အဖုအထစ်ချိုင့်ခွက်တွေများ၏။

လူနေအိမ်ခြေလည်းမရှိ။

မုံကလေးကိုတီးကာ ကုလားသီချင်းဆိုနေသော ကုလားများရှိသည်။ တဲနှစ်တဲသုံးတဲသာ ကြိုးတိုးကျဲတဲတွေ့ခဲ့ရ၏။

"ရပ်လိုက်တော့"

မော်လီကပြောသည်။

"သွားရဦးမလား"

"ရှေ့မှာကွေ့ရှိတယ်၊ အဲဒီနေရာကိုသွားရင်ရောက်ပြီ၊ ခြံပိုင်က တိုက်ပျက်ကြီးထဲမှာ ဝီလီနေတယ်၊ ကားသံကြားရင် ရိုင်ဖယ်သွားမှာစိုးလို့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကားကိုရပ်လိုက်သည်။

"မော်လီနေခဲ့"

"ရပါတယ် ကိုစိုးဒေဝါ ကျွန်မလိုက်ပြီးလူယောင်ပြလိုက်မယ်၊ တိုက်ထဲမှသူအထွက်လာမှာ ရှင်ဖမ်းပေတော့"

ပစ်လားခတ်လားဖြစ်မှာတော့သေချာသည်။

မော်လီကို ကျွန်တော်မခေါ်ချင်ပါ၊ သို့သော် မော်လီလိုက်ပြီး ဝီလီကို ခေါ်ထုတ်မှသာ ဝီလီတိုက်ပျက်တွင်းမှ ထွက်လာလိမ့်မည်။

ပုန်းလျှိုးကွယ်လျှိုးနှင့် ကျွန်တော်ကိုယ်ယောင်ဖျောက်၍ လိုက်သွားရမည်။

ကျွန်တော်တို့နှစ်ယောက် ယှဉ်လျှောက်လာ၏။

ဘေးတစ်ဘက်တစ်ချက်တွင် လယ်ကွက်နှင့် ပေါင်းမြက်တွေ ပေါက်နေသောခြံကွက်တွေရှိနေ၏။

ဟိုအဝေးကားလမ်းတွင်သာ အိမ်အစုစုတို့ကို မြင်ရ၏။

ဟိန္ဒူကုလားကြီးတစ်ယောက်က ခေါင်းတင်အုပ်ပေါင်းကြီး ပေါင်းကာ ဒိုတီတန်းလန်းနှင့်မြက်တွေကို ခါးတစ်စင်းနှင့်ခုတ်နေ၏။

သူက ကျွန်တော်တို့နှစ်ဦးလာရာကို တစ်ချက်စောင်းငဲ့ကြည့်၍ သူ့အလုပ်ကိုသူဆက်လုပ်နေသည်။

လမ်းကွေ့လေးအရောက်တွင် မော်လီကကျွန်တော့်ကို လက်ပြလိုက်သည်။



ကျွန်တော် နောက်ချန်နေရစ်လိုက်သည်။

ရှေ့တွင် ဝင်းမခတ်ရသေးသော ခြံတစ်ခြံရှိ၏။ ခြံမှာကျယ်ဝန်းသလို သရက်ပင်၊ ကုက္ကိုပင်များ၊ ပေါင်းမြက်များနှင့် ရောနှောရှုပ်ထွေးနေသည်။

တိုက်ပျက်ကြီးတစ်ခုရှိ၏။

ကျွန်တော် ခါးကြားနောက်တွင် ထိုးဝှက်လာသော ပြောင်းတိုခြောက်လုံးပြူးကလေးကို ထုတ်ကာ နီးရာကုက္ကိုပင်ကြီးတစ်ပင်၏ ပင်စည်နားတွင် ကပ်လိုက်သည်။

ခြံနှင့်ကုက္ကိုပင်မှာ တိုက်သုံးလေးရာတော့ရှိမည်။

ကျွန်တော် ဝန်းကျင်ကိုအကဲခတ်၏။ ညာမှာဘက်တွင် ကုက္ကိုပင်တွေက တစ်ပင်နှင့်တစ်ပင် နီးပြီးခြံနားအထိရှိနေ၏။

ကျွန်တော်က ယင်းကုက္ကိုပင်တွေကို တစ်ပင်ပြီးတစ်ပင် အကာအကွယ်ယူကာ ခြံနားအထိ ရောက်အောင်သွား၏။

မော်လီသွားရာသို့ မျှော်ကြည့်သည်။

မော်လီသည် ကြောက်ရွံ့ခြင်းကင်းစွာ ခြံထဲသို့ဝင်သွားနေသည်။ ကျွန်တော်က ခြံနှင့်မနီးမဝေးရှိ ကုက္ကိုပင်ကြီးကို အကာအကွယ်ယူကာ သစ်ပင်တွေကြားမှာ မြင်နေရသော တိုက်ပျက်ကြီးကိုကြည့်၏။

တိုက်ပျက်ကြီးမှာ ကျွန်တော်ရှိနေရာနှင့်ဆိုလျှင် တိုက်နှစ်ရာ ကျော်လောက်ဝေးလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်၏တစ်ခြမ်းမှာ ဒုတိယကမ္ဘာစစ်၏ ဗုန်းအကျကြောင့်တစ်ခြမ်းပြိုပျက်ကာ အထက်တွင်ခေါင်မိုးတွေတောင်မရှိပါ။ ပြိုပျက်နေသော အခြမ်းဘက်မှာ ဘာမှမရှိသော်လည်း တစ်ဘက်တွင် ကျိုးပဲ့နေသော ပြတင်းပေါက်နှင့် အုပ်ခဲအပြိုအပျက်များတစ်ပိုင်းတစ်စကျန်နေသေး၏။

တိုက်ရှေ့တွင် ဘယ်သူ့ကိုမှမတွေ့ရ။

ခြံထဲတွင် ဖြတ်ဝင်သွားသော မော်လီသည် တိုက်ပျက်ကြီးရှေ့တွင် ရပ်လိုက်သည်ကိုမြင်သည်။

သူမသည် ဝီလီကောင်းကိုအသံပေးကာ ခေါ်ထုတ်နေဟန်တူသည်။

ကျွန်တော်က ဝီလီကောင်းထွက်လာလျှင် အခြေအနေကို ကြည့်ကာ ခြံထဲဝင်ရန် စိတ်ကူးနေ၏။

မော်လီသည် ခဏရပ်နေပြီးမှ တိုက်ပျက်ထဲကို ဝင်သွားသည်ကိုမြင်သည်။

ဤမျှအထိ ကျွန်တော်သည်းခံစောင့်မနေတော့ပါ။ ခြံထဲသို့ ဖျတ်လတ်သွက်လက်စွာ ဝင်လိုက်သွားတော့သည်။

အရေးကြုံလျှင် ပစ်ခတ်ရန် သေနတ်မောင်းကွင်းရှိ ထရစ်ဂါခလုတ်ထက်တွင် လက်ညှိုးကိုတင်ထားသည်။



သေနတ်ကို မချိန်ဘဲမြေကြီးသို့သာ လက်အောက်စိုက်သေနတ်ပြောင်းညွှတ်ထားသည်။

မျက်လုံးတွေကတော့ တိုက်ပျက်ဘက်ကိုသာ စူးစိုက်နေသည်။ နားကိုလည်း ရှုံ့ထားသည်။

တိုက်နားအရောက်တွင် ရုတ်တရက်မော်လီထွက်လာသည်။ ကျွန်တော့်သေနတ်က ဆတ်ခနဲချိန်ပြီးသား။

"ကျွန်မပါ"

"သူကော"

"အထဲမှာမရှိဘူး"

"ဟုတ်ရဲ့လား"

"နေ့ဘက်ဆို သူကအပြင်ထွက်လေ့မရှိဘူး ကိုစိုးဒေဝါ၊ မထွက်ဖို့ကိုလည်း ကျွန်မပြောထားတယ်"

သေနတ်ကိုင်ထားသော ကျွန်တော့်လက်က တွဲလောင်းပြန်ကျသွားသည်။ ကျွန်တော်က သူမစကားကိုချည်းလက်မခံပါ။

အထဲသို့သတိထား၍ သူမနှင့်အတူဝင်ကြည့်သည်။

မော်လီပြောတာ မှန်သည်။

ကျိုးပဲ့နေသော အုပ်ပုံများ၏ ဘေးမှာဘက်ခန်းတွင် ရှင်းလင်းနေပြီးဘယ်သူမှမရှိ။

www.burmeseclassic.com

www.burmeseclassic.com



စားထားသော စည်သွတ်ဘူးခွံများ၊ စည်သွတ်ဘူးဖောက်သောက် ရေပုလင်းခွံနှစ်လုံး၊ ပေါင်မုန့်အစအနများ၊ ထမင်းကျန်အချို့နှင့် တစ်နေရာမှ ကျင်ကြီးကျင်ငယ်နံ့ ထွက်နေ၏။

တိုက်နောက်သို့ သေနတ်တချိန်ချိန်နှင့် ကျွန်တော်ထွက်ကြည့်မိသည်။

ဘယ်သူ့ကိုမှမတွေ့။

ပေါင်းမြက်များနှင့် ခြံအနောက်ဘက်ရှိ ကွင်းပြင်ကိုသာဟင်းလင်းပြင်အဖြစ် မြင်နေရသည်။

သည်ငနဲပုန်းများနေပြီလား။

ထွက်ပဲ ပြေးသလား

ကျွန်တော်ရော မော်လီပါမသိပါ၊ မော်လီမှာ ဝီလီကိုမတွေ့ရလို့ စိတ်ပျက်ပုံတော့ရ၏။

မော်လီကို ကျွန်တော် မယုံစားရဲသေးပါ။

ကျွန်တော်နှင့်သူမတွေ့မီ ဝီလီကို ရှောင်ခိုင်းကောင်းရှောင်ခိုင်းနိုင်သည်။

သို့သော်လည်း ဒီမှာဘက်မှာ ဆက်ရန်တယ်လီဖုန်းမရှိတာပဲ၊ ပြီးတော့ ကိုယ်တိုင်ကိုယ်ကျလာပြောဖို့ကလည်း အင်မတန်ဝေးသည်။

ဝီလီကိုယ်တိုင် ရန်ကုန်ထဲကိုဘယ်လိုလာသလဲ။



"စိတ်ပျက်သွားသလား"

မော်လီ၏မေးခွန်း

"စိတ်ပျက်တယ်ဆိုတာ တာဝန်ကိုကျေပွန်အောင်မထမ်းဆောင်ချင်တဲ့လူအတွက်ပါ၊ ကိုယ်ကတော့ စိတ်မလျှော့ဘူး၊ သူဘယ်တွေသွားသေးလဲ"

"အဲဒါ မော်လီလည်းစဉ်းစားနေတယ်"

"စားသောက်စရာတွေက..."

"သူကလပ်ကိုလာရင် မော်လီကဝယ်ပေးလိုက်တာပဲ"

ကျွန်တော်က သူမကိုဆတ်ခနဲကြည့်၍

"ရဲမျက်စိနဲ့ကြည့်ရင်တော့ မော်လီ့မှာအပြစ်ရှိတာပဲ၊ တရားခံကိုအကာအကွယ်ပေးထားတယ်"

"ဒါကျွန်မမသိခင်ကပါ၊ လူဆိုတာမသိခင်တော့ လုပ်မိမှာပဲ၊ သိလာရင် ဘယ်လုပ်တော့မလဲ"

ကျွန်တော်ပုခုံးကို တွန့်ပြလျှက်-

"သူရန်ကုန်ထဲကို ဘယ်လိုလာသလဲ..."

မော်လီက မဖြေဘဲနေသည်။

အကောင်အထည် တွေ့ရတော့လည်း အဖြေပျောက်ရှင်းသွား၏။

တိုက်ပျက်ကြီး၏ ဘေးတစ်နေရာမှ သစ်ပင်များကြားထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



တာလပတ်နှင့်ဖုံးထားသော အရာတစ်ခုရှိ၏။ တာလပတ်ကို ဆွဲဖယ်လိုက်သောအခါ တာလပတ်အောက်မှ ဘီအက်(စ်)အေမော်တော်ဆိုင်ကယ်တစ်စီးထွက်လာသည်။

မော်တော်ဆိုင်ကယ်မှာ ဟောင်းနွမ်းနေချေပြီ။

ကျွန်တော် စစ်ဆေးတော့ ဆိုင်ကယ်ဆီခွက်ထဲမှာ လောင်စာဆီကုန်နေ၏။

"ဒီမော်တော်ဆိုင်ကယ်က မော်လီပေးထားတာလား"

သူမက ခေါင်းကလေးကိုယမ်းခါ၍

"ကျွန်မ မသိဘူးရှင့်"

ခေါင်းထဲစိတ်ရှုပ်ဝင်လာသည်။

"ဆိုင်ကယ်က ဆီကုန်နေပြီဆိုတော့ သူဆီထွက်ဝယ်ကောင်းဝယ်နေလားမသိဘူး"

"ဟုတ်ပါ့မလား၊ နေ့မှာထွက်ရဲတာမဟုတ်ဘူး၊ ဗမာစကားလည်း သူတတ်တာမဟုတ်ဘူး"

"သူ့အစွမ်းနဲ့သူ တစ်နေရာရာမှာ ဝယ်မှာပေါ့၊ လာ ကားပေါ်က ထိုင်စောင့်နေမယ်"

ကျွန်တော့်စိတ်ကူးအရ မှန်ပါစေလို့ပဲ ဆုတောင်းသည်။ မော်လီက တိုက်ပျက်ရှိရာသို့ ကွက်ကြည့်ကွက်ကြည့်နှင့်ပါလာ၏။ ဟိန္ဒူ



ကုလားကြီးမြက်ခုတ်ရာနေရာသို့ ရောက်တော့ကုလားကြီးမှ မြက်ခုတ်လို့မပြီးသေး။

ကျွန်တော်က ထိုကုလားကြီးကို မေးမြန်းချင်စိတ်ပေါ်လာသည်နှင့် ကျောခိုင်းမြက်ခုတ်နေသော ကုလားကြီးကို ဟိန္ဒူစတန်နီဘာသာဖြင့် လှမ်းမေးလိုက်၏။

"ဘာဘူကြီး ဒီအနားမှာ လူတစ်ယောက်ဖြတ်သွားတာတွေ့သလား"

မြက်ခုတ်တာကိုပဲ အာရုံပြုနေသော ကုလားကြီးက ကျွန်တော့်အမေးကို မကြားဟန်နှင့် မြက်ကိုပဲဆက်ခုတ်နေသည်။ ကျွန်တော်သူ့နောက်ကပ်သွားပြီး လက်တို့လိုက်၏။

သည်တော့မှ သူကမော့ကြည့်သည်။ ကျွန်တော်က

"ဘာဘူကြီး စောစောက ဒီနားမှာ လူတစ်ယောက်ဖြတ်သွားတာ မတွေ့ဘူးလား"

ကျွန်တော့်နားထဲ၌ မော်လီ၏ ဟယ် ဟူသော မတိုးမကျယ်အာမေဋိတ်သံကို ကြားလိုက်ရသည်။

မော်ကြည့်လိုက်သော ကုလားကြီးမျက်နှာကိုလည်း ကျွန်တော်မျက်လုံးတွေက ကျက်စားမိ၏။

ဟိန္ဒူကုလားကြီးယောင်ဆောင်သော ဝီလီကောင်း၊ ချွန်နေသော

www.burmeseclassic.com

www.burmeseclassic.com



ဓါးဦးရှိသည့် မြက်ခုတ်ဓါးရှည်ကြီး၏ ဓားဦးက ဆတ်ခနဲ ကျွန်တော်၏ ဝမ်းဗိုက်ထဲကို တန်းဝင်လာပါတော့၏။

လေ့ကျင့်မှုများစွာသည် ကျွန်တော့်အသက်ကိုကယ်လိုက်နိုင်ခဲ့သည်။

ကျွန်တော်က ဝမ်းဗိုက်ရှပ်ပြီး ကိုယ်ကိုတစ်ဝှက်တစ်ပျက်လှည့်ပေးလိုက်သည်။

ဓါးသွားသည် ကျွန်တော့်ဝမ်းဗိုက်ရှေ့မှ ရှပ်ခနဲပွတ်ထွက်သွားသည်။

တစ်ကယ်လို့သာ ကျွန်တော့်ဘယ်လက်ကောင်းနေခဲ့လျှင် ဗီလီကောင်း ပြားပြားဝပ်သွားနိုင်သည်။

ညာလက်သီးက သူမျက်နှာထဲဝင်သွားသော်လည်း ကွန့်မူးသိုင်းသမား သူက ကျွန်တော့်လက်သီးကို သူ့ကျန်လက်တစ်ဘက်နှင့်ဖယ်ရှား၍ ကျွန်တော့်ကို သူ့ဓါးဖြင့်ထပ်မံခုတ်ထစ်ပစ်သည်။

ကျွန်တော် သွက်သွက်လက်လက်အချိန်မီ ရှောင်တိမ်းနိုင်သည်။

ဓါးသွားသည် ကျွန်တော့်ကိုယ်ဘေးမှ ပွတ်ထွက်သွားပြန်သည်။ ကျွန်တော်၏ တိုက်ကွက်ကခြေထောက်တွေပင်ဖြစ်သည်။

ဗီလီသည် ကျားလန်ကျွမ်းနှင့် နှစ်ပတ်သုံးပတ်လိမ့်ထွက်သွားသည်။ ဖြစ်ချင်တော့ သူက မော်လီအနားရောက်သွားသည်။ သူ့ကို ဆက်တိုက်နိုက်တော့မည့် အချိန်သတ်လိုက်ရသည်။



မော်လီ၏လည်ပင်းကို သူကလက်တစ်ဘက်နှင့်သိုင်းပတ်၍ ဓါးနှင့်ခါးနံဘေးကို ထောက်ထားလိုက်သည်။

သူက အင်္ဂလိပ်လိုပဲပြောသည်။

"မင်းသတ္တိရှိရင် ခြေတစ်လှမ်းတိုးလိုက်၊ ဒီသစ္စာဖောက်မတော့ အသေပဲ"

သူ့ကိုသတ်ချင်တာထက် မော်လီမသေဖို့က အရေးကြီးသည်။ ကျွန်တော်ခါးကြားထဲတွင် ထိုးထားသောခြောက်လုံးပြူးကို ကျွန်တော် အာရုံရောက်သွားသော်လည်း မယူရဲပါ။

လက်ထဲသေနတ်ရောက်သည်နှင့် မော်လီလည်း ကြွသွားနိုင်၏။ ကျွန်တော့်ပယောဂနှင့် လူတစ်ယောက်မသေစေချင်ပါ။ ကျွန်တော်ကပဲ...

"မင်းငါ့ကိုသတ်လိုက်၊ သူ့ကိုအန္တရာယ်မပေးနဲ့"

သူက နောက်ဆုတ်နောက်ဆုတ်နှင့် ဆွဲခေါ်သွားသည်။ မော်လီပါသွားသည်။ ကျွန်တော် သည်အတိုင်းပဲကြည့်နေလိုက်ရ၏။

လမ်းတွင်ရှိသောကားရှိရာသို့ မော်လီကိုဆွဲခေါ်သွား၏။ သည်ကောင်ညစ်ပတ်သည်။

ကားကသော့တန်းလန်းရှိခဲ့တာမို့ မော်လီကိုကားပေါ်အထိ ဆွဲတင်ခေါ်သွားပြီး ကျွန်တော့်ကားကိုစက်နှိုးကာမောင်းထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ကျွန်တော်ပြေးလိုက်သွားရ၏။

သဏ္ဍာန်တစ်ခုသည် ကားပေါ်မှလိမ့်ကျသွား၏။ မော်လီဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိပါ။

ကျွန်တော် ပြေးသွားသည်။

တော်သေးသည်။ မော်လီကိုတွန်းချရုံပဲ တွန်းချပစ်ခဲ့သည်။ ဒါပေမယ့် မော်လီ မသက်သာပါ။ မျက်နှာတစ်ခြမ်းစုတ်ပြတ်သွားသည်၊ ခေါင်းကွဲသွားသည်။

ကျွန်တော်သွားတော့ ဒဏ်ရာနှင့်မေ့နေချေပြီ။

အနီးအနားရှိ ကုလားတွေကို အကူအညီခေါ်ရ၏။ သူတို့နှင့် လမ်းမကြီးကားလမ်းမဘက် ထွက်ရ၏။

မောင်းလာသောကားတစ်စီးကို အကူအညီတောင်းရသည်။

အနီးဆုံး အင်းစိန်ဆေးရုံကိုပို့လိုက်ရ၏။ တာဝန်ကျဆရာဝန်ကို အကျိုးအကြောင်းပြောပြ၏။ ကျွန်တော်ဝန်ထမ်းကဒ်ပြားကိုလည်း ထုတ်ပြလိုက်၏။

ပုလိ(စ်)ကေ့(စ်)ဟု ဆရာဝန်ကပြောပြီး ဆေးရုံနားတွင် တာဝန်ကျနေသော ရဲကိုခေါ်သည်။ ရဲကိုကျွန်တော်က အကျိုးအကြောင်းပြောရပြန်သည်။

ထိုစဉ်တွင် လူနာကိုလှည်းနှင့် ဆေးရုံဝန်ထမ်းကုလားနှစ်ယောက်ခေါ်သွားသည်။



ရဲက ကျွန်တော်ပြောတာကို ရေးမှတ်၏။ ကျွန်တော့်ဝန်ထမ်းကတ်ပြားကိုလည်း ကြည့်သည်။ ထို့နောက် ကျွန်တော်ရော ဂျူတီကျသည့်ဆရာဝန်ကိုပါ လက်မှတ်ထိုးစေသည်။

မော်လီအတွက် စိုးရိမ်သည်။

မော်လီမှာ သတိရစပြုလာ၏။ ဒဏ်ရာနှင့်ညည်းညူရှာသည်။ ဆရာဝန်က နာ့(စ်)မတစ်ယောက်နှင့်အတူ မော်လီ့ဒဏ်ရာတွေကို စမ်းသပ်၏။

အရိုးကျိုးခြင်း၊ ကွဲအက်ခြင်းမရှိကြောင်း၊ ခေါင်းမှာဆောင့်မိသောဒဏ်ရာတစ်ခုရကာ အရေပြားကွဲသွားကြောင်း၊ မျက်နှာခံဘေးက အရေများစုတ်၍ ပါးသားကွဲထွက်သွားကြောင်းပြောသည်။

တော်ပါသေးရဲ့။

ကျွန်တော်သက်ပြင်းချမိ၏။

ပြီးတော့ ကျွန်တော်က တာဝန်ကျရဲနှင့်အတူ အင်းစိန်ရဲစခန်းသို့ သွားကာအမှုကိုတိုင်ကြားဖွင့်လိုက်သည်။

ကျွန်တော့်ကားကို ဝီလီကယူသွားသည်။ ကားနံပါတ်၊ ကားအမျိုးအစား၊ ကားဆေးရောင်ကိုပါ ကျွန်တော်ကပြောသည်။

သူတို့ရဲချင်း ဆက်သွယ်ပါလိမ့်မည်။

မော်လီ့ကို ဆေးရုံမှဒဏ်ရာတွေကို ပြုစုကုသကာ အိပ်ပျော်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ဒဏ်ရာမှ သက်သာအောင် မော်ဖိန်းတစ်လုံးထိုးပေးထားသည်။

ကျွန်တော်က မော်လီကိုယ်မှာလွယ်ထားခဲ့သည့် ပိုက်ဆံအိတ်ကိုရထားသောကြောင့် လွယ်အိတ်ထဲရှာသည်။

ငွေကြေးမတွေ့တော့ပါ။

ဝီလီထုတ်နုတ်ယူသွားဟန်တူသည်။ အနည်းဆုံး လေးငါးရာတော့ပါပါလိမ့်မည်။

ကျွန်တော်က ကျွန်တော်၏ငွေအနည်းငယ်ကို ပိုက်ဆံအိတ်ထဲထည့်ကာ အိတ်ကိုဆရာဝန်အား အပ်လိုက်သည်။

မော်လီသတိရလာလျှင် ပေးလိုက်ဖို့နှင့် ကျွန်တော်ပြန်လာဦးမည့်အကြောင်းပြောလိုက်သည်။

ညနေ ငါးနာရီပင်ထိုးနေပါပြီ။

ကျွန်တော်က အင်းစိန်မှ ဘတ်(စ်)ကားနှင့်ပဲ ရန်ကုန်မြို့ထဲပြန်လာသည်။ လူဦးရေနည်းသောကြောင့် ထိုစဉ်က ဘတ်(စ်)ကားဟောင်းကြီးတွေစီးရသည်မှာ စိတ်ချမ်းသာသည်။

ယင်းခေတ်က ဟီးနိုးတွေ၊ မီနီဘတ်(စ်)တွေ၊ ရေးနိုး စတာတွေမပေါ်သေးပါ၊ သစ်သားကိုယ်ထည်နှင့်လုပ်ထားသော ခေါင်းတို၊ ခေါင်းရှည်ဘတ်(စ်)ကားတွေပဲရှိ၏။



တစ်ခုတော့ရှိ၏။

ထိုခေတ်ထိုအခါက ဘတ်(စ်)ကားသမားတွေမှာ ယခုခေတ်ဘတ်(စ်)ကားသမားတွေ ယဉ်ကျေးမှုအသင့်အတင့်ရှိသလောက် သူတို့မယဉ်ကျေးပါ။

အပြောအဆို ကြမ်းတမ်းရိုင်းပြသည်။ ကားမောင်းလည်းကြမ်းသည်။

တိုက်လိုက်ပြီဆို ကိုယ်ပိုင်ကားထက် ဘတ်(စ်)ကားတွေကများသည်။

ရန်ကုန်ထဲကို ကျွန်တော်ရောက်တော့ တက္ကစီနှင့်အိမ်သို့ပဲတန်းတန်းမတ်မတ်ပြန်လာသည်။

အိမ်သို့ရောက်သောအခါ တစ်ခါအံ့အားသင့်ရသည်။

ထမင်းစားပွဲပေါ်တွင် တစ်နေ့ကအတိုင်း ဒန်ပေါက်ထမင်းတစ်ပွဲ ထမင်းပိုနှင့် ဆိတ်သားဟင်းတစ်ခွက်တွေ့ရ၏။

ဘယ်သူလာထားတာလဲ၊

ကျွန်တော်စဉ်းစားမရအောင် ဖြစ်နေသည်။ အဲသည်ပြင်ထားသာကိုပဲ ကျွန်တော်စားလိုက်သည်။

ကျွန်တော်အိမ်မှာ လုံခြုံသဖြင့် တော်ရုံဘယ်သူမှဝင်လို့ရပါ။

မည်သူကများ လာရောက်ပြင်ပေးပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒန်ပေါက်နှင့် ဆိတ်သားဟင်းမှာ ကျွန်တော်ကြိုက်သည့် အစားအသောက်တစ်ခုပဲဖြစ်သည်။

ကျွန်တော့်အာရုံထဲတွင် မြကြေးမုံကိုမြင်ယောင်မိသည်။ သူမပဲဒါတွေလုပ်ထားသလား…။

ကျွန်တော်ဖတ်ဖူးသည့် နတ်သမီးပုံပြင်ထဲက ပုံပြင်တစ်ပုဒ်ကို သတိရ၏။ ထိုပုံပြင်ထဲတွင် မင်းသားလေးစားဖို့ နတ်သမီးဖြစ်သော မင်းသမီးလေးက လာလာပြီး မင်းသားလေးမရှိခိုက် အစားအသောက်တွေပြင်ပေး၏။ ထိုစဉ်က သူမသည် ကျိန်စာမိ၍ ဖားမလေးအသွင် ရှိ၏။

တစ်နေ့ မင်းသားလေးက ချောင်းဖမ်းသည်။

ကျိန်စာမိသော မင်းသမီးနတ်မိမယ်လေးက အစားအသောက်တွေလာရောက် ချက်ပြုတ်ခိုက် မင်းသားလေးကစောင့်ဖမ်းမိ၏။ ကျိန်စာမိသောနတ်သမီးလေးမှို့ ဖားမလေးပြန်မဖြစ်အောင် ဖားရေခွံကို မင်းသားလေးက မီးရှို့ပစ်လိုက်၏။

မင်းသားလေးနှင့် မင်းသမီးလေးညားကြသည်။

ကျွန်တော် ထိုပုံပြင်ကို ငယ်စဉ်က ဖတ်ဖူးသည်။ ယခုမင်းသမီးလေးမြကြေးမုံ ကျွန်တော်စားဖို့ဆိုပြီး လာရောက်ပြင်ဆင်ထားလေသလား။



ကျွန်တော့်အတွေး ကျွန်တော်စိတ်ကူးယဉ်ချက်ကကောင်းပါပေ့။ ကျွန်တော့် ဘာသာတွေးလျှက် ကြိတ်ပြုံးပြုံးမိသည်။

ဂိုက်လေဘာယ်သောက်ရင်း မော်လီကိုကျွန်တော် တွေးနေသည်။ မော်လီကိုသနားသည်။

သူမပြောသည်။ သူမ၏စိတ်ဓါတ်ကိုဖြူပြင်ပြီး ကျွန်တော့်ကို ကူညီပါမှ ဒဏ်ရာအနာတရ ရခဲ့သည်။

သည်နေရာတွင် ကျွန်တော်ညံ့သွားသလားဟု ကိုယ့်ကိုယ်ကို မေးခဲ့သည်။

တစ်ကယ်တော့ ကျွန်တော်ညံ့သွားပါသည်။

တစ်အချက်က ကျွန်တော်ကဟိန္ဒူကုလားယောင်ဆောင်သော ဝီလီကောင်းကို စတင်သတိပြုမိဖို့ကောင်းပါလျှက်နှင့် သတိမပြုမိခဲ့ပါ။

နှစ်အချက်က ကျွန်တော်လက်တစ်ဘက် ဒဏ်ရာရနေသဖြင့် တိုက်ခိုက်မှုဟွင် အားမပြည့်ခဲ့ပါ။

သုံးအချက်မှာ သေနတ်ကိုကျွန်တော်က ရန်သူ့နယ်မြေတွင် ကိုင်ထားသင့်ပါလျှက် မကိုင်ဘဲနောက်ခါးကြားထဲထိုးခဲ့၏။

လေးအချက်က ရန်သူလွယ်လင့်တကူ ထွက်ပြေးနိုင်အောင် မော်တော်ကားသော့ကို သော့အိမ်ထဲမှာထည့်ထားခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ်ကျွန်တော်ပြန်လည်သုံးသပ်ချက်ပဲဖြစ်၏။ အဲသည်လိုညှိုးဖျော့မှုတွေဖြစ်လာမှုက ကျွန်တော့်ကျန်းမာရေးဆုတ်ယုတ်သွားကာ ဦးနှောက်တွေ ထိုင်းမှိုင်းသွားခြင်းကြောင့်ဖြစ်၏။

သည်ကဲ့သို့ဖြစ်တာက မြကြေးမုံကြောင့်ပင်လား။

မြကြေးမုံနှင့် ကျွန်တော် အချစ်နယ်ကျွံလာသည်မှစ၍ ကျွန်တော်သွေးပေါင်တွေကျဆင်းလာရခြင်းဖြစ်သလား။

သည်ညတွင် အင်းစိန်ဆေးရုံသို့ ကျွန်တော်မသွားဖြစ်ပါ။ အရက်သောက်ပြီး ဘယ်သူကပြင်ဆင်ထားမှန်းမသိသော သည်ဒန်ပေါက်နှင့်သည်ဟင်းကိုစားဖြစ်ခဲ့သည်။

ကျွန်တော့်တွင် စိတ်ကူးတစ်ခုဖြစ်ပေါ်လာသည်။ သေးငယ်သောကတ်ကြေးကလေးတစ်ခုကို ကျွန်တော်ခေါင်းအုံးအောက်တွင် လျှို့ဝှက်ထားလိုက်သည်။

ညကသည့်နက်လာ၏။

ကြေးမုံမှန်ကလေးကို ကျွန်တော်ကောက်ယူကြည့်ရှု၏။ အံ့သြဖွယ်ရာဖြစ်ပေါ်လာပါသည်။

ကြေးမုံပြင်တွင် နှင်းငွေ့တွေက လှိုင်းထသလို ဖွေးဖွေးဖြူဖြူအငွေ့တွေ လှိုင်းဝေလာ၏။ ကြေးမုံပြင်တွင် ထိုအငွေ့တို့ တစ်ဖြည်းဖြည်းပျောက်ကွယ်ကာ လူတစ်ယောက်သဏ္ဌာန်ပေါ်လာ၏။



သူသည် တဲတစ်ခုတွင် အရက်သောက်နေသည်။ သူ့ရှေ့တွင် လူတစ်ယောက်က မတ်တပ်ရပ်နေသည်။ ထိုင်ပြီးအရက်သောက်နေသူမှာ ဝီလီကောင်းဖြစ်၍ သူ့ရှေ့တွင်အရက်သောက်နေသူမှာ ဗမာတစ်ယောက်ပါ။

ထိုလူမှာ အဝတ်အစားခပ်နွမ်းနွမ်းဝတ်၍ မျက်နှာမသဲကွဲပါ။ အရက်သောက်နေသူမှာ ဝီလီကောင်းဖြစ်နေ၏။ သူကရှေ့တွင်ရပ်နေသူကို ငွေစက္ကူတစ်ချပ်ပေးလိုက်သည်ကိုမြင်၏။

ကျွန်တော် စိတ်ထင်တစ်ဆယ်တန်ဟုထင်သည်။

သူတို့သည် တစ်ဖြည်းဖြည်းမှုန်ဝါးပျောက်ကွယ်သွားကာ နောက်အရာတစ်ခုကို တစ်စတစ်စမြင်လာရသည်။

ဒါကတော့ ကားတစ်စီး။

အား…ကျွန်တော်စီးသည့် ကျွန်တော့်ကိုယ်ပိုင်ကားပါလား။ ဟမ်းဘားယောက်(စ်)နားတွင် လူတစ်ချို့ရပ်နေ၏။ တစ်ခုခုပြောနေကြပုံပဲ၊

ထိုသည်နောက် မြင်ကွင်းက တစ်စတစ်စဝါးသွားကာ ကြည်လင်သော မှန်မျက်နှာပြင်ကို မီးရောင်အောက်တွင် ပြန်မြင်လာရ၏။

ကျွန်တော်ခေါင်းကို ယမ်းခါပစ်လိုက်၏။ ကျွန်တော်ခေါင်းထဲ အရက်ရှိန်နှင့် ရီဝေဝေဖြစ်နေသောကြောင့် ကိုယ့်စိတ်ကူးနှင့်ကိုယ် ထင်မြင်မိလေသလား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှန်ကလေးကိုချလိုက်၏။

အိပ်ရာထက်တွင် ကျွန်တော်ကလှဲလျောင်းလိုက်သည်။ ခဏငြိမ်နေပြီးမှ ကျွန်တော်ပြန်ထကာ စားပွဲတွင်စာရေးလိုက်သည်။

အုပ်ဆောင်းအုပ်ထားသော မတ်တပ်မီးကိုဖွင့်ကာ အစီရင်ခံစာတစ်စောင်ကိုရေးလိုက်သည်။

ဝီလီ၏အမှုနှင့်ပတ်သက်၍ လိုက်ဆံလိုက်လတ့်၊ ဝီလီကောင်းအတွက် မော်လီ၏ကူညီချက်၊ မော်လီကို ဝီလီဒဏ်ရာအနာတရလုပ်ချက်နှင့် လွှတ်မြောက်သွားပုံ၊ ကျွန်တော်ဆက်လက်လိုက်ဆံကိုရေးလိုက်၏။

ဦးရွှေမော်အလိုရှိလျှင် ကျွန်တော်ပေးရအောင်ဖြစ်သည်။ မနက်မှ ရုံးရောက်ပြီး ရုံးစာရေးတစ်ဦးအား လက်နှိပ်စက်ရိုက်ခိုင်းရမည်ဖြစ်သည်။

ကျွန်တော်ထလိုက်၏။

အိပ်ခန်းပြတင်းပေါက်ကို ဖွင့်ကာအပြင်သို့ ကြည့်လိုက်သည်။ လပြည့်ညမို့ထင်ရဲ့။

တစ်ခြံလုံးလရောင်ထိုးနေသည်။ ဦးရန်ပြေ ပြုပြင်ထားသည့်နှင်းဆီ၊ ဂန္ဓမာပန်းတွေက လရောင်တွင် ရိုးတန်ရှည်နှင့် ကြွားကြွားဝင့်ဝင့်နေကြ၏။



တစ်ချို့အပင်ကြီးများအောက်တွင် လရောင်မဝင်နိုင်ဘဲ ကွက်တိကွက်ကျားနှင့် မှောင်ရိပ်ကျနေ၏။

ရေကူးကန်မှ ရေသည်တည်ငြိမ်ကာ လရောင်တွင်နှင်းမြူငွေ့ပါးပါးကလေးများနှင့်အတူ ငွေရောင်ဟပ်နေ၏။

သာယာသောမြင်ကွင်းတစ်ခုပါ။

ကျွန်တော်က အိပ်ခန်းတံခါးကိုဖွင့်၍ ဧည့်ခန်းနံရံတွင် ချိတ်ထားသော တယောနှင့်ထိုးတံကိုယူကာ ခြံထဲဆင်းလာ၏။

ခြံထဲကစွယ်တော်ပင်နားတွင် ဖြတ်ထားသောသစ်ပင်ကြီးတစ်ပင်၏ အမြစ်ဆုံပေါ်တွင် ထိုင်ချလိုက်၏။

ထိန်ထိန်သာနေသောလမင်းကို မော့ကြည့်၍ ဂီတနက်သန်စောငြိမ်း၏ သီချင်းများထဲမှ သည်ဆောင်းပေါမန်နှင့် ရွှေပွင့်လွှာကိုနှုတ်ဖျားမှသီဆိုကာ တယောထိုးနေမိ၏။

ကျွန်တော့်သီချင်းသံနှင့် သာယာသောတယောထိုးသံက ခြံထဲတွင် ပျံ့နှံ့လွင့်မျောနေသည်။

ကျွန်တော်၏ အာရုံသည် တယောနှင့်သီချင်းမှာပဲငြိတွယ်နေသည်။ တစ်နည်းအားဖြင့် ဈာန်ဝင်သွားခြင်းသာဖြစ်သည်။

ရွှေပွင့်လွှာကို ထိုးစဉ်ကျွန်တော့်နားလှတစ်ယောက်လာရပ်နေသလိုထင်ရ၏။ တယောထိုးတာကိုရပ်ပြီးကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှမတွေ့။

ကျွန်တော်ဆက်ပြီးသီဆိုသည်။ ဘယ်လက်မှတယောကိုယ်ထည်ကိုထိန်းကိုင်နိုင်လောက်အောင် ကောင်းပါသေးသည်။

တယောကိုပါးအပ်ပြီး ထိုးတံကကြိုးတွေပေါ် လှုပ်ရှားနေချိန်မှာ ကျွန်တော့်စိတ်သည်လည်း တည်ငြိမ်သာယာနေ၏။

ဝီလီကောင်းကိုမေ့၊ စိုကိုမေ့၊ မော်လီ့ကိုမေ့၊ မြကြေးမုံကိုမေ့။

ဂီတသည် ကျွန်တော့်စိတ်အစဉ်ကို လွှမ်းမိုးသွား၏။

သီချင်းလံည်းဆုံး တယောထိုးသံလည်းရပ်ရော၊ ကျွန်တော့်နှာတွင် သစ်မွှေးနံ့ရလာ၏။ ထိုအနံ့ကဘယ်လိုဆိုတာ ကျွန်တော့်ရင်ထဲဖော်ထုတ်နေတာကြာပါပြီ။ ယခုမှသိလာ၏။

ထိုအနံ့သည် စန္ဒကူးနံ့သာဖြစ်ပါလိမ့်မည်။

စန္ဒကူးနံ့သည် မည်သည့် ရနံ့နှင့်မှမတူဘဲ မွှေးကြိုင်သင်းထုံစူးစေသော ယနေ့ရှိသည့်သစ်မွှေးနံ့တစ်မျိုးဟု ဆိုကြ၏။

ကျွန်တော့်ခြံတွင် စန္ဒကူးပင်မရှိပါ။ ထိုမွှေးကြိုင်သောရနံ့ကြောင့် မြကြေးမုံကိုသတိရသည်။

တယောကိုဆွဲကိုင်လျက် အိမ်ထဲပြန်ဝင်လာ၏။ မြကြေးမုံနှင့်တွေ့လိုသောဆန္ဒက ပြင်းပြလာ၏။

နောက်လေးငါးမိနစ်အကြာမှ ကျွန်တော်အိပ်ခန်းထဲရောက်နေခဲ့ပါသည်။



ဟိုအတွေး၊ သည်အတွေးနှင့် ကျွန်တော်အိပ်ပျော်လုဆဲဆဲမှာ မြကြေးမုံရောက်ရှိလာသည်။

ကျွန်တော်အကြံရှိသည့်အတိုင်း တိတ်တိတ်ဝှက်ထားသော ကတ်ကြေးလေးနှင့် သူမ၏ဆံပင်ရှည်ကြီးမှ ဆံစအချို့ကိုသူမ မသိအောင်ဖြတ်ပြီး ကတ်ကြေးကော လက်ညှိုးတစ်ချောင်းစာနီးပါးရှည်သည့် ဆံစတစ်ချို့ကို ခေါင်းအုံးအောက်မှာ သိုဝှက်ထားလိုက်၏။

ထိုညတွင် မြကြေးမုံကိုဖက်၍ အိပ်ပျော်သွားခဲ့၏။

မနက်မိုးလင်းမှသည် ထွက်ပေါ်လာသော နေရောင်ခြည်ထက်ဆူညံစွာလှုပ်ခေါ်လာသော တယ်လီဖုန်းခေါင်းလောင်းသံကြောင့် မိုးလင်းနေပါပကောလားဟူသော အသိတရားကိုဖြစ်စေသည်။

ဒါတောင် ကျွန်တော်ကပွင့်သွားသော မျက်ခွံတွေကို ပြန်ပိတ်လိုက်သည်။

ခုတင်ဘက်မှပင် ခေါင်းလောင်းသံလိုမြည်နေသော ဖုန်းဘဲလ်သံတိုတ်အံ့သောငှါ ဖုန်းခွက်ကိုဆွဲယူသည်။

နားတွင်ကပ်လိုက်သည်။

“ဟဲလို…စိုးဒေဝါပါ”

အိပ်ချင်မူးတူးနှင့် ကျွန်တော်ပြောလိုက်၏။

“ဦးစိုးဒေဝါလား…ကျွန်တော်အင်းစိန် စီအိုင်ဒီကရဲအုပ်ဝင်းကျော်ပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ပြောပါ"

"ခင်ဗျားရဲ့ကားကို ကျွန်တော်တို့ပြန်တွေ့ပါပြီ"

"ဗျာ…"

ကျွန်တော့်ခေါင်းထဲ အလင်းတန်းတစ်ခုဝင်လာသလို ဖျတ်ခနဲ နိုးကြားလာသည်။ အိပ်ချင်စိတ်ပင်ပြေသွား၏။

"အခုမနက် ခြောက်နာရီထိုးမှာ တာမွေကျိုက္ကဆံလမ်းနားမှာ ကားကိုထားခဲ့လို့ တာမွေရဲကပဲ ကားကိုရှာတွေ့ခဲ့ပါတယ် ဦးစိုးဒေဝါ၊ သူတို့က ကျွန်တော်တို့ဆီကို ဖုန်းပြန်ဆက်ပါတယ်"

"ဟုတ်ပြီ…ဟုတ်လား၊ ကျေးဇူးပဲဗျာ၊ ကျွန်တော်လာခဲ့ပါ့မယ်၊ ခင်ဗျားတို့ကားကို ယူထားသလား…"

"ဗဟန်းရဲဌာနမှာပဲရှိပါတယ်၊ ခင်ဗျား…အဲဒီကိုသွားပါ၊ ကျွန်တော်တို့လည်း ကားကိုစစ်ဆေးပြီးပါပြီ၊ ကားမှာချွတ်ယွင်းတာ ထက် လက်ဗွေရာတွေကိုစစ်ဆေးကြည့်ခဲ့တာပါ၊ နောင်အသုံးဝင် ကောင်း အသုံးဝင်ပါလိမ့်မယ်၊ တာမွေဌာနကိုပဲလာခဲ့ပါ"

ကျွန်တော် ဖုန်းပြန်ချလိုက်သည်။

အိပ်ရာထက်တွင် ကျွန်တော်မနေတော့ပါ၊ အကြောင်းသော် ကား စားပွဲပေါ်တွင်ရှိနေသော လေးထောင့်ပုံစားပွဲတင်နာရီလေးက ကိုးနာရီထိုးကာနီးနေပြီကို ပြဆိုနေချေပြီ။



ကျွန်တော် တော်တော်အိပ်သွားလိုက်တာပဲ။

ပြတင်းတံခါးတွေ ညကပိတ်ထားခဲ့သောကြောင့် အလင်းရောင် မတိုး၊ အသံမတိုးဖြစ်သွားခဲ့သည်။

နံနက်တိုင်းငှက်ကလေးတွေ၏ သီကြွေးသံကိုကြားနေကြဖြစ်ပြီး ထိုငှက်သံလေးတွေကြောင့်နိုးတတ်သည်။

ပြတင်းတံခါးတွေကို သွားဖွင့်လိုက်သည်။

နှင်းမြူတွေမရှိသော်လည်း နူးနယ်သော နေရောင်ခြည်က တစ်ခြံ လုံးတွင် ပွင့်လင်းနေသည်။

ကျွန်တော်ညက လုပ်ခဲ့တာလေးတွေကို တွေးမိ၏။

ဟုတ်မဟုတ်သိသာရန် ခေါင်းအုံးတစ်လုံးကို လှန်လိုက်ပါ သည်။

မည်းနက်သောဆံပင်အချို့။

ထိုထိုသောဆံပင်တွေကို မြင်ရတာနှင့်ပဲ ကျွန်တော်ရင်ခုန်သွား ခဲ့ရသည်။

မြကြေးမုံဆိုတာ တစ်ကာယ်ရှိပါကလား။

ကျွန်တော် မြကြေးမုံနှင့်ကိုယ်တွေ့လက်တွေ့ကို ထိတွေ့ခဲ့တာ ပါပဲကိုး၊ ကျွန်တော်ချစ်သောမြကြေးမုံ၊ အမျိုးအမည်မသိသော လူမျိုး အမျိုးအနွယ်မသိရသော မြကြေးမုံ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲ လှိုင်းရိုက်ခတ်သံကို ကျွန်တော်ကိုယ်တိုင်ကြား ရဘိသကဲ့သို့ ရှိသည်။

ဆံပင်တွေကို ကျွန်တော်ယူမကြည့်တော့ပါ။

ဒါတွေကပဲ မြကြေးမုံတကယ်ရှိနေတယ်ဆိုတဲ့ အဖြစ်ပိုပြဆို နေမှတော့ အိပ်မက်မဟုတ်ကြောင်း ထင်ရှားနေတာပဲ။

သည်မနက်တော့ ပေါ့ပါးသောစိတ်ကြောင့်လား၊ အိပ်ရေးပဲဝ အောင်အိပ်ခဲ့ရလို့ပဲလား။

ကျွန်တော့်တစ်ကိုယ်လုံး နုန်းချည့်မနေဘဲ သွက်လက်ရွှင်လန်း နေသည်။

ကာယလေ့ကျင့်ခန်းကို အနည်းငယ်ပဲယူလိုက်၏။ ရေချိုးသည်၊ အဝတ်အစားမလဲမီ လက်စကစွပ်ကျယ်နှင့်ဘောင်းဘီကို ဝတ်ကာ ဦးရွှေမော်အိမ်ကိုဖုန်းဆက်သည်။

သည်အချိန် သူရုံးသွားမည်မဟုတ်သေး။

တွေ့ဆုံဖို့ထက် ဖုန်းနှင့်ပြောလိုက်တာက ပိုကောင်းမည်။ မှန်း သည့်အတိုင်း သူနှင့်ဆက်မိသည်။

ကျွန်တော်က တစ်ပိုင်းပိုင်းထားသော အစီရင်ခံစာကိုတင်ရ မည်လားဟုမေး၏။

အဲသည်မှာ သူကျွန်တော့ကိုဟောက်ပါတော့၏။



မနေ့ကအဖြစ်ကို သူသိခဲ့ပြီးပြီ။

ကျွန်တော့်ညံ့ရပါမည်လားဟု အပြစ်တင်သည်။ အစီရင်ခံစာ ကို တရားခံဖမ်းမိပြီးမှ တင်ပါဟုပြောသည်။

ဦးရွှေမော်သည် ကျွန်တော့်ကိုတစ်ရံတစ်ဆစ်မှ မဆူဖူးပါ။ ခုလို ဆူခံရသောကြောင့် စိတ်ထဲမှာငြိုငြင်သွားမိ၏။

ကိုယ့်အထက်လူကြီးမို့ အောင့်အီးနေလိုက်ရပေမယ့် စိတ်ထဲမှာ အောင့်သက်သက်။

ဖုန်းကိုချပြီး ခဏငိုင်နေ၏။

သည်အမှုတွင် ဝီလီကောင်းအား ပေါ့ပေါ့ကိုင်ထားလို့မဖြစ်သည် ကိုလည်းတွေးမိသည်။

ခုနက ပေါ့ပါးသောစိတ်တွေ ပြန်ပျောက်ကွယ်သွားမိ၏။

ဝီလီကောင်းကို မမိပါကကျွန်တော့်သိက္ခာကျမည်။ အထက်လူ ကြီးတွေ၏ အငြိုအငြင်ကိုခံရမည်။

ဝီလီကောင်း မြန်မာပြည်အတွင်းမှ ထွက်မသွားပါစေနှင့်။ သည်ငနဲကို မမိ မိအောင်ကိုဖမ်းမည်။

ကျွန်တော်ကခေါင်းကို ဘယ်ရီကရိမ်းခေါင်းလိမ်းဆီ လိမ်းလိုက် သည်။

မှန်ထဲတွင် ကျွန်တော့်မျက်နှာကို ကြည့်ကာခေါင်းမှဆံပင်တွေ ကို ဘီးနှင့်ဖြီးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဟိုက်…သွားပြီ။

ဘယ်ဘက်ကဆံပင်သည် ဘေးခွဲဆံပင်ဖြစ်၍ ညာဘက်မှဆံပင်တွေကလှိုင်းထနေသည်။

ဘက်ဘယ်ဆံပင်မှာ တစ်ချို့တစ်စမရှိတော့ဘဲ တိုပြတ်နေကာ ဆံပင်ပုံစံက ကြည့်မကောင်းတော့။

ဟာ…ဒုက္ခပဲ။

ကျွန်တော်အတွေးနှင့် အိပ်ခန်းထဲသုတ်သုတ်ဝင်သွားသည်။ အိပ်ခန်းထဲရောက်တော့ ခေါင်းအုံးကိုလှန်ကြည့်၏။ ဆံပင်တွေကိုယူကြည့်လိုက်သည်။

ဘုရား…ကယ်ပါ။

ဆံပင်တွေက ကျွန်တော့်ဆံပင်တွေပါ။

ကျွန်တော့်ဆံပင်တွေကိုပဲ ကျွန်တော်ပြန်ဖြတ်မိသည်။ စိတ်ထဲတုန်လှုပ်သွားသည်နှင့်အမျှ နှုတ်မှအော်ဟစ်လိုက်မိ၏။

"ငါရူးပြီ…ငါရူးပြီ"

□ □ □ □ □



## ဇာတ်ဟမ်းခွင် (၉)

မော်လီကို ကျွန်တော်တွေ့သည်။

မော်လီက ကျွန်တော့်ကိုယဲ့ယဲ့ကလေးပြုံးပြ၏။

ပတ်တီးဖြူဖြူတွေ ခေါင်းရောမေးပါ သိုင်းစီးထားတာကြောင့် မျက်နှာကွက်ကွက်ကလေးထဲမှ အပြုံးမလှပါ။

"သက်သာရဲ့လား"

လူနာစုတင်ဘေးရှိ ခုံတစ်ခုံတွင် ကျွန်တော်ထိုင်လိုက်ရင်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်သာပါတယ်"

ဖြေပုံက တိုးတိုးလေး…

ကျွန်တော့်လက်ထဲတွင် မော်လီအတွက် စားစရာသောက်စရာ တွေပါလာ၏။ ဖျော်ရည်ပုလင်းများ၊ ကြက်စွတ်ပြုတ်ထည့်ထားသော ချိုင့်တစ်လုံး၊ ကြက်ဥပြုတ်တစ်ချို့ဖြစ်သည်။

တစ်နေရာတွင် မော်လီ၏အဒေါ်ထိုင်နေသည်။ ပစ္စည်းတွေကို သူမကြီး၏လက်ထဲသို့ ကမ်းပေးလိုက်၏။ အဘွားကြီးကို မနေ့ညနေ က ကျွန်တော်အိမ်မပြန်မီ အကြောင်းဝင်ကြားခဲ့သည်။

အဘွားကြီးက ကျွန်တော့်ဆီမှပစ္စည်းတွေယူကာ

"မင်း ငါ့တူမကို ဘာလာနှောက်ယှက်ဦးမှာလဲ"

ဟု ခတ်ဆတ်ဆတ်အမေး…

ကျွန်တော့်ကြောင့် သူ့တူမခံရသည်ဟု ယူဆထားပုံရသည်။ ကျွန်တော်က အဘွားကြီးအသံကိုလျစ်လျူရှု၍ –

"ကျွန်တော့်ကြောင့်ဖြစ်တာမို့ ကျွန်တော်စိတ်မကောင်းပါဘူး၊ ဒါကမမျှော်လင့်ဘဲ ဖြစ်ခဲ့တာပါ၊ မော်လီအတွက်ပြန်ကောင်းဖို့ တာဝန် ယူပါတယ်"

"သြော်…မင်းကနတ်သိကြားကိုး…"

ငေါ့တော့တော့လေး ပြောလိုက်သေးသည်။



"အန်တီရယ်မပြောပါနဲ့၊ ကိုမိုးဒေဝါနဲ့ မဆိုင်ပါဘူး၊ ကျွန်မက သာ ကူညီချင်တာနဲ့ လိုက်သွားတာပါ၊ ဝီလီက မော်လီကိုသတ်မပစ် တာပဲ ကျေးဇူးတင်ရမယ်"

ဘေးမှမော်လီက အသံတိမ်ကလေးနှင့် ဝင်ပြောသည်။ ကျွန်တော်က အဘွားကြီးကို ဂရုမစိုက်ဘဲ မော်လီအား –

"မော်လီ…ဒီမှာနေရတာကောင်းလား၊ ရန်ကုန်ဆေးရုံကြီးကို ပြောင်းမလား၊ ဒီကဆေးရုံအုပ်ကို ကိုယ်သွားပြောပေးမယ်"

"ဒီမှာပဲ အင်ဒိုးပေးရှင့် (Indo Patient) အဖြစ်နေလိုက်ပါ့မယ် ရှင်၊ ကျွန်မတစ်ပါတ်လောက်ဆို သက်သာသွားမှာပဲ၊ ဒါပေမယ့် မျက်နှာမှာ အမာရွတ်တွေထင်မလားမပြောတတ်ဘူး"

"မစိုးရိမ်ပါနဲ့မော်လီ၊ မော့်လီမျက်နှာမပျက်စီးရအောင် တာဝန် ယူပါတယ်၊ မျက်နှာမလှဖြစ်နေရင် နိုင်ငံခြားသွားပြီးတော့ ပလပ်စတစ် ဆာဂျရီလုပ်ပေးမယ်"

သူမကအားယူပြုံးသည်။ ထို့နောက် မျက်နှာလေးတည်သွား၏။

"ကိုမိုးဒေဝါ..ဝီလီကိုရအောင်ဖမ်းပါ၊ သူကသူ့ဆီမှာ ပစ္စည်း တစ်ခုမရှိတော့လို့ အဲဒီပစ္စည်းကိုမရအရလိုက်ဦးမှာ…"

"ဘာပစ္စည်းလဲဟင်"

"မှန်ကလေးတစ်ချပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



“မှန်”

ကျွန်တော်က ရှုတ်ဆိုလိုက်ပြီး အမှတ်တမဲ့ပင်…

“ဒီမှန်က ဘာမှန်မို့လို့လဲ”

“အံ့ဩစရာကောင်းတဲ့မှန်တဲ့၊ အဲဒီမှန်က ရှေးဟောင်းမှန်တစ်ချပ်တဲ့၊ ဒီမှန်မှာမကောင်းဆိုးဝါးဆောင်တယ်တဲ့၊ ဟောင်ကောင်မှာ အဲဒီမှန်ကို လိုက်ရှာနေတဲ့ လူတစ်စုရှိတယ်၊ လူတစ်ယောက်က ဒီမှန်ကိုရပြီးတော့ မှန်ကိုလိုက်နေတဲ့လူတွေကို ရောင်းမယ်လို့ပြောပြီး မှန်အတုကိုပေး၊ မှန်အစစ်ကိုယူ၊ ငွေတွေပါယူပြီးတော့ ဒီနိုင်ငံထဲခိုးဝင်လာတယ်၊ ဒါကို လူတစ်စုကသိတော့ ဝီလီကိုငှါးတာပဲ၊ ဝီလီက ဒီကို ခိုးဝင်လာတယ်၊ မှန်ယူတဲ့လူကိုသတ်ပြီး မှန်ကိုယူလိုက်တယ် ဒါပဲ”

ကျွန်တော်က ခေါင်းညိတ်လိုက်သည်။

ရန်ကုန်အနောက်ပိုင်းမှလူကို ဘာကြောင့်သတ်တယ်ဆိုတာ သိရပေပြီ။ ရဲက ရတနာတွေ ငွေတွေယူသွားသည်ဟုပြောသည်။ ရဲ အယူအဆအတိုင်းပဲ ရှိပါစေတော့။

ကျွန်တော်က မော်လီကိုအားပေးကာ ပြန်လာသည်။

အိမ်သို့ပင် ကျွန်တော်ပြန်သည်။ ဒီတစ်ခါတော့ ဘယ်သူလာပြီး ထမင်းပြင်သည်ကို စောင့်ဖမ်းရတော့မည်။



ကျွန်တော့်ကားမှာ ရဲဌာနာ(ရဲစခန်း)မှ ပြန်ယူလာပြီမို့ ကျွန်တော် ပဲကားကိုမောင်းလာသည်။

ထုံးစံအတိုင်း သံတံခါးရော၊ အိမ်တံခါးပါ ကျွန်တော်က အသံမမြည်အောင်ဖွင့်လိုက်သည်။ တစ်အိမ်လုံးမှာလည်း တိတ်ဆိတ်နေ၏။

ကိုယ့်အိမ်ပင်ဖြစ်သော်လည်း သည်လိုဆိတ်ဆိတ်ငြိမ်သက်ခြင်းမျိုးက စိတ်ထဲတစ်မျိုးတစ်မည်တော့ခံစားရသည်။

တစ်ခုခုသည် ကျွန်တော့်ကိုချုပ်ချယ်လွှမ်းမိုးထားသလိုထင်ရသည်။

ဧည့်ခန်းမှ ထမင်းစားခန်းသို့ ဝင်လိုက်၏။

ကျွန်တော်ကတော့ ထမင်းစားခန်းတစ်နေရာတွင် ပုန်းကွယ်နေပြီး ဘယ်သို့ဖြစ်လာမည်ကိုစောင့်ကြည့်ရန်ပင်ဖြစ်၏။

ဒါပေမယ့် ကျွန်တော်နောက်ကျသွားခဲ့ပါပြီ။

ထမင်းစားခန်းထဲဝင်လိုက်တာနှင့် ထမင်းအုပ်ဆောင်းကိုလည်းကောင်း၊ ဟင်းပန်းကန်ကိုလည်းကောင်း အဆင်သင့်တွေ့ရ၏။

ထမင်းအုပ်ဆောင်းတော့ အုပ်မထားပါ။

ကျွန်တော် ထမင်းအုပ်ဆောင်းကို သွားဖွင့်ကြည့်လိုက်၏။ သည်တစ်ခါတော့ ဒန်ပေါက်မဟုတ်ပါ။

ဖြူဖွေးသော၊ အလုံးလှသောထမင်းများ…။ ဟင်းကိုကြည့်

www.burmeseclassic.com

www.burmeseclassic.com



တော့ အစိမ်းကြော်တစ်ခွက်၊ ဝက်အူချောင်းနှင့် ကြက်ဥကြော်ထား သော အကြော်ဟင်းတစ်ခွက်။

ဒါတွေက ကျွန်တော်ကြိုက်တတ်တဲ့အစာ။

"မြကြေးမုံရေ…ခုလိုအလိုက်တသိလုပ်တာ သိပ်ကျေးဇူးတင် တာပဲကွယ်၊ ကိုယ်ကြိုက်တတ်တဲ့အစာတွေကိုလည်း မင်းသိတယ်"

ကျွန်တော် ကျေးဇူးတတင်တင်နှင့် တိုးတိုးလေးပြောပြီးမှ ကိုယ့် ကိုယ်ကိုယ်ပြန်ရှက်သွားသည်။

စိတ်ထဲတွင် စိတ်ကူးယဉ်ဖြစ်စရာမိန်းကလေးတစ်ယောက်ကို ဘာမဟုတ်ညာမဟုတ် စိတ်ထဲစွဲလန်းကာ အိမ်မက်ထဲထည့်ထည့်မက် ပြီး မြကြေးမုံဟု စွဲလန်းနေခြင်းက ကျွန်တော်ရူးနေတာပါပဲ။

နားထဲတွင် တစ်စုံတစ်ခုကိုကြားလာရသည်။

စန္ဒယားတီးသံ။

ကျွန်တော်အိမ်ရှေ့သို့ ပြေးထွက်လာသည်။ ဧည့်ခန်းတွင်းရှိ စန္ဒယားခလုတ်ကလေးတွေကို ငေးကြည့်နေမိ၏။

စန္ဒယားအဖုံးကို တစ်နေ့က ကျွန်တော်ဖွင့်ထားခဲ့တာ ယခုအထိ ပြန်မပိတ်ရသေး။

စန္ဒယားခုံနားတွင် ကျွန်တော်မှအပ လူမရှိပါပဲလျက် စန္ဒယား ခလုတ်ကလေးတွေမှာ တစ်စုံတစ်ယောက်က နှိပ်လိုက်သလို မြုပ်ချည် ပေါ်ချည်ဖြစ်နေ၏။ သံစဉ်မရှိပါ။



ဟိုတစ်ကွက်၊ သည်တစ်ကွက် တင်တင်တောင်တောင်နှိပ်နေ သည်။ အံ့သြခြင်းမှအပ ကျွန်တော်မကြောက်ပါ၊ စန္ဒယားနားကပ်သွား သည်။

"မြကြေးမုံလားဟင်"

ညင်သာသောအသံနှင့် ကျွန်တော်မေးမိသည်။

စန္ဒယားခလုတ်တွေ ချက်ချင်းရပ်သွားသည်။ ကျွန်တော့်ခေါင်း ကို လက်နှစ်ဘက်နှင့် ကိုင်မိ၏။

ကျွန်တော့်စိတ်ကို ကျွန်တော်ဆန်းစစ်သည်။ ရူးများရူးနေပြီလား လို့။

မရူးပါ၊ တစ်ကယ်အကောင်းလို့ပဲထင်သည်။

ထိုစဉ်မှာပင် အော်သံကလေးတစ်ချက်ကြားလိုက်ရပြန်၏။

အော်သံမှာ မိန်းကလေးတစ်ယောက်အော်သံဖြစ်၍ ကျွန်တော့် အိပ်ခန်းထဲကဖြစ်သည်။

အိပ်ခန်းသို့ ကျွန်တော်ပြေးရပြန်ချေပြီ။

အိပ်ခန်းတံခါးပွင့်နေ၏။ ကျွန်တော်ဝင်လိုက်သည်။

"ဟင်…စို"

ကျွန်တော့်နှုတ်မှထွက်သွားသည်။

စိုသည် မျက်နှာကလေး ဖြူဖတ်ဖြူရော်နှင့် ကြောက်လန့်တ

www.burmeseclassic.com



ကြား ရပ်နေသည်။ သူမရှေ့က ကြမ်းပြင်ပေါ်တွင် မှန်ချက်ကလေးက ကျနေသည်။

ကျွန်တော့်ကိုမြင်သည်နှင့် "ကိုကို" ဟုခေါ်ကာ ပြေးဖက်လာသည်။ ကျွန်တော်ကလည်း အလိုက်သင့်ပြန်ဖက်လိုက်သည်။

"ကိုကို…ကိုကိုရောက်လာတယ်"

"ဟုတ်တယ်လေ…စိုဘာဖြစ်တာလဲ"

"ဟာကြောက်စရာကြီးပါ…စို…ဟိုမှန်ကလေးကိုတွေ့လို့ ယူကြည့်မိတယ်၊ ပထမတော့ စို့မျက်နှာပဲ၊ နောက်အဘွားကြီးလိုပဲ သူ့ရဲ့ ရုပ်ကြီးပေါ်လာတယ်၊ ကြောက်လိုက်တာကိုရာ"

မှန်ကလေးကိုလက်ညှိုးထိုး၍ဆိုသည်။ ကျွန်တော်သိ၏။ မြကြေးမုံအစွမ်းပြချေပြီ။

ကျွန်တော်သွားရောက်၍ မှန်ကလေးကိုကောက်ယူလိုက်၏။

"ဘာမှမရှိပါဘူးစိုရ…"

"ကိုကို မကောက်နဲ့"

"ဟာကွာ စိုဘာတွေမြင်သလဲ"

"သရဲရုပ်ကြီး မြင်ပါတယ်ဆို"

"ဒီမှာ ဘာမှလည်းမရှိပါလား"



မှန်ကိုကောက်ပြ၍ မှန်ကိုလည်း ကျွန်တော်ရဲရဲကြီးကြည့်သည်။ ကိုယ့်မျက်နှာကလွဲပြီး ဘာတစ်ခုမှမမြင်။

"ကြည့်ပါဦး"

စိုကိုကျွန်တော်က လက်ကမ်းလိုက်သည်။ စိုကမရဲတရဲလေး ကြည့်နေပြီးမှ နဂိုသတ္တိတွေပြန်ပေါ်လာဟန်နှင့် ဆတ်ခနဲဆွဲယူလိုက်သည်။ မှန်ထဲကြည့်၏။

အသေအချာကိုကြည့်နေ၏။ နှစ်မိနစ်သုံးမိနစ်လောက်ကြာမည်ထင်၏။ အချိန်ကြာသည်ကိုသည်းမခံနိုင်သောကျွန်တော်က –

"ကဲ ဘာတွေ့လဲ"

"ဟင့်အင်း…ဘာမှလည်းမတွေ့ရဘူး"

"တွေ့မှာပါ"

"ဘာလဲ"

"စို့မျက်နှာကလေးပေါ့"

"ဟင်…ကိုကိုနောက်ပြီ"

ကျွန်တော့်လက်မောင်းကိုလှမ်းရိုက်၏။ ဘယ်လက်မောင်းကိုရိုက်တာကြောင့် ပတ်တီးဖြတ်ထားခဲ့သော ကျွန်တော့်လက်ကိုကြည့်၍

"ကိုကို့လက်ကဒဏ်ရာ အိုကေသွားပြီလား…"

www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာသတ္တေသြအနန္တော ပို့သကြသူတွေကြောင့် ကျွန်တော့်လက်သံချောင်းအကောင်းဖြစ်သွားပါပြီခင်ဗျ။ ဒါထက် စိုဘာလာလုပ်သလဲ"

"ကိုကိုစားဖို့ ထမင်းလာပို့တာပေါ့"

"ဟာ…"

ကျွန်တော့်မျက်လုံးတွေကျယ်သွားသည်၊ ရင်ထဲတွင်တစ်မျိုးကြီးခံစားလိုက်ရသည်။ မြကြေးမုံလို့ထင်နေတာ လွဲပြီပေါ့လေ။

"ဘာဖြစ်တာလဲ"

"စိုဘယ်နှစ်ခါပို့လဲ"

"သုံးခါလေ…ဒီနေ့ပါဆို သုံးခါရှိပြီပေါ့၊ ဒန်ပေါက်နှစ်ခါ၊ ထမင်းဖြူကဒီနေ့ပါဆို သုံးခါ၊ သရီးတိုင်း(မ်)(စ်)"

လက်ကလေးသုံးချောင်း ထောင်ပြရှာသည်။

"စိုရာ ကိုယ်ကဘယ်ကပို့တာမှန်းမသိတော့…"

"မစားဘူးပေါ့"

"ဟာ··စားတာပေါ့"

သည်တော့စိုက တစ်ခစ်ခစ်ရယ်သည်၊ စိုလှပါသည်၊ သိပ်ကိုလှပါချောပါသည်၊ ပြစ်မျိုးမဲ့မထင် အပြစ်မဝင်အလှမျိုးပါ၊ ခေတ်လည်းဆန်သည်။



သို့သော် ကျွန်တော်ညတိုင်းတွေ့နေရသော မြကြေးမုံ၏အလှကို မမှီဟုထင်သည်။

"စိုက ကိုကိုတစ်ယောက် အနေရအစားရခက်မှာစိုးလို့ ထမင်းဟင်းတွေကိုလာပို့ထားတာပါ၊ ကိုကိုဘယ်အချိန်ပြန်လာမှန်းမသိတော့မစောင့်နိုင်ဘူးလေ၊ တွေ့မှပြောတော့မယ်လို့…"

သြော်…စို့လက်ချက်ကိုး…

ကျွန်တော် မေ့နေတာတစ်ခုရှိသည်။ ခြံတံခါးနှင့်အိမ်တံခါးကိုဖွင့်နိုင်သော အီလက်ထရွန်းနစ်ကိရိယာ(Electronic Device) ကိုယ်ခွဲတစ်ခုကို စို့အားပေးထားခဲ့ပါသည်။

ဒါကြောင့် ကျွန်တော့်အိမ်ကို စိုဝင်နိုင်ခြင်းဖြစ်၏။

"ဦးလေးရန်ပြေ ပြန်မလာသေးဘူးလား"

"မေတ္တာရာကိုချစ်လွန်းလို့ ဖက်ထားတယ်နဲ့တူပါတယ်စိုရာ မလာသေးပါဘူး"

"ကိုကို့ကိုမေးရမယ်၊ ဒီမှန်ဘယ်ကရလဲ"

"ဘာဖြစ်လို့လဲ"

"မှန်ကိုကိုင်လိုက်တာနဲ့ စို့စိတ်ထဲမှာတစ်မျိုးကြီးခံစားရတယ် ကိုကိုရဲ့ ပြီးတော့တစ်ကိုယ်လုံး ရေခဲရေနဲ့လောင်းလိုက်သလို စိမ့်သွား

www.burmeseclassic.com

www.burmeseclassic.com



တာပဲ ကိုကိုရဲ၊ ဘာကြီးမှန်းလဲမသိဘူးလေ၊ နောက်ပြီး တရုတ်စာလိုလိုအရုပ်တွေလို မှန်မှာပါနေတယ်''

စိုက မေးသည်မှာ မေးထိုက်ပါသည်။

မှန်အကြောင်းကိုတော့ မပြောချင်ပါ၊ မှန်ဘယ်လိုရကြောင်းကိုတော့ ပြောလိုက်ပါသည်။

''ဝီလီကောင်းကို မမိသေးဘူးပေါ့''

''မမိသေးဘူး၊ ဒီနေ့ဦးရွှေမော်ရဲ့ အဆူတောင်ခံရသေးတယ်''

မော်လို့အကြောင်းကိုလည်း ထည့်မပြောတော့ပါ။

''စို''

''အင်''

''စို ဒီမှာနေတုန်း စန္ဒယားတီးသံကြားရလား''

''မကြားပါဘူး…ဘာဖြစ်လို့''

ကျွန်တော်တောင် အူကြောင်ကြောင်ဖြစ်သွားသည်။ လူမတီးဘဲ စန္ဒယားခလုတ်တွေ အနိမ့်အမြင့်လှုပ်ရှားတီးခတ်တာတွေကို ကျွန်တော် မြင်ခဲ့ပြီးသား။

ပြီးတော့ စန္ဒယားသံကလည်း ပီပီသသရှိရဲ့။

ဒါကို ကျွန်တော်ကြားပြီး စိုမကြားဘူးဆိုတော့ ကျွန်တော် အူကြောင်ကြောင် ရူးကြောင်ကြောင်ဖြစ်ရပြီပေါ့။



''ဘယ်လိုလဲ ကိုကိုကြည့်ရတာ ရူးကြောင်မူးကြောင်မျက်နှာကြီး၊ ဘာဖြစ်တာလဲ၊ ပြီးတော့လူကလည်း ပိန်သွားသလိုပဲ၊ မျက်နှာတွေလည်းကျပြီး သွေးမရှိသလိုပဲ''

စိုတောင် သည်လိုပြောနေမှတော့ ကျွန်တော့်ကျန်းမာရေးအခြေအနေပြောင်းနေကြောင်း သိသာ၏။

''ကိုယ်သွေးပေါင်တွေကျနေတယ် စို''

''ညဘက်မအိပ်ဘူးလား''

''အိပ်မရဘူး''

''အိပ်မရအောင် ကိုကိုဘာတွေလျှောက်လုပ်နေတာလဲ''

ဘာတွေလျှောက်လုပ်နေတာလဲဟူသောစကားကြောင့် ကျွန်တော့်ရင်ထဲ မလုံမလဲဖြစ်မိ၏။ မြကြေးမုံလာတာကို ကျွန်တော် စို့အားအသိမပေးလို့။

အိပ်မက်ထဲမှ လာလာနှောက်ယှက်ပြီး ချစ်စခန်းဖွင့်နေသော မိန်းကလေးတစ်ယောက်အကြောင်းကို ကျွန်တော်ပြောလျှင် စိုသည် မိန်းမသားပီပီ အူတိုရမှာထက် ကျွန်တော့်ကိုဟားမှာသေချာသည်။

ဖူးလို့လည်း ပြောချင်မည်။

''အမှုကိစ္စနဲ့ ပတ်သက်ပြီး အတွေးတွေကများတော့ အိပ်မရဘူးပေါ့စိုရာ''

www.burmeseclassic.com

www.burmeseclassic.com



သူမက ကျွန်တော့်ကို ဂရုဏာမျက်ဝန်းတွေနှင့်ကြည့်၍ –

"ကိုကိုရယ်...ကိုယ့်ကျန်းမာရေးကိုလည်း ကိုယ်ဂရုစိုက်ဦး"

သူမကပြောပြီး ကျွန်တော့်ကိုနမ်းပါသည်။

ကျွန်တော်ကလည်း ပြန်နမ်းပါသည်။

ကျွန်တော်တို့နှစ်ယောက်မှာ စေ့စပ်ထားသော သမီးရည်းစား ဖြစ်ပေမယ့် တွဲကတာ၊ အပရိကအပြုအမူမှလွဲပြီး အနေအထိုင်သန့်ရှင်း ကြပါသည်။

သူမကလည်း သူမ့စည်း သူမ့စောင့်။

ကျွန်တော်ကလည်း ကိုယ့်စည်းကိုယ်စောင့်။

ဒါ မြန်မာ့ယဉ်ကျေးမှုလေ။

"စို ဘယ်သွားချင်သလဲ"

"ရွှေတိဂုံဘုရားသွားချင်တယ် ကိုကို၊ ရောက်တာတောင် နည်းနည်းကြာသွားပြီ"

"စို ကားယူလာသေးလား"

"ကုမ္ပဏီက မန်နေဂျာက ဒီနေ့ညနေမှာ အရေးတကြီးကိစ္စ ရှိလို့ လှည်းကူးကိုသွားရမယ်၊ ကားခဏငှါးပါဆိုလို့ ငှါးလိုက်တယ်၊ တက္ကစီနဲ့ပဲလာတာကိုကိုရ"

"ဒါဆို ရွှေတိဂုံကိုပဲသွားမယ်နော်"



ကျွန်တော်တို့မှာ ငွေကြေးတောင့်တင်းသူပီပီ ကလပ်တက်၊ ဘာတက်လုပ်ပေမယ့်...ကုသိုလ်ကောင်းမှုတော့ မမေ့ကြပါ။

ဘုရားသွားသည်၊ လှူသည်၊ အိမ်မှာကျွန်တော်က ဘုရားစင် ရှိလို့ ဘုရားမရှိခိုးသော်လည်း သွားရာလာရာတွင် ရတနာသုံးပါးကို သတိရလေ့ရှိ၏။

မိဘဆရာသမားကိုလည်း အောင့်မေ့၏။

စိုဆိုလျှင် ဥပုသ်စောင့်သည်၊ နေ့စဉ်ဘုရားအတွက်၊ ရဟန်းသံ ဃာအတွက် ရည်စူးပြီး ပန်းဆီမီးများ လဲလှယ်ပူဇော်သည်။ ရှိခိုးသည်၊

နှစ်ဆယ်လေးပစ္စည်းကို နေ့စဉ်ရွတ်သည်။

ဒါဟာ မိန်းမကောင်းတို့ရဲ့ ကိုယ်ကျင့်တရားတစ်ခုပဲမဟုတ် လား။

ရွှေတိဂုံဘုရားတွင် ကျွန်တော်တို့ နှစ်ယောက်ပန်းဆီမီးကပ်၍ ရှိခိုးကြ၏၊ စိုက ဘာတွေဆုတောင်းသည်မသိ။

မျက်လုံးကလေးစုံမှိတ်၍ လက်အုပ်ချီကာ ဆုတောင်းသည်။ ဘာတွေဆုတောင်းသလဲ မသိပါ။

ဆုတောင်းခြင်းကို ကျွန်တော်မပြုလုပ်ပါ။

ဘုရားကိုဒုက္ခပေးရာကျသည်ဟု ကျွန်တော်ထင်သည်။

လူဆိုတာ ကံကံ၏အကျိုးကိုသာ ခံစားရသည်ဟု ဘုရားက

www.burmeseclassic.com

www.burmeseclassic.com



ဟောခဲ့ရာ ကံကံ၏အကျိုးကြောင့် ကိုယ်လိုရာဆုတောင်းခြင်းအတွက် ပြည့်စုံလိမ့်မည်ဟု မထင်ပါ။

ဘုရားကိုကြည်ညိုခြင်း၊ ယုံကြည်ခြင်းနှင့် ဘုရား၏တရားတော်များကို လိုက်နာကျင့်သုံးခြင်းသည်သာ ဆုမတောင်းပဲနှင့် ပြည့်စုံလိမ့်မည်ဟု ယူဆမိ၏။

ဘုရားရှိခိုးပြီး ရွှေတိဂုံကိုတစ်ပတ် ပတ်သည်။ ထိုစဉ်က ရွှေတိဂုံဘုရားမှာ ယခုခေတ်လောက် ခမ်းနားကြီးကျယ်သပ္ပါယ်ခြင်းမရှိသော်လည်း သူ့ခေတ်နှင့်သူတော့ အမြင်ကောင်းအောင် လုပ်ထားပါသည်။

သို့တစေ အချို့စောင်းတန်းများတွင် လူတွေနေသည်။ ကုန်းမြေပေါ်တွင် လူနေအိမ်ခြေရှိနေခြင်းနှင့် အညစ်အကြေးစွန့်ပစ်ခြင်းတွေကြောင့် ပတ်ဝန်းကျင်မှာ မတင့်တယ်ပါ။

တောင်ဘက်မုခ်မှ ကျွန်တော်တို့အတက်တွင် ယန်းသည်မနှစ်ယောက် အော်ကြီးဟစ်ကျယ်ရန်ဖြစ်နေကြသည်။

စိုးရော ကျွန်တော်ပါ နှာခေါင်းရှုံ့မိ၏။

နိုင်ငံရေးခေတ်မို့ သည်လူတွေနေထိုင်မှုကို နိုင်ငံရေးပါတီအဖွဲ့ကြီးက မဖယ်ရှားရဲပါ။

ဒီမိုကရေစီပေးထားတော့ စည်းကမ်းမရှိ၊ ဒီမိုကရေစီကို နား



မလည်သည့်လူတွေကြောင့် ထိုပါတီအဖွဲ့ကြီးက ထိုလူတွေအပေါ် တစ်စုံတစ်ခုပြုလုပ်လိုက်သော် ဆန္ဒပြခြင်း၊ မဲမရမှာစိုးရိမ်ခြင်းကြောင့် လူတွေကိုတစ်စုံတစ်ခုမလုပ်ရဲပါ။

တစ်ကယ်တော့ ရတနာတစ်ပါးလို တန်ဖိုးထားရသော ဒီမိုကရေစီအခွင့်အရေးကို ပြည်သူထဲမှ အချို့က ကိုယ့်ပေါင်ကိုယ်ပြန်လှန်ထောင်းပြီး ဖျက်ဆီးနေကြခြင်းသာဖြစ်၏။

ဒါကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် ပြန်လှန်မေးခွန်းထုတ်မိသည်။ စေတနာဟူသည် လူတိုင်းနှင့်မတန်ဆိုသလို ဒီမိုကရေစီဆိုတာကကော လူတိုင်းနှင့်တန်ပါသလော။

ဘုရားကိုပတ်အပြီးတွင် တရားထိုင်နေသော ဘုန်းကြီးတစ်ပါးကိုတွေ့သည်။

ဥပဓိရုပ်ရော၊ ဝတ်ဆင်ထားသော သင်္ကန်းနှင့်ပါ တင့်တယ်ဖွယ်ရာဖြစ်သည်။

စနေထောင့်မှာ တွေ့ရခြင်းပါ။

ကျွန်တော်တို့က ကြည်ညိုခြင်းကြောင့် ဝင်ရှိခိုးမိကြ၏။ ထိုဘုန်းတော်ကြီး၏မျက်နှာမှာ ကြည်ညိုဖွယ်ရာ အရောင်အသွေးများ ဟပ်နေ၏။

ရှိခိုးပြီး ခေတ္တထိုင်အကြည့်တွင် ဘုန်းတော်ကြီး၏မျက်လုံးတွေပွင့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်တော်တို့ကိုမမြင်သလို မေတ္တာသုတ်ကို ရွတ်ဆိုနေ၏။

ကျွန်တော်တို့လည်း မထမိဘဲကြည့်နေ၏။

အတန်ကြာမှ ကျွန်တော်တို့ဘက်လှည့်၍ -

"သာဓု...သာဓု...သာဓု"

"အရှင်ဘုရားဘာကြောင့် သာဓုခေါ်ပါသလဲ"

ကျွန်တော်က မေးမိသည်။

"မင်းတို့နှစ်ယောက်ဟာ မပေါင်းဖက်ကြသေးပေမယ့် စိတ်တူသဘောတူ စိတ်ချင်းပေါင်းမိကြပြီး ကုသိုလ်ကောင်းမှုမှာ စိတ်ဝင်စားကြတယ်၊ သူတော်ကောင်းကို ရိုသေလေးစားကြတယ်၊ ဒါကြောင့် ဒကာလေးနဲ့ ဒကာမလေးတို့ကို သာဓုခေါ်တာပါ"

ဘုန်းတော်ကြီး၏အသံက ညင်သာသည်။ ဂရုဏာတရားနှင့် ပြည့်စုံ၏။

ကျွန်တော်ကော စိုပါကြည်ညိုမှုကြောင့် ကျွန်တော်ကငွေတစ်ရာ၊ စိုကငွေတစ်ရာ ကန်တော့သောအခါ ဘုန်းတော်ကြီးက ခေါင်းကို ခါယမ်းပြီး -

"သည်းခံပါဒကာနဲ့၊ ဒကာမလေး၊ ဘုန်းကြီးဒီကိုလာတာ တရားထိုင်မယ့်အမိဋ္ဌာန်နဲ့လာတာပါ၊ အလှူခံဖို့လာတာမဟုတ်ပါဘူး၊



တစ်ခုတော့ ရှိတာပေါ့ကွယ်၊ ဘုန်းကြီးကပဲ ဒကာလေးဆီက အလှူခံချင်တယ်"

"ပြောပါ...မိန့်ပါဘုရား..."

"ဒကာလေးဆီက ကံတစ်ခုအလှူခံချင်တာပါ၊ ကာမေသုမိစ္ဆာစာရကံကို စောင့်ထိန်းပါ့မယ်ဆိုတဲ့ ကတိကိုဘုန်းကြီးကိုပေးပါ၊ ဒါပဲ ဘုန်းကြီးအလှူခံချင်တယ်"

"တပည့်တော် ဒီနေ့အထိ ကာမေသုမိစ္ဆာကံကို မကျူးလွန်ခဲ့ပါဘူးဘုရား"

"ကာမေသုမိစ္ဆာစာရကံဆိုတာက ကာမပိုင်လင်ယောကျ်ားရှိသူကိုမှ ပြစ်မှားတာမဟုတ်ဘူး၊ မိဘအုပ်ထိန်းခြင်းမကင်းတဲ့လူ၊ ကိုယ်နဲ့မသင့်တော်တဲ့လူအပေါ်မှာလည်း ကျူးလွန်ခြင်းဟာ မနော‌ရော၊ ကာယရောပြစ်မှား ကျူးလွန်တာပဲ၊ ဒကာလေးမှာ အခုမကျူးလွန်ပေမယ့် ကိုယ့်ကိုယ်ကိုမသိဘဲ ကျူးလွန်ထားတာရှိမယ်၊ ဥပမာ မသင့်တော်တဲ့သူအပေါ်ကိုပေါ့ကွယ်"

သူ၏မျက်လုံးများသည် စူးရှတောက်ပ၏။

ကျွန်တော့်မျက်လုံးတွေ စူးရှတောက်ပသည်ဆိုပေမယ့် ယင်းဘုန်းတော်ကြီး၏ မျက်လုံးများကို မမီပါ။

ဒါပေမယ့် ထိုမျက်လုံးများသည် ဂရုဏာတရားနှင့် မေတ္တာတရားကိုသာ ပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လွယ်ကူစွာပင်ကတိပေးလိုက်စဉ် အာရုံကမြ ကြေးမုံကို ဖျတ်ဆို သတိရလိုက်၏။

ဘာကြောင့်လဲမသိ၊ ဘုန်းတော်ကြီး ကျွန်တော့်အတွေးကိုသိသလို ခေါင်းညိတ်ကာ ကျွန်တော်ပေးသော သီလကံတစ်ပါးအတွက် သာဓုခေါ်သည်။

စိုက ကျွန်တော့်အားပြုံးစေ့စေ့နှင့်ကြည့်၏။

တစ်ချို့မိန်းကလေးတွေနှင့် ကျွန်တော်တွဲတတ်သည်ကိုလည်း သူမသိထားပြီးသားဖြစ်သည်။

မလုံမလဲမဖြစ်ရန် ကျွန်တော်သတိထားလိုက်ရ၏။

ဘုန်းတော်ကြီးက ကျွန်တော့်ကိုစိုက်ကြည့်ပြန်ကာ –

"ဒကာလေးမှာ မမြင်ရတဲ့ ပယောဂတွေဝင်နေတယ်၊ ဒါတွေဟာ ဒကာလေးကို တစ်နေ့ဒုက္ခပေးလိမ့်မယ်၊ ဒကာလေး ကိုယ့်ကိုယ်ကိုယ်ဘာဆိုတာသိပါလိမ့်မယ်၊ ဒကာလေးရဲ့ ကုသိုလ်တွေက ကောင်းနေတော့ သူတို့ကြံစည်ချင်တိုင်း ကြံစည်လို့မရဘူး"

"တင်ပါ့ဘုရား…"

ဘုန်းတော်ကြီးက သူ့လက်တွင်ပတ်ထားသော ပုတီးကိုချွတ်၍

"ဂမ္ဘီရပညာဆိုတာ အင်မတန်နက်နဲသိမ်မွေ့တဲ့ လောကီပညာ ရပ်တွေပါ၊ ပရလောကတောင် ဂမ္ဘီရပညာထဲပါနေတတ်တယ်၊



ဘုန်းကြီးကလည်း ဝေနေယျတွေကို အကျိုးရစေချင်တယ်၊ အတ္တကြောင့် ဒေါသဖြစ်ရတယ်၊ တဏှာကြောင့် လောဘဖြစ်ရတယ်၊ ရာဂကြောင့် မောဟဖြစ်ရတယ်၊ ဒါတွေကို သိပါဒကာလေး၊ ရော့…ဟောဒီပုတီးကိုယူထား၊ ဒကာလေးဉာဏ်ရှိသလိုသုံး၊ အန္တရာယ်ကင်းတဲ့သိမ်ဝင်ပုတီးကွယ့်၊ ဒီပုတီးကို ဆောင်ထားရင် ဒကာလေးကတိပြုထားတဲ့ ကံမကျိုးပေါက်သရွေ့ ဒကာလေးကိုဒီစိပ်ပုတီးကအကျိုးပြုပါလိမ့်မယ်"

ကျွန်တော်က ပုတီးကို လက်နှစ်ဘက်နှင့် ရိုသေစွာယူလိုက်၏။ ဘုန်းတော်ကြီးအား မည်သည့်ကျောင်းတွင် သီတင်းသုံးကြောင်းမေးတော့ ဘုန်းတော်ကြီးက ခေါင်းကိုယမ်းပါသည်။

သည်လိုနှင့်ပဲ ကျွန်တော်မှာ ထူးဆန်းသောဘုန်းတော်ကြီးနှင့်တွေ့ပြီး သိမ်ဝင်ပုတီးကိုရခဲ့၏။

ကျွန်တော့်လည်ပင်းတွင် ထိုပုတီးကိုစွပ်လိုက်သောအခါ ထူးဆန်းသောခံစားမှုကိုခံစားရ၏။

ကျွန်တော့်တစ်ကိုယ်လုံး နွေးကာစိတ်ရောကိုယ်ပါ ပေါ့ပါး၍ကောင်းကင်သို့ *ပျံတက်သလိုခံစားလိုက်ရသည်။*

ဒါ စိတ်ထင်လို့ပါပဲ။

ဘုန်းတော်ကြီးကို ကျွန်တော့်တစ်သက်တွင် တစ်ခါမှ ပြန်မတွေ့

www.burmeseclassic.com



တော့ပါ။ သူ၏ စိပ်ပုတီးကလည်း နောင်သောအခါ အန္တရာယ်တွေကြားမှ ကျွန်တော်လွတ်အောင် ကယ်ခဲ့တာတွေရှိ၏။

ကျွန်တော်စို့ကိုပို့ပြီး အိမ်ပြန်ရောက်သောအခါ စိပ်ပုတီးကို ဘုရားစင်ပေါ်တွင် တင်ထားလိုက်သည်။

ကာမေသုမိစ္ဆာစာရကံဆိုတော့ မြကြေးမုံကို သတိရလာသည်။

သူမသည် အအုပ်အထိန်းကင်းမဲ့သော်လည်း ထူးဆန်းသောဘုန်းတော်ကြီးက မိမိနှင့်မသင့်တော်သူကို ကာမေသုခြင်းအားဖြင့် ကာမေသုမိစ္ဆာစာရကံထိုက်ကြောင်း စောင်းပါးရိပ်ခြည်ပြောခဲ့၏။

ဒါကိုသတိပေးခြင်းဖြစ်မည်၊ ကျွန်တော်နှင့် မြကြေးမုံ ဘဝခြားနေပြီ။

ကျွန်တော်ကလူ။

မြကြေးမုံက ပရလောကမှ ဝေမာနိကဖုန်ပြိတ္တာတစ္ဆေလား၊ အသူရကာယ်လား၊ မပြောတတ်ပါ။

ကျွန်တော့်ထက် တန်ဖိုးလျော့နည်းနေသည့် အတန်းစားထဲက ဖြစ်ပေမည်။

ဒါဆိုကျွန်တော် ရှောင်ရမည်ပေါ့။

ဒီတော့ ကျွန်တော်က ရှောင်မည်ဟု ဆုံးဖြတ်ထားသော်လည်း အချိန်တန်တော့ မျှော်နေမိသည်။



မျှော်ရင်း အိပ်ပျော်သွားသည်။

ထူးဆန်းပါပေ့။

မနက်သာ မိုးလင်းရော၊ မြကြေးမုံရောက်မလာခဲ့ပါ။ ကျွန်တော်မှန်ကိုကိုင်ကာ တမ်းတမိသည်။

"မြကြေးမုံရယ်..ညကမင်းဘာလို့ မလာတာလဲ"

ကျွန်တော်ကိုင်ကာ ရေရွတ်မိသည်။ မှန်ထဲတွင် မြကြေးမုံမျက်နှာလေးကို မြင်လိုမြင်ငြား ကျွန်တော်စူးစိုက်ရှာမိသည်။

ဘာကိုမှ မမြင်ရပါ။

"မြကြေးမုံ...မင်းကို ကိုယ်ချစ်ပါတယ်၊ ဒါပေမယ့် မင်းနဲ့ပေါင်းဖက်ဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူး မြကြေးမုံ၊ ကိုယ်မင်းနဲ့ ကျူးလွန်မှုတွေ မလုပ်နိုင်တော့ဘူး ကိုယ်ရှောင်ရတော့မယ် မြကြေးမုံ"

သည်စကားပြောနေစဉ်ပင် အံ့သြဖွယ်ရာကောင်းအောင် မှန်ချပ်ကို ကျွန်တော့်လက်မှ တစ်ဦးဦးက ပုတ်ချလိုက်သကဲ့သို့ မှန်ချပ်မှာလက်တွင်းမှ လွတ်ကျသွား၏။

ကျွန်တော်က မှန်ကိုကောက်ယူလိုက်သည်။

ထိုသမယဌ် ကျွန်တော့်စိတ်ကရှင်းလင်းနေသည်။

ကျွန်တော်မြဲအောင် မကိုင်လို့လွတ်ကျခြင်းဖြစ်ပေမည်၊

မရှိသောအရာကို တမ်းတခြင်းကြောင့် ကျွန်တော်ဦးနှောက်မှန်ပါ၍လား။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မက်ထဲတွင် စွဲလန်းမိသော မိန်းမပျိုတစ်ယောက်ကို ကျွန်တော်က တမ်းတမ်းတတလုပ်မိခြင်းသည် သူ့ရှုးမဆန်ပါသလော။

ကျွန်တော် ဒီနေ့ မော်လီ့ဆီပြန်သွားပါသည်။

မော်လီမှာ ယမန်နေ့ကနှင့်စာလျှင် ထူထူထောင်ထောင်ပိုရှိ၏။ အဘွားကြီးကို မတွေ့ရပါ။

တွေ့လျှင်လည်း ပါးစပ်မိုးကြီးပဲ ပစ်ခံရလိမ့်မည်။

□ □ □ □ □



# ဇာတ်လမ်းခွဲ (၁၀)

"မော်လီတောင် အားနာမိတယ်ကိုစိုးဒေဝါ"

"ဘာကိုလဲမော်လီ"

"ဩော်…အန်တီကရှင့်ကိုပြောတာတွေ"

"မှန်သားပဲ"

"ရှင်…"

"ဟုတ်တယ်လေ၊ ဗမာစကားရှိတယ်မဟုတ်လား၊ ကြက်သွန်ဟာ သူ့ဘာသာသူနေရင် အကောင်းသား၊ ပြုတ်သီးနဲ့ပေါင်းပါမှ အထောင်းခံရတယ်လို့ မော်လီလည်း ကိုယ်နဲ့ပေါင်းမှပဲ ခံရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးဒေဝါဟာလေ ကြဲကြဲဖန်ဖန်ပြောတတ်တယ်"

"ဝီလီက မော်လီ့ကို ကိုယ်ထင်သလောက်မရက်စက်ပါဘူး။ ကိုယ်ကမော်လီကို သတ်ရာအောက်မေ့နေတာ၊ ကိုယ်ညံ့တာလည်းပါတယ်"

"သူ မော်လီ့ကိုသတ်ဖို့ပဲ၊ ဒါပေမယ့် မော်လီက သူ့ကိုကူညီထားတာတွေရှိတာရယ်၊ သူနဲ့ပူးပေါင်းကြံစည်လိုက်တာရယ်ရှိတော့ မသတ်ဘဲကားပေါ်က တွန်းချပစ်ခဲ့တာပဲ"

"မော်လီက ဘာတွေပူးပေါင်းကြံစည်ခဲ့တာလဲ"

"ကိုစိုးဒေဝါကိုသတ်ဖို့ပေါ့"

"ဟုတ်လား…ဘယ်တုန်းကလဲ"

ကျွန်တော် အထူးအဆန်းဖြစ်သွားသည်။

"ဟိုးတစ်နေ့ညကလေ ကိုစိုးဒေဝါမော်လီ့ကိုဝင်ကစားပေးလို့ ရှုံးနိုင်ပြီး ပြန်တဲ့ညကလေ"

"သြော်…သြော်"

"အဲဒီကောင်သုံးကောင်ကို ဘယ်လိုထင်သလဲ"

"ဘယ်ကောင်တွေလဲ"

"ကိုစိုးဒေဝါနဲ့ ဖိုက်ခဲ့တဲ့ကောင်တွေ"

"ကိုယ့်အယူအဆကတော့ မော်လီ့ငွေတွေကို တစ်ယောက်ယောက်ကလိုက်လုနိုင်းလို့ လိုက်လုကြတယ်လို့ယူဆတာပဲ"

"မဟုတ်ဘူး…"

သူမက ကျွန်တော့်မျက်နှာကို မရဲတရဲကြည့်ပြီးမှ-

"မော်လီက ကိုစိုးဒေဝါကို ထောက်လှမ်းရေးကဖြစ်ကြောင်း သိထားတယ်၊ ဝီလီကလည်း ကိုစိုးဒေဝါ သူ့ကိုလီဒိုကလပ်မှာ ဖမ်းဖို့ကြိုးစားခဲ့တဲ့အကြောင်းပြောပြီး ကိုစိုးဒေဝါကို ရှင်းဖို့သူနဲ့မော်လီတို့ တိုင်ပင်ကြတယ်"

"ကိုယ်သိပြီ…ဟိုနေ့ညက ငနဲသုံးကောင်ဟာ မော်လီလွှတ်လိုက်တဲ့ကောင်တွေပေါ့"

"ဟုတ်တယ်၊ မော်လီပဲ ဒီကောင်တွေကိုလွှတ်လိုက်တာပါ၊ ဒါပေမယ့် ကိုစိုးဒေဝါက မော်လီ့ကိုသဘောတရားတွေရှင်းပြတော့ မော်လီ နောင်တရလာတယ်"

"မော်လီ့အကောင်တွေက ခပ်ချာချာကောင်တွေပါ၊ နောက်ဆိုဓားရိုးတို့၊ စူပါမင်းတို့၊ ဗိုလ်ဝတို့ကို လွှတ်လိုက်ပေါ့၊ ခုကောင်တွေက မစားလောက်ဘူး"

မော်လီက တောင်းပန်သောမျက်နှာကလေးနှင့်-

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီခပ်ချာချာကောင်တွေကိုလွှတ်လိုက်တာပဲ ကျေးဇူးတင်ရမယ်၊ ရုပ်ရှင်ထဲက လူစွမ်းကောင်းတွေဆိုရင်တော့ မလွယ်ဘူး"

"ဘယ်သူက မလွယ်တာလဲ"

"သူတို့က မလွယ်တာပါ"

ပြောပြီး ပြုံးလိုက်သည်။ ပြီးမှမျက်နှာသေကလေးနှင့်-

"မော်လီကို အဲဒီအတွက်ခွင့်လွှတ်ပါ. ကိုစိုးဒေဝါရယ်နော်၊ အခု မော်လီလိမ္မာပါပြီ"

"ခွင့်မလွှတ်လို့ကောရမလား၊ မော်လီ ဒါလောက်စွန့်စားကူညီထားပြီးမှ…"

"ဒါဆို မော်လီလျော်ကြေးပေးလိုက်တာပေါ့နော်"

"ဒါပေါ့"

"ဝမ်းသာပါတယ်"

သူမက ကျွန်တော့်ကို ကြေရာကြေကြောင်း နှုတ်ဆက်ဖို့ လက်ကလေးကမ်းလိုက်တော့ ကျွန်တော်ကလည်းကြေပါသည်ဆိုသောသဘောမျိုးနှင့် သူမ၏လက်ကလေးကို ဆွဲကိုင်နှုတ်ဆက်လိုက်၏။

သြော်-မြန်မာယဉ်ကျေးမှု ဘယ်လောက်လုပ်လုပ် လက်ဆွဲနှုတ်ဆက်ကြသည့်အကျင့်ကတော့ ဖျောက်မရသေး။



"ကားကော ပြန်ရပြီလား"

"မနေ့ကပဲ ရတယ်မော်လီ၊ ကိုယ်ပြောဖို့မေ့သွားတယ်၊ မော်တော်ကားတစ်စီးလုံးကိုတော့ ဘော်တယ်ကုလားဆီမှာ ရောင်းမစားနိုင်ပါဘူး"

"ဘယ်မှာတွေ့တာလဲ"

"တာမွေဘက်မှာ၊ ရဲဌာနကရဲတွေကတော့ တာမွေမှာပိုက်စိပ်တိုက်ရှာကြတုန်းပဲ"

"ဝီလီက ကိုယ်ဖျောက်တော်တယ်၊ တစ်ခုတော့ရှိတယ်လေ"

"ဘာလဲ"

"အံ့ဩဖွယ်ကောင်းတဲ့ မှန်ကလေး သူပြန်မရသရွေ့ ဒီနိုင်ငံကထွက်နိုင်မှာမဟုတ်ဘူး၊ သူ့ကိုနိုင်းလိုက်တဲ့လူတွေက ဒီမှန်ကိုလိုချင်လို့ ခိုင်းလိုက်တာမဟုတ်လား၊ ဒီမှန်မပါရင် သူဘယ်ပြန်ရဲမလဲ"

"မှန်က တန်ခိုးသတ္တိရှိလို့လား"

"မှန်ကတော့ အောက်ကတ် (Occult) တစ်ခုပဲ"

(Occult)ဆိုသည်မှာ ဂမ္ဘီရကိုပြောခြင်းပါပဲ။

"အဲဒီမှန်ကိုကြည့်ပြီး ဆုတောင်းရင် လိုရာပြည့်တယ်လို့လည်း ဝီလီကပြောဖူးတယ်၊ မော်လီကတော့ မယုံပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ထဲ မှန်ရောက်နေခြင်းကို မော်လီမသိပါ၊ ဝီလီကောင်းလည်း သိမည်မဟုတ်ပါ။

"လောကမှာ ဂမ္ဘီရနဲ့ ပတ်သက်လို့ အံ့ဩစရာတွေ အများကြီးရှိတယ်၊ အနောက်နိုင်ငံကတောင် ဂမ္ဘီရပညာတွေကိုယုံကြည်ကြတယ်"

"ဪ…အခုဖြစ်နေတာတွေကို ဂရေ့(စ်)မသိစေနဲ့နော်"

"စိတ်ချပါမော်လီရာ၊ ကိုယ်နှုတ်ပိတ်နေပါ့မယ်"

အဲသည်လိုပြောတော့ သူမကျေနပ်သွားပုံရ၏။

သူတို့ သူငယ်ချင်း အချင်းချင်းအထင်သေးမှာကိုလည်း မော်လီခံနိုင်ရည်ရှိပုံမပေါ်။

ကျွန်တော် မော်လီနှင့်စကားပြောစဉ် အဘွားကြီးဝင်လာပါ၏။

ကျွန်တော် မြန်မြန်ထလိုက်ရ၏။

ဒါတောင် မျက်စောင်းအထိုးခံလိုက်ရသေးရဲ့။

ကျွန်တော်ဂျာ တာမွေရဲဌာနကို ဝင်သည်။ ဌာနအုပ်နှင့်တွေ့သည်။ ကျွန်တော်ဘယ်သူဆိုတာကို သူကသိထားတာမို့ ဂရုတစိုက်နှင့်စကားပြော၏။

"ဆရာစိုးဒေဝါမပြောပေမယ့် လူသတ်ကောင်ဟာ ဘယ်သူဆိုတာ ကျွန်တော်တို့သိပြီးသားပါ၊ သူ့လက်ဗွေရာတွေ ကျွန်ရုံလို့ စီအိုင်ဒီက စစ်ဆေးတော့ဝီလီကောင်းဆိုတဲ့ လူသတ်ကောင်ကပဲ ဆရာကားကိုခိုးပြေးတယ်မဟုတ်လား"



ကျွန်တော့်အဆင့်က ရဲမှူးအဆင့်။

ကျွန်တော်တို့ စက်ရှင်မှာတော့ ကျွန်တော်က အုပ်စုမှူး။

"စုမှူး"လို့ အတိုကောက်ခေါ်နိုင်ပါသည်။ "စုမှူး"သည် ထိုခေတ်က ရဲမှူးအဆင့်နှင့်ညီသဖြင့် ရဲအုပ်ဖြစ်သော ဌာနအုပ်က ကျွန်တော့်ကို "ဆရာ"ဟု လေးစားသမှုနှင့်ခေါ်ခြင်းဖြစ်ပါသည်။

"စီအိုင်ဒီက ဝီလီကောင်းရဲ့လက်ဗွေရာကို စစ်ဆေးမိတာပေါ့"

"ဒါပေါ့ဆရာရယ်၊ နောက်တစ်ခုလည်းတွေ့တယ်၊ အဲဒါက အမျိုးသမီးတစ်ဦးရဲ့လက်ရာပဲ"

"မော်လီဆိုတဲ့ မိန်းကလေးတစ်ဦးရဲ့လက်ရာပဲဗျ၊ ကျွန်တော့်ကားကိုဝီလီကခိုးပြေးတော့ ကောင်မလေးကို ကားပေါ်ကတွန်းချပစ်ခဲ့တယ်၊ အခုအင်းစိန်ဆေးရုံပေါ်က ဆင်းတောင်မဆင်းရသေးဘူး"

"ဒါလည်းသိပြီးပါပြီ"

"ခင်ဗျားတို့ ဝီလီကိုတာမွေမှာ ရှာပြီးကြပြီလား"

"လှည်းနေလှေအောင်း မြင်းစောင်းမကျန် ရှာပါတယ်ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဝီလီဆိုတဲ့နာမည်တူနှစ်ယောက်သုံးယောက်တော့တွေ့ရဲ့၊ ဒါပေမယ့် သူမဟုတ်ဘူး"

"အေးဗျာ၊ ဒီကောင့်အနံ့ရရင်တော့ ကျွန်တော့်ကိုအကြောင်းကြားပါ၊ အမှုက ကျွန်တော်ကိုင်တော့ ကျွန်တော်ပဲဖမ်းပါရစေ"

"ကောင်းပါပြီဆရာရယ်၊ ကျွန်တော်တို့မှာလည်း တာဝန်သက်သာတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဝိုင်းဖမ်းပေးရမယ်ဆိုလည်း အကြောင်းကြားပါ"

"အော(လ်)ရိုက်၊ အော(လ်)ရိုက်"

ကျွန်တော် ရဲစခန်းမှ ပြန်လာချိန်က နေ့လယ်ချိန်။

အိမ်ကိုပြန်လိုက်သည်။

ဝီလီကိုအမြန်ဖမ်းလိုစောကရှိသည်။ ဝီလီအား မှန်ကျွန်တော့်လက်ထဲတွင်ရှိနေပြီး တစ်နည်းနည်းဖြင့် ထောင်ဖမ်းရန်ပင်စဉ်းစားလာသည်။

နံနက်ကတည်းက ဝတ်ထားသောအနွေးထည်ဂျာကင်မှာ မချွတ်ရသေးပါ။

ကားဦးရေ၊ လူဦးရေ၊ အဆောက်အဦးရေများနည်းနေသည့်



ပြင်စက်မှုလုပ်ငန်းများလည်း နည်းနေသဖြင့် အအေးဓါတ်ကရန်ကုန်ထက်ပိုးဖြင့်နိုင်သည်။

ပြီးတော့ ထိုစဉ်က ကမ္ဘာတွင် အိုဇုန်းလွှာများ ပျက်သွန်းခြင်း မရှိသဖြင့် ရာသီဥတုကမှန်နေသည်။

အေးချိန်တန်လည်း အတော်အသင့်အေး။

ပူချိန်တန်လည်း အတော်အသင့်ပူ။

အရာရာတိုင်းသည် မျှနေသည်ဟုထင်ရ၏။

ကျွန်တော်ကားကို ခြံထဲမောင်းသွင်း၊ အိမ်ထဲကိုဝင်၊ အိပ်ခန်းထဲကမှန်ကလေးကိုကိုင်။

"အင်း..ရှုးတယ်လို့ပဲဆိုဆို မော်လီပြောသလို စမ်းကြည့်ဦးမှ"

"မှန်ကလေးရေ တို့များကိုကူညီစမ်းပါ၊ တို့ဝီလီဆိုတဲ့ကောင်ကိုဖမ်းချင်တယ်၊ လမ်းညွှန်ပေးစမ်းပါကွာ"

မှန်ကလေးကို ကိုင်ကာကြည့်ပြီး တိုးတိုးကလေးရွတ်မိ၏။ ထိုသည်နောက် မှန်ကလေးကို စားပွဲထက်တွင်ရှိသော တယ်လီဖုန်းစင်ကိုကြည့်၍ ထောင်လိုက်၏။

မှန်ကလေးထဲက မြကြေးမုံကြားပါစေတော့။

www.burmeseclassic.com

www.burmeseclassic.com



မှန်ကလေးဆီမှ ကျွန်တော့်မျက်လုံးတွေ လွှဲဖယ်တော့မည်အပြု အံ့အားသင့်စရာနှင့် တိုးသွား၏။

ကြည်လင်သောမှန်သားပြင်ပေါ်တွင် အငွေ့လိုလို၊ မြူလိုလိုတွေ ရသလိုပဲ။

ကျွန်တော် ကုန်းကြည့်၏။ မျက်နှာကမှန်သားပြင်နှင့် ကပ်သွားသည်။

မှန်သားပြင်ပေါ်တွင်ရှိသော အငွေ့အသက်တွေက ပိုမိုများပြားလာကာ မီးခိုးတွေလို ထလာ၏။

နှင်းခိုးမြူခိုးတွေ ရိုက်ခတ်နေသလိုပင်။

ထိုစဉ်မှာပင် ကျွန်တော့်ဝန်းကျင်တွင် လေပြင်းရိုက်ခတ်သလို ခံစားလာရသည်။ ကျွန်တော့်ကိုယ်သည် လွင့်ပါးသွားသလိုထင်ရ၏။

ကျွန်တော့်ရှေ့ရှိမှန်ကြီးမှာ ကြီးမားကျယ်ပြန့်သော မှန်ကြီးတစ်ခုဖြစ်လာသည်။

ရှင်းရှင်းဆိုသော် ရုပ်ရှင်ပိတ်ကားကြီးတစ်ခု ကျွန်တော့်ရှေ့မှာ ပေါ်ပေါက်လာသလိုဖြစ်သည်။ အဲဒီအထဲမှာ မြင်လာရတာက တောတွေတောင်တွေကြား။

ကျွန်တော့်ကိုယ်က လွင့်မြောက်ကာ ရုပ်ရှင်ပိတ်ကားနှင့်အ



လားတူကြီးမားသည့် မှန်ချပ်ကြီးထဲ ဝင်သွားသလို ခံစားလိုက်ရသလို မေ့ခနဲခံစားလိုက်ရသည်။

ချက်ချင်း ကျွန်တော်သတိရလာ၏။

ဘုရား…ကယ်ပါ။

ကျွန်တော့်မှာ အိပ်ခန်းထဲတွင် မဟုတ်တော့ဘဲ ထူးဆန်းစွာ တောတစ်ခုထဲရောက်နေသည်။

အေးလိုက်သည်မှာလည်း အလွန်အမင်း။

ကျွန်တော်ဝတ်ထားသော ဂျာကင်ထဲသို့ပင် ထိုးဖောက်နေသည်။ တောကြီးမှာ စိမ်းလန်းသော သစ်ပင်တို့ရှိရာမည့်အစား ငွေမှုန်ငွေခဲတွေဖုံးသလို သစ်ပင်တွေမှာ နှင်းခဲတွေနှင့် ဆွတ်ဆွတ်ဖြူဖုံးနေသည်။

အဝေးတွင် နှင်းတွေဖုံးလွှမ်းနေသော တောင်တန်းကြီးတစ်တန်းကိုမြင်ရသည်။

"မင်း ဒီတောထဲကိုသွား၊ စမ်းချောင်းတစ်ခုတွေ့မယ်၊ အဲဒီချောင်းနံဘေးအတိုင်းသွားရင် အိမ်တစ်အိမ်တွေ့မယ်၊ မင်းလိုချင်တဲ့လူ အဲဒီမှာရှိတယ်"

အသံတစ်သံက ကျွန်တော့်နားထဲ လာပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘေးဘီကိုလှည့်ကြည့်၏။ ဘယ်သူ့ကိုမှ မတွေ့ရပါ။ သက်ရှိသတ္တဝါဆိုလို့ ကျွန်တော်တစ်ယောက်ပဲရှိ၏။

ကျွန်တော်တုန်လှုပ်သွားသည်။ ကိုယ်မရောက်ဖူးသော နေရာတွင် လူသူမတွေ့ရဘဲ အသံဗလံတွေကိုသာ ကြားရသဖြင့် တုန်လှုပ်မိ၏။

ကျွန်တော့်စိတ်ကို ကျွန်တော်ထိန်းလိုက်၏။

ကြားရသောအသံတွေက မော်တော်ကားသံတွေလိုလို၊ လူအော်သံတွေလိုလို။

ထိုအသံများသည် တစ်စတစ်စပြန့်ပါးသွား၏။

ထူးဆန်းသော မှန်ကလေးရှေ့တွင် ဆုတောင်းလိုက်သည်နှင့်ပဲ ဘယ်လိုအကြောင်းကြောင့် သည်နေရာကိုရောက်လာရသလဲ၊

ကျွန်တော်နှင့် စိမ်းသည့်နေရာပဲ။

ကျွန်တော့်ဂျာကင်အောက်တွင် စလွယ်အိတ်နှင့် ထည့်ထားသော ဗို့ငှသုံးဆယ့်ရှစ် မီလီမီတာလူဂါပစ္စတိုရှိနေသည်။

သေနတ်ကို ကျွန်တော်ထုတ်ကိုင်လိုက်သည်။

တောထဲအတိုင်း ကျွန်တော်လျှောက်သွား၏။ ကျွန်တော်သွားရာနေရာတွင် နှင်းတွေဖုံးလွှမ်းနေသည်။



သက်ရှိသတ္တဝါဆိုလို့ ကျေးငှက်တောင်မတွေ့။

အဝေးတွင်မြင်ရသော နှင်းခဲငွေမျှင်ငွေခဲတွေ ဖုံးလွှမ်းနေသော တောင်ကြီးမှာ ဟိမဝန္တာတောင်ကြီးဆိုတာသိလာ၏။

အကြောင်းက ဟိမဝန္တာတောင်တန်းကြီးကို ဓါတ်ပုံများထဲတွင်လည်းကောင်း၊ ရုပ်ရှင်များထဲတွင်လည်းကောင်း၊ မြင်ဖူးနေသောကြောင့်ဖြစ်၏။

ဘယ်လိုလုပ်ဒီနေရာ ရောက်နေပါလိမ့်။

ကျွန်တော့်ကိုယ်ကျွန်တော် အံ့ဩနေမိ၏။

အေးမြသောလေသည် ဂျာကင်အောက်ရှိကျွန်တော့်ကိုယ်ထဲတိုးထိလာသောကြောင့် ဂျာကင်ရင်ဘတ်ဇစ်ကိုပိတ်လိုက်ရ၏။

အချိန်ကြာစွာ သည်အအေးဒဏ်ကို ကျွန်တော်ခံလျှင် သေသွားနိုင်၏။

လမ်းမှာနှင်းပွင့်တွေနှင့် နှင်းခဲတွေကြောင့် ကျွန်တော်၏ဖိနပ်စီးထားသော ခြေတွေကမြုပ်မြုပ်ဝင်သွားသည်။

သေနတ်ကို အဆင်သင့်ကိုင်ထားခဲ့စေကာမူ လုံခြုံရေးခလုတ်ကိုမဖြုတ်ခဲ့ပါ။ သေနတ်ကိုင်ထားသောလက်ပင် ထုံကျဉ်စပြုလာတာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လက်နှစ်ဘက်လုံးကို ဂျာကင်ဘောအိတ်တွေထဲထည့်လိုက်သည်။

သွက်သွက်ကလေး လျှောက်ရသေးပူလာ၏။

ကျွန်တော့်စိတ်ထဲတွင် အံ့သြမှု၊ တုန်လှုပ်မှုများက မပျောက်သေး၊ ဘယ်လိုက ဘယ်လိုသည်မှန်ထဲသို့ ရောက်လာရသလဲ။

အိမ်မက်တော့မဟုတ်နိုင်ပါ။

နှင်းခဲတွေ တစ်စထက်တစ်စ ပါးသွားသည်။ မြက်ပင်လေးတွေ သစ်ပင်ပေါက်ကလေးတွေကို တွေ့လာရသည်။

ဤနေရာတွင် နေခြည်ကောင်းကောင်းပွင့်ရုံသာမက နှင်းဖတ်နှင်းခဲတွေမကျတော့ပါ။

စိမ်းစိုသော သစ်ပင်များပင် ပတ်ဝန်းကျင်မှာ ကြီးစိုးလာသည်။ ကျွန်တော်ဆက်အလျှောက်တွင် နားထဲရေစီးသံလိုလို ကြားရ၏။

ကျွန်တော်မသိသော အသံရှင်ကပြောစကားကိုလည်း အမှတ်ရမိ၏။

စမ်းချောင်းကလေးတွေ့မယ်ဆိုတာ။

စမ်းချောင်းကို မကြာမီတောများကြားထဲတွင်တွေ့ရ၏။ တေား



တွင် တောင်ကမ်းပါးရုံနှစ်ခုရှိလျှက်ရှိရာ ထိုတောင်ကမ်းပါးရုံနှစ်ခုကြားတွင် စမ်းချောင်းကလေးက တသွင်သွင်စီးနေ၏။

တောင်ကမ်းပါးရုံများတွင် စိမ်းစိုသောသစ်ပင်များ ထူထပ်စွာပေါက်နေလျှက်ရေတံခွန်တစ်ခုက တောင်ကမ်းပါးယံတစ်ခုမှ စမ်းချောင်းထဲသို့ သွယ်တန်းပြီး ငွေမှုင်ငွေရည်များသဖွယ် ထိုးကျနေသည်။

စမ်းချောင်းကလေးမှာ သာတောင့်သာယာရှိ၏။

ဟော…သီချင်းဆိုသံပါကလား။

မိန်းကလေးတစ်ယောက် သီချင်းဆိုသံ။

သူမကို ကျွန်တော်မြင်လာရသည်။ စီးဆင်းနေသော စမ်းချောင်းကလေးသည် ရေ၏စီးဆင်းမှုအဟုန်ကူ မြန်သလို ထိုမြန်သောရေလွှာပြင်ပေါ်တွင်လှေကလေးတစ်စီးပေါ်၌ မိန်းမပျိုတစ်ယောက်သီချင်းဆိုနေ၏။

သူမက ကျွန်တော်တွေ့ချင်နေသော မြကြေးမုံ။

မြကြေးမုံဆိုသော သီချင်းမှာ မြန်မာသီချင်းမဟုတ်ပါ၊ ဘာသာခြားတစ်ခု၏ ဘာသာဖြင့်ဆိုသော သီချင်းပဲဖြစ်သည်။

အသံမှာသာပြီး ဆွဲဆွဲငင်ငင်နှင့် သီဆိုနေသဖြင့် သူ့ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



စကားကို နားမလည်သော်လည်း သုတိသာယာမှု၊ အဟောသုခံစိတ်ချမ်းသာမှု၊ နားချမ်းသာမှုတော့ရှိသည်။

ကျွန်တော်သူ့ကိုတွေ့တော့ ဝမ်းသာသွားသည်။ ကျွန်တော်ဘယ်ရောက်နေသည်ကို မေးချင်သည်။

သူမသည် ကျွန်တော်နှင့်တွေ့စဉ်ကလိုပင် နှင်းပွင့်လိုဖြူသော ဂါဝန်သဏ္ဌာန်အဝတ်ကိုဝတ်ထားသည်။

ကျစ်ဆံမြီးနှစ်ဘက်ကို ရင်အုံရှေ့တွင် ချထား၏။ သူမသည် လှေကိုအားစိုက်လှော်နေသဖြင့် ကျွန်တော့်ကိုမြင်ဟန်မရှိ။

"မြကြေးမုံ"

ကျွန်တော်အော်ခေါ်လိုက်၏။

တစ်ဝေါဝေါထိုးကျဆူညံနေသော ရေတံခွန်သံကို ကျွန်တော့်အသံက ဖောက်ထွင်းမှုမရှိပါ။

ကျွန်တော်အော်ခေါ်ပြန်သည်။

"မြကြေးမုံ..အချစ်ဂျဲလေး ကိုယ်ဒီမှာ"

မြကြေးမုံက ကြားပုံမပေါ်၊ လှေကိုသာလှော်ခတ်နေသည်။ ကျွန်တော်ကမ်းစပ်သို့ ပြေးသွား၏။

"ဟယ်...သွားပြီဟာ"



မြကြေးမုံစီးသောလှေမှာ ရေလယ်တွင်ချာချာလည်သွား၏။ မြကြေးမုံက သူမ၏လှေကို ထိန်းပါသေးသည်။

သို့သော်လည်း ရေစီးမြန်မှုကြောင့် လှေမှာထိန်းမရတော့ဘဲ တဝေါဝေါထိုးကျနေသော ရေတံခွန်အောက်သို့ ဦးတည်ရောက်သွားတော့၏။

"မြကြေးမုံ...မြကြေးမုံ"

ကျွန်တော်အလန့်တကြား အော်ခေါ်ကာ စမ်းချောင်းထဲကို ပြေးဆင်းသွားသည်။

"ဟ...အမယ်လေး..အေးတယ်ဟာ"

ရေစပ်မှ ရေထဲသို့အဆင်း ရေကကျွန်တော့်ခြေမျက်စိအထက်ကို ထိတွေ့လိုက်မိသည်နှင့် ကျွန်တော်အော်လိုက်မိ၏။ အထိမခံနိုင်အောင် အေးမြလွန်းသောရေကြောင့် ကျွန်တော်ရေထဲသို့ မဆင်းဝံ့ပါ။

စမ်းချောင်းထဲ ကူးခတ်ဖို့လည်းမလွယ်ပါ။

လွယ်သည်ပဲထားဦးတော့၊ အေးမြနေသောရေ၏ တရားလွန်သော အအေးကြောင့် စမ်းချောင်းထဲတွင်ပင် ကျွန်တော်သွေးခဲပြီး သေသွားနိုင်၏။

ဆောင်းရာသီဖြစ်သည်ကိုလည်း သတိရမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးလည်ပတ်မှုကြောင့် ကမ္ဘာ့မြောက်ခြမ်းမှလေတွေက တောင်ဘက်သို့ တိုက်ခတ်နေပြီဖြစ်ရာ ဤဟိမဝန္တာလိုရေခဲတွေ၊ နှင်းခဲတွေရှိသောနေရာကို ဖြတ်သန်းတိုက်ခတ်သောကြောင့် အအေးဓါတ်တွေလွှန်ကဲနေခြင်းဖြစ်ပေမည်။

ကျွန်တော်က မြကြေးမုံရှိရာသို့ ဝမ်းပမ်းတစ်နည်းကြည့်နေစဉ် မြကြေးမုံနှင့်တကွ လေ့ကတဝေါဝေါထိုးကျနေသော ရေတံခွန်အောက်သို့ ဖြတ်သန်းပျောက်ကွယ်သွားသည်။

မြကြေးမုံသေရှာပြီလား…ဆက်လက်အသက်ရှင်နေပြီလား ဆိုတာကို ကျွန်တော်မသိပါ။

ဒါပေမယ့် မြကြေးမုံကလူမဟုတ်ပါ။

ဘဝခြားနေသော နာနာရုပ်ကောင်ပင်ဖြစ်၏။

နှစ်ပေါင်းနှစ်ထောင်နေလာသည်ဟု ပြောပြီးမှ ဘယ်ကဲ့သို့ သေနိုင်ပါမည်လဲ။

ကျွန်တော်က ကြေကွဲဝမ်းနည်းသောစိတ်နှင့် စမ်းချောင်းကလေးနှင့် ယှဉ်နေသော လမ်းကလေးတစ်ခုသို့ ရောက်လာ၏။

ထိုလမ်းကလေးမှာ လူတွေဖောက်ထားသကဲ့သို့ ညီညာသော လမ်းပင်ဖြစ်သည်။



ယင်းလမ်းကလေးအတိုင်း တက်လာသည်။

ကျွန်တော်တက်လာသည်မှာ ထိုလမ်းကလေးက စမ်းချောင်းနံဘေးရှိ တောင်ကမ်းပါးယံထက်သို့ တက်သွား၍ တောင်ကမ်းပါးယံထိပ်ရှိ သစ်ပင်များကြား၌ ပြသာဒ်လိုဘုံဆင့်တွေလိုလိုနှင့် တည်ဆောက်ထားသော တရုတ်အိမ်ပုံစံ အဆောက်အအုံကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ကျွန်တော်တက်ရာလမ်း၏ ဘေးနှစ်ဘက်တွင် သစ်ပင်ကြီးငယ်များရှိကြသည်။

မဟော်ဂနီပင်၊ ဝက်သစ်ချပင်နှင့် အမျိုးအမည်မသိသော အပင်များပေါက်နေသည်။

နာခေါင်းထဲတွင်လည်း မွှေးကြိုင်သောပန်းရနံ့တွေသာမက ကျွန်တော်ရထားသော မှန်ကလေးဆီမှ ထွက်သောသင်းရနံ့ကိုလည်း ရသည်။

အအေးဒဏ်ကသည်ဘက်မှာ ပေါ့သွားသောကြောင့် နေသာထိုင်သာရှိနေပါသည်။

ကမ်းပါးထိပ်သို့ရောက်ကာနီးတွင် ကျွန်တော်သွားနေသော

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှ မြေနီလမ်းမှာရွှံ့အညိုရောင်လို မြေသားရှိသည့် မြေညိုလမ်းဖြစ်လာ၏။

သစ်ပင်တွေကြားထဲ ဖြတ်လျှောက်လာသည်။

နေက အနောက်သို့ထိုးကျနေ၏။ ကျွန်တော်၏လက်ပတ်နာရီကို ကြည့်လိုက်သည်။

အိုမီဂါလက်ပတ်နာရီက ငါးနာရီထိုးကာနီးနေပြီကိုပြနေ၏။

ထိုအိမ်အဆောက်အဦးထဲတွင် ဝီလီကောင်းရှိနေမလား။

ကျွန်တော်လမ်းအတိုင်းမသွားတော့ဘဲ သစ်ပင်တွေကိုပွန်းလျှိုးကွယ်လျှိုးအကာအကွယ်ယူကာ တက်သွားသည်။

ပတ်ဝန်းကျင်တွင် တကျိုကျိုတကြော်ကြော်အော်နေသော ငှက်သံလေးတွေပဲအုပ်စိုးနေ၏။

သည်မှာဘက်တွင် ငှက်သံတွေကြားနေရ၏။

မကြာမီ သူတို့အိပ်တန်းဝင်ကြတော့မည်။

အမှောင်ကလည်း မကြာခင်ရောက်လာမည်။

ကျွန်တော်စဉ်းစားရခက်နေတာက ရန်ကုန်ထဲမှာရှိနေရမည့်ကျွန်တော်နှင့် ဝီလီသည် အမျိုးအမည်မသိရသော ဤဒေသသို့ရောက်ရှိနေကြသည့်အဖြစ်ပဲ။



ကျွန်တော်စိတ်ကူးယဉ်လွန်သွားသလား။ အိပ်မက်မက်နေသလား။

တွေးရင်းပင် သစ်ပင်တွေနားမှ ပြသာဒ်တွေ၊ ဘုံအဆင့်တွေပါသော အဆောက်အဦးဘက်သို့ရောက်လာ၏။

အဆောက်အဦးတံခါးတွေမှာ အနီရောင်ဆေးတွေသုတ်ထားသည်။ လူသွားလူလာလည်း ထိုအဆောက်အဦးရှေ့တွင်မတွေ့ပါ။

ကျွန်တော်တံခါးရှိရာသို့ ပြေးသွားသည်။

ဆေ့(ဖ်)ကိုဖြုတ်လိုက်သည်။ အီဂျစ်တာကိုလည်း ဆွဲတင်လိုက်သည်။

တံခါးဝနားကပ်၍ အတွင်းသို့ချောင်းကြည့်လိုက်၏။

အထဲတွင် လူတစ်ယောက်တည်း စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့်ထိုင်နေကာ စားပွဲပေါ်တွင် ခြေနှစ်ချောင်းကိုစုံလိုက်ပစ်တင်ထားသည်။ ဒါဝီလီကောင်းပဲ။

ကျွန်တော်က အချိန်ကုန်ခံမနေတော့ဘဲ အိမ်တွင်းသို့ဆတ်ခနဲခုန်ဝင်လိုက်သည်။ နှုတ်မှလည်း ကျယ်ကျယ်လောင်လောင်ပြောလိုက်၏။

"ဟေ့ကောင် . . ဝီလီကောင်း၊ မင်းလှုပ်မယ်မကြံနဲ့"

www.burmeseclassic.com

www.burmeseclassic.com



အကျင့်ပါနေတာမို့ ကိုယ့်အမိဘာသာဖြစ်သော မြန်မာဘာသာနှင့်ပဲ ပြောလိုက်သည်။

ပြောပြီးမှ ကျွန်တော်မှားမှန်းသိသဖြင့် အင်္ဂလိပ်လို

“ဟော့ ဝီလီကောင်း၊ မလှုပ်နဲ့၊ မင်းကိုရဲတွေကဝိုင်းထားပြီ”

သည်နေရာတွင် ရဲမရှိသော်လည်း ရဲနှင့်ခြောက်ရသည်။

သူက စားပွဲကို ဝှန်းခနဲခြေကန်လှဲသလို သူ့ကိုယ်ကိုယ် ကုလားထိုင်နှင့်အတူ နောက်ပြန်လှန်ချလိုက်သည်။

“ဒိုင်း…ဒိုင်း…”

ကျွန်တော့်သေနတ်က ခဲတောင့်ပူနှင့် စကားပြောလေပြီ။

“ဒိုင်း…”

သူ့ဆီမှလည်း သေနတ်သံတစ်ချက်။

ကျည်ဖူးက ကျွန်တော့်နားရွက်နားမှ သေမင်း၏လေချွန်သံလို ဝီခနဲဖြတ်ထွက်သွားသည်။

ကျွန်တော်က အပြင်ဘက်ကို ခုန်ထွက်လိုက်ရသည်။

“ဒိုင်း…ဒိုင်း…”

နောက်ထပ်သေနတ်သံနှစ်ချက်။

အား…မလွယ်ပါလား…



ကျွန်တော်ရပ်နေခဲ့ရာကို ကျည်ဖူးကဖြတ်သန်းကာ အတွင်းက တံခါးဘောင်ထဲကို ဖြုတ်ဝင်ဖွဲ့ထုတ်သွားသည်။

“ဝီလီ မင်းလက်နက်ချလိုက်ပါ”

သေနတ်ကိုင်ရင်းမှ ကျွန်တော်အော်သည်။ တစ်ချက်လည်းလှမ်းပစ်လိုက်သည်။

ဝေါကလဲပြိုသွားသော စားပွဲဝိုင်းကြီးကို အကာအကွယ်ယူထားသဖြင့် ကျွန်တော်ပစ်သမျှ ကျည်ဆန်တွေက စားပွဲထဲကို မြုပ်ဝင်သွားမည်မှာသေချာ၏။

ကျွန်တော့်ကို သူကပြန်ပစ်၏။

သူ့ကျည်ဆန်တွေကို ရှောင်ရှားဖို့အပြင်မှ တံခါးပေါင်နှင့်အုတ်နံရံတွေကို အကာအကွယ်ယူရ၏။

နံရံတွေမှာ အင်္ဂတေမဟုတ်ဘဲ ရှေးဟောင်းရွှံ့အုတ်များဖြစ်သဖြင့် မာကျောလှ၏။

သည်စဉ်မှာပင် ဝီလီကောင်းထပြေးသည်ကို မသိလိုက်။

ကျွန်တော်လှမ်းကြည့်လိုက်သော် အိမ်၏ရှေ့ခန်းပြတင်းပေါက်နားပင်ရောက်နေချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လှမ်းအချိန်တွင် အိမ်ပြတင်းပေါက်ကို ကျော်ဖြတ်၍ အပြင်သို့ဒိုင်ဗင်ထိုးထွက်သွားချေသည်။

ကျွန်တော်အိမ်တွင်းသို့ ပြေးဝင်သွားသည်။

ပြတင်းပေါက်ဆီသို့ ဆက်ပြေးသည်။ သေနတ်ကိုင်လျှက်တန်းလန်းနှင့်ပင် ကျွန်တော်ကလည်း ပြတင်းပေါက်ကို ကျော်လွှား၍ ဒိုင် ဗင်ထိုးထွက်လိုက်တော့သည်။

ကျွန်တော်ကိုယ်ထည်ပေါ့ပါးစွာပဲ ကြောင်လိုမ့်လိုမ့်နည်းဖြင့် မြေတွင် လိမ့်ပြီးထရပ်လိုက်၏။

အတော်လှမ်းလှမ်းသို့ပင် ဝီလီကောင်းရောက်နေသည်။

ကျွန်တော် ခလုတ်တစ်ချက်ညှစ်လိုက်သည်။

ဒိုင်းခနဲ သေနတ်သံ။

သေနတ်သံသည် ပတ်ဝန်းကျင်တောတွေ တောင်တွေကိုပဲ့တင်ထပ်မှုမြည်ဟိန်းသွားသည်။

ဝီလီကိုမထိပါ။

သူက ကျွန်တော့်ကိုပြန်ပစ်သည်။ ကျည်ဆန်က ဖယ်ရှားသွားသည်။

"ဝီလီ...မင်းမပြေးနဲ့...မင်းမလွတ်ဘူး"



"ဟော့ စိုးဒေဝါဆိုတဲ့ကောင်...မင်းငါ့ကိုဖမ်းလို့ရမယ်ထင်သလား"

အင်္ဂလိပ်စကားနှင့် ကျွန်တော်တို့အပြန်အလှန် အော်ဟစ်ပြောနေကြသည်။ ကျည်ဆန်သာဖလှယ်သည်မဟုတ်၊ လေတွေပါဖလှယ်နေကြပါလား။

တောထဲသူပျောက်သွားသည်။

ကျွန်တော်သူ့ကို တဝဲလည်လည်ရှာသည်။

စမ်းချောင်းလေးသည် ဤမှာဘက်တွင် ကျွန်တော်တို့နှင့်ဝေးကွာနေသည်။

ဘယ်ဘက်တွင် တောင်ပို့တစ်ခုရှိသည်။

ထိုတောင်ပို့နောက်တွင် ဝီလီကောင်းပုန်းကွယ်နေသလား။

ကျွန်တော်အတွေးနှင့် တောင်ပို့နားကပ်သွားသည်။ ထင်သည့်အတိုင်းပဲ။

တောင်ပို့နောက်ဘက်မှာ သူရုတ်တရက်ထရပ်လိုက်၏။ လူ၏ခါးလောက်မြင့်မားသော ယင်းတောင်ပို့နောက်တွင် သူပုန်းကွယ်နိုင်တာကို ကျွန်တော်က ကြိုတင်စဉ်းစားထားသဖြင့် ရုတ်ခနဲသူထမှာ

"ဒိုင်း...ဒိုင်း"

www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ကို ကျွန်တော်နှစ်ချက်ဆွဲလိုက်ပြီးသား။

"ဒိုင်း..."

သူကလည်း ပြန်ပစ်သည်။

ကျွန်တော့်ပေါင်တစ်ဘက်မှ ပူသွားသည်။

သူသည်လည်း တစ်ပတ်လည်ဆင်းသွားသည်။

ကျွန်တော့်မှာ ပေါင်မှဒဏ်ရာကြောင့် ယိုင်သွားသည်။ လက်ဝဲဘက်ဘောင်းဘီအောက်ခြေမှ စုတ်ထွက်သွားသလို တခဏချင်းတွင် ထိုစုတ်သွားသောအနားစမှာ သွေးတွေရဲရဲစွန်းလာ၏။

ကျွန်တော် ထော့နင်းထော့နင်းနှင့် တောင်ပို့ဘက်သို့လျှောက်သွား၏။ သူထပ်ပေါ်မလာတော့။

ဝီလီပရိယာယ်များသဖြင့် ကျွန်တော်အသာကြည့်နေ၏။

ငနဲကိုယ်က ထပ်မထွက်လာ။

သေနေပြီလား။

အတွေးနှင့် ကျွန်တော်က လူခါးစောင်းကျော်လောက်ကြီးပြီး ကျွန်းပင်ကြီးပင်စည်တစ်ပင်၏ လုံးပတ်နှစ်ဆမျှ ထုထည်ကောင်းသော တောင်ပို့အောက်ခြေသို့ အလျားလိုက်ဒိုင်ဗင်ထိုးဝင်လိုက်သည်။

တောင်ပို့ကို ကျောကပ်လိုက်သည်။



ကျွန်တော့်ရင်သည် အလိုအလျောက် ခုန်နေသည်။ ကြောက်လို့ စိုးရိမ်လို့မဟုတ်ဘဲ ဝီလီကောင်းကို ဖမ်းချင်စောအားကြီးနေသောကြောင့်ပဲ။

ကျွန်တော်က တောင်ပို့မှဝဲဘက်သို့ တရွေ့ရွေ့ချင်း ရွေ့သွားသည်။ ထိုသည်နောက် တစ်ခြားတစ်ဘက်ရောက်သည်နှင့် သေနတ်ကို ဆတ်ခနဲချိန်လိုက်၏။

အံ့သြဖွယ်ရာလား၊ တုန်လှုပ်စရာလား။

ဝီလီ၏မျက်နှာကြီးကလည်း အဲဒီမှာတွေ့ရပြီး ကျွန်တော့်သေနတ်က သူ့နဖူးကို ချိန်ထားခဲ့သလို သူ့သေနတ်ကလည်း ကျွန်တော့်နဖူးကိုချိန်ထားပြီးသားဖြစ်သည်။

ငတိလျင်သည်။

ကျွန်တော် အံ့အားသင့်နေခိုက် သူ့သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။

"ဒိုင်း"

ပေါက်ကွဲသံနှင့် ကျွန်တော့်နဖူးထဲ ဝင်အောင်းမည့်ကျည်ဆံကို စက္ကန့်ပိုင်းအတွင်း မျှော်လင့်လိုက်မိ၏။

ဒါပေမယ့် သူ့သေနတ်ဆီမှာ ထွက်ပေါ်လာတာက -

www.burmeseclassic.com

www.burmeseclassic.com



"ချောက်"

ဆုံလည်ဖင်ကို မောင်းရိုက်တံစရိုက်ကာက ရိုက်လိုက်သံပဲ။

သူ့သေနတ်တွင် ကျည်မရှိတော့။

သေနတ်က ဝက်ဘလေခြောက်လုံးပြူး။

ကျွန်တော့်လူဂါက နဖူးကိုချိန်ထားပြီးရာ သူ့သေနတ်အကြောင်း သူသိလိုက်တော့ တင်းမာသော မျက်နှာမှာ တမုဟုတ်ချင်း ဖြူသွားသည်။

မျက်နှာအပျက်ကြီးပျက်သွားသည်။

ကျွန်တော်မရယ်မပြုံး တည်တည်နှင့်-

"ငါ့အဲလှည့်ပဲဝီလီ"

သူသည် စိတ်ပျက်အားပျော့သွားပုံပေါ်သည်။ သက်ပြင်းချသံနှင့်အတူ နှုတ်မှ ဆဲဆိုရေရွတ်၍ သေနတ်ကိုလွှင့်ပစ်လိုက်၏။

"ကိုင်း…ထ"

ကျွန်တော်က အမိန့်ပေးလိုက်၏။

သွေးအေးအေးနှင့် သတ်ရဲသော သတ္တိသည် ကျွန်တော့်မှာရှိသော်လည်း ထိုသတ္တိကိုအလွဲသုံးစားမလုပ်ပါ။

ဥပဒေအရ အရှင်ဖမ်းလိုသည်။



သူက ဖြည်းညင်းစွာထသည်။ ကွန်ဖူးသမားဆိုတာ ကျွန်တော်သိထားတာမို့ ကျွန်တော်က သူ့ထက်အလျင်အမြန်ထလိုက်၏။

"ငါ့သေနတ်က လူဂါဆိုတော့ မင်းသေနတ်ထက်ကျည်ဆန်ပိုတယ်၊ ကျည်ဆန်ကုန်ပြီမအောက်မေ့နဲ့"

ကျွန်တော်က မထီသလိုပြောပြီး အမှတ်မဲ့သူ့နားတိုးကပ်သွား၏။

အကွက်တစ်ကွက်ဆင်လိုက်ပါပြီ။

သူက သူ့ကွန်ဖူးကိုသူအားကိုးသည်။

သူ့လက်ဝါးစောင်းတစ်ဘက်က ကျွန်တော့်လက်တွင်ကိုင်ထားသော သေနတ်ကို လမ်းလွှဲပေးပြီး ကျန်လက်သီးတစ်ဘက်က ဝင်လာ၏။

ရင်အုံထဲ ဆတ်ခနဲ ဝင်လာခြင်းဖြစ်၏။

ကျွန်တော်က မျှော်လင့်ပြီးသားမို့ သေနတ်ကို သူ့တိုက်ချက်မမိအောင် တိမ်းဖယ်လိုက်သလို ဝင်လာသော လက်သီးကို ကျွန်တော့်လက်ကိုကွေးကာ ထိန်း၍ တံတောင်နှင့် တွန်းဖယ်လိုက်၏။

ဒိုင်း…

"အားယိုယိုး…"

www.burmeseclassic.com

www.burmeseclassic.com



အော်သံလေးက သေနတ်သံနှင့် နားထောင်ကောင်းသည်။ ငနဲ သားခွေခနဲကျသွားသည်။

ကိုးမီလီမီတာ ကျည်ဖူးအကြောင်း ကျွန်တော်သိ၏။

ကျွန်တော် ဝီလီကိုဆောင့်ကန်ပစ်လိုက်သည်။ ကျွန်တော့်ပေါင်မှာလည်း နာနေဆဲ။

ဝီလီသည် ဒဏ်ရာနှင့် အံကိုကြိတ်ကြည့်သည်။

"မင်းဘာကြည့်တာလဲ"

"ကျွန်တော်၏ ဒုတိယအကြိမ်ဆောင့်ကန်မှုကြောင့် သူငြိမ်သွား၏။ သူ့ပေါင်တစ်ဘက်ကို လက်နှစ်ဘက်နှင့် အုပ်ကိုင်ထား၏။

ကျွန်တော့်ပေါင်မှဒဏ်ရာကိုပြ၍

"ဒီမှာလည်း မင်းလက်ချက်၊ ဟိုမှာလည်း ငါ့လက်ချက်"

သူ ခေါင်းငိုက်စိုက်ကျနေသည်။

ဘာတွေကြံစည်ဦးမှာလဲ။

ကျွန်တော် အလစ်မပေးပါ။

ကျွန်တော့်ပေါင်မှဒဏ်ရာကို ဘောင်းဘီစကိုဆုတ်ဖြဲ၍ကြည့်၏။

အင်း…တော်သေးတာပေါ့နော်။



အသားကိုရှပ်ထိသွားပေလို့ပဲ၊ အေးလွန်းသောကြောင့် ဒဏ်ရာမှ သွေးကသိပ်မထွက်။

ဟိုငနဲဒဏ်ရာမှလည်း သည်လိုပဲသွေးသိပ်မများ။

"ထ"

သေနတ်ကို ယမ်းပြ၏။ သူကြိုးစားထသည်။

"မင်းလက်တွေကို ခေါင်းပေါ်တင်"

သူ၏လက်နှစ်ဘက်ကို ခေါင်းပေါ်တင်လိုက်သည်။

"သွား"

ခြေထော့နင်း၊ ထော့နင်းဖြင့်လည်းကောင်း၊ ခြေဒရွတ်ဆွဲ၍လည်းကောင်းသွားသည်။ ပြန်လှန်ခုခံမည့်ပုံတော့မပြ။

ရန်သူကို စိတ်မချထားရပါ။

ကိုယ့်အသက်ရှင်ချင်လျှင် အကြံတူသူကိုလည်း မယုံနှင့်။ ရန်သူကိုလည်း မယုံနှင့်တဲ့။

သူကိုသွားတာခိုင်းသည်။ ဘယ်ကိုသွားရမည်မသိ။

တကယ်သူ့ကိုခေါ်သွားချင်တာက ရဲဌာနာ

ဒါပေမယ့်လည်း ဒီမှာရဲဌာနာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအကြောင်းကြောင့် သူကော ကျွန်တော်ကော ဒီကို ရောက်နေကြသည်မသိ။

သွားရင်းပင် အဆောက်အဦးတစ်ခုသို့ ရောက်သွား၏။ ထိုအဆောက်အဦးမှာ ထူးခြားသောအဆောက်အဦးဖြစ်သည်။

အဆောက်အဦးထဲမှ ထိန်ထိန်ဝါဝါတွေ ထွက်လာ၏။

အား ရဟန်းတွေပဲ။

သူတို့ကို ပထမတော့ တရုတ်ဗုဒ္ဓဘာသာရဟန်းတွေဟုထင်သည်။ အသေအချာကြည့်သောအခါ တိဗက်ရဟန်းတွေ၊ လားမားဘုန်းကြီးတွေ။

သူတို့လက်ထဲ တုတ်တွေကိုင်ထား၏။ မျက်နှာတွေကလည်း တင်းမာနေကြသည်။

"မင်းတို့ ဘယ်သူတွေလဲ"

သူတို့အထဲမှ တစ်ယောက်က တုတ်ကိုင်ထားရင်း ဒီလိုပဲမေးသည်ထင်၏။ သူတို့သည် မဟာယာနဂိုဏ်းဝင်တွေဖြစ်သောကြောင့် ကျွန်တော်တို့ဆီမှ သာသနာ့ မထေရ်များနှင့်မတူပါ။ သိုင်းလည်းသင်သည်။ အင်းအိုင်မန္တရားတွေကိုလည်း လိုက်စားကြသည်။

ကျွန်တော်တို့ သာသနာ့မထေရ်တွေက ဗုဒ္ဓ၏ကျင့်စဉ်တရားကို



လိုက်သော ရဟန်းအစစ်တွေသာဖြစ်သည်။ ရှေးခေတ်အခေါ်တော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာကို ဟိနယာနဗုဒ္ဓဘာသာဟုခေါ်ကြ၏။ ယခုအခါ ထေရဝါဒဟုခေါ်၏။

မေးလိုက်သောရဟန်း၏ တိဗက်ဘာသာအမေးကို ကျွန်တော်မတတ်ပါ။ သို့တစေ သူတို့သည် နီပေါ(လ်)နှင့် နီးစပ်သဖြင့် ဟိန္ဒူစတန်နီဘာသာကို တစ်ချို့ကတတ်သည်ဟု ကြားဖူးသည်။

"ကျွန်တော် လူသတ်တရားခံတစ်ယောက်ကိုဖမ်းလာပါတယ်...ဝီလီကောင်းလို့ခေါ်တယ်"

ဟိန္ဒူစတန်နီဘာသာနှင့်ပြောသည်။ ကံကောင်းသည်။ သူတို့အထဲမှနှစ်ယောက်သုံးယောက်မှာ ထိုဘာသာကိုတတ်၏။

ကျွန်တော်နှင့်အချီအချပြောအပြီး တစ်ယောက်က

"ဒီကောင်ကို ကျုပ်တို့လိုချင်တယ် ဒကာလေး...ကျုပ်တို့ရဲ့ပစ္စည်းတစ်ခုကို သူတို့ခိုးသွားတယ်။ ဒီပစ္စည်းဟာ သူ့လက်ထဲမှာရှိတယ်လို့သိထားတယ်"

"ဒကာမ မိန်းကလေးတစ်ယောက်ကလာပြောသွားတယ်"

မော်လီတော့မဖြစ်နိုင်။

မြကြေးမုံပဲဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပစ္စည်းလဲ"

"ဟန်မင်းဆက်လက်ထက်က မှန်တစ်ချပ်ပဲ"

သည်တစ်ခါတော့ ဝီလီကောင်းညည်းညူလိုက်သံကို နားဆင်လိုက်ရသည်။

"ဒါဆို အရှင်ဘုရားတို့လက်ထဲ သူ့ကိုအပ်ပစ်ခဲ့ပါတယ်"

ရဲဌာနာဆိုတာ ဒီမှာမရှိလေတော့ သည်ရဟန်းတွေလက်ထဲပဲ အပ်ပစ်ခဲ့ရသည်။

သည်တွင် ဝီလီကောင်းက ဒေါသတကြီးပြောသည်။ ကန့်ကွက်ခြင်းသာဖြစ်လိမ့်မည်။

ကျွန်တော်ပြောနေစဉ် လေပြင်းတွေကျလာ၏။

ကျွန်တော့်ကိုယ်ကလွင့်သွား၏။ လူတစ်ကိုယ်လုံး မိုက်ခနဲဖြစ်သွားသည်။

□ □ □ □ □



## ဇာတ်လမ်းခွဲ (၁၁)

ကျွန်တော့်ကိုယ်ကျွန်တော် အိပ်ခန်းထဲမှာပဲတွေ့ရ၏။

မှန်ကလေးက ကျွန်တော့်ရှေ့မှာပဲရှိနေ၏။

ကျွန်တော်ဘာဖြစ်သွားသလဲ။ သတိမေ့သွားသလား။ အိပ်ပျော်သွားပြီး အိပ်မက်မက်သွားသလား။

ကျွန်တော့်ကိုကျွန်တော် သုံးသပ်လို့မရပါ။

တစ်ခုတော့သတိပြုမိ၏။

ကျွန်တော်၏အောက်ပိုင်းကနာနေသည်။ ဘယ်ဘက်ကိုငုံ့ကြည့်တော့...။

အာလာလာလာ...။

www.burmeseclassic.com



ဒဏ်ရာတစ်ခုပါလား။ သွေးတွေစီးကျနေသည်။

ကျွန်တော်မယုံရအခက်၊ ယုံရအခက်။

အချိန်ကိုကြည့်သောအခါ မှောင်စပျိုးနေပြီ။

ကျွန်တော်သတိရသဖြင့် သေနတ်ကိုစလွယ်အိတ်ထဲမှဆွဲဖြုတ်၍ လက်ကိုင်ဒင်ထဲမှကျည်ကတ်ကလစ်ကိုဖြုတ်သည်။

ကလစ်ထဲမှ ကျည်ဆန်တွေကို တစ်တောင့်ပြီးတစ်တောင့်ဖြုတ်သည်။

စပရိန့်တွန်းကန်အားနှင့် သုံးတောင့်ပဲထွက်လာ၏။

ကျည်ဆန်အပြည့်ရှိသော လူဂါမဂ္ဂဇင်းကျည်ကတ်ထဲမှာ ကျည်ဆန်သုံးတောင့်သာကျန်ခဲ့သည်ဆိုတော့ သည်သေနတ်ထဲမှကျည်ဆန်တွေ ကျွန်တော်သုံးခဲ့ပြီပေါ့။

အတော်ကြီးကို ဦးနှောက်ပါကလား။

ပိုပြီးသေချာအောင် ပြောင်းဝကိုနမ်းကြည့်၏။

ယမ်းချေးစော်နံနေသည်။

ဒါဆို သည်သေနတ်ကိုသုံးခဲ့တာမကြာသေး။

ကျွန်တော်တိဗက်ဒေသကို မှန်ထဲမှတဆင့် ရောက်သွားပုံပေါ်၏။ အဲသည်မှာ ဝီလီကိုဖမ်း၏။



အိပ်မက်မဟုတ်ပဲ တကယ့်ဖြစ်ပျက်ခဲ့သည့်ပမာခံစားရ၏။ မှန်ထဲရောက်သွားသည်ဆိုသည်ကလည်း မဖြစ်နိုင်ပါ။

တွေးရင်း ရင်မောစရာကောင်းလာသည်။ ဘယ်လက်မှာသက်သာနေပြီမို့ သေနတ်နှင့်ကျည်ဆန်တွေကို တော်ရာထားရာတွင် ဘယ်လက်ကိုပဲ အသုံးပြုလိုက်သည်။

မဖြစ်နိုင်တာတွေ ဘာကြောင့်ဖြစ်တာလဲ။

မှန်ကလေးကြောင့်ပဲ။

မှန်ကလေးကိုအံ့ဩသလို သူ၏ထူးဆန်းမှုအတွက် ကြောက်သလိုလိုဖြစ်လာ၏။

အားလုံးကို အမှန်အကန်အကောင်အထည်မဖော်နိုင်။

ဘောင်းဘီကိုချွတ်ကာ မီးရောင်အောက်မှ ဘယ်ဘက်ပေါင်မှ ဒဏ်ရာကိုကြည့်သည်။ ဘေးသားကိုရှပ်ထိသွားသည်။ အသားနှင့်အရေပြားပဲ့ထွက်သွား၏။

ဒဏ်ရာမှသွေးတွေထွက်ကျလာ၏။

ဆရာဝန်ဆီသွားဖို့ စိတ်ကူးလိုက်သည်။

ပြီးတော့မှ ကိုယ့်ဟာကိုယ်လုပ်တာအကောင်းဆုံးဟု ယူဆကာ အရက်ပြန်နှင့် ဒဏ်ရာပေါ်ပွမ်းဆွတ်ကာ ပွတ်ဖိပေး၏။

www.burmeseclassic.com

www.burmeseclassic.com



တချို့ကဖန်ရေနှင့်ဆေး၏။

ကျွန်တော်က အရက်ပြန်ပဲအားကိုးသည်။ ရှပ်သွားသောကျည် ဆန်ရာကမများပါ။ လက်သန်းလုံးနီးပါးပဲရှိမည်။

အရက်ပြန် ပြီးတော့မှ အာခရာဖလေဗင် (ACHRAFLAVAN) ဆေးဝါးရည်ကို ဂွမ်းမှာဆွတ်ပြီး ဒဏ်ရာပေါ်အုံကာ ကြိုတင်ဝယ်ထား သောပတ်တီးနှင့်စည်းလိုက်၏။

မနက်မှမသက်သာလျှင် ဆရာဝန်ဆီသွားမည်။

စိတ်မောလူမောနှင့် ခုတင်ပေါ်လှဲချ၏။ ကျွန်တော့်ဦးနှောက်တွေ ချာချာလည်နေသည်။

မှေးခနဲဖြစ်သွားသည်။

တယ်လီဖုန်းသံကြောင့်နိုးလာ၏။ အခန်းထဲမှာမှောင်နေပါ သည်။

ဖုန်းကိုဆွဲယူလိုက်သည်။

"ဦးစိုးဒေဝါလား"

"ဟုတ်ပါတယ်"

"ကျွန်တော်ဌာနာအုပ်ဘထော်ပါ...ဆရာ့ထွက်ချက်မှာ ဆရာဆိုင်းမထိုးသွားသေးဘူး"



"ဗျာ"

"ဆရာ့စတိတ်မင့် (STATEMENT)တွေမှာ ဆရာလက်မှတ်ထိုး မသွားသေးဘူးလေဆရာရဲ့...အဲဒါလက်မှတ်ထိုးပေးပါဦး"

"ဘာစတိတ်မင့်လဲ...ကျွန်တော်ကဘာလုပ်လို့လဲ... ခင်ဗျား ကဌာနာအုပ်ဘထော်ဆိုတော့ ဘယ်ဌာနကလဲ"

ကျွန်တော်ဦးနှောက်ရှုပ်သွားသည်။ နားလည်းမလည်နိုင်တော့။ သည်လူဘာတွေလာကြောင်နေပြန်ပြီလဲ။

ခက်တယ်။

"ကျွန်တော်နားမလည်ဘူးဗျာ...ခင်ဗျားဘာတွေလာပြော နေပြန်ပြီလဲ...ဒီမှာအိပ်တော့မှာဗျ"

ကျွန်တော့်အသံမှာ အနည်းငယ်ဒေါသသံပါသွားသည်ဟုထင် ၏။

"ဟာ...ဆရာကလဲစိတ်တိုနေပြန်ပြီ...အိပ်တော့မယ်ဆိုရင် နောက်ယှက်သလိုဖြစ်နေရင်တော့ ဆောရီးပဲဆရာရေ...မနက်မှလာ မှတ်လာထိုးပေးတော့"

"နေပါဦးဗျာ...ကျုပ်ဘာတွေလုပ်ခဲ့လို့လဲ"

"ခက်ပါဘိဗျာ...ဒီမှာဦးစိုးဒေဝါ...ခင်ဗျားပဲ ဝီလီကောင်းဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့လူသတ်သမား ကျွန်တော်တို့ရဲ့တွေကအလိုရှိနေတဲ့လူသတ်သမား ကို ခင်ဗျားပဲဖမ်းလာပြီး လာပို့ခဲ့တာလေ"

မြတ်စွာဘုရား။

တစ်ဘက်ကပြန်လည်စိတ်တိုသွားလို့မဟုတ်ပါ။

သူ့စကားအကြောင်းအရာတွေက ကျွန်တော့်မျက်လုံးတွေကို ကျယ်သွားစေသည်။ အိပ်ချင်စိတ်လည်း ပျောက်သွား၏။

"ပြောပါဦး...ပြောပါဦး...ဘယ်လိုဗျ"

"ဟာ...ဆရာရယ်...ဆရာကိုယ်တိုင်ပဲ ကျွန်တော်တို့သဃ်န်း ကျွန်းငမိုးရိပ်နားမှာရှိတဲ့ ရွှေပေါ်ကျွန်းနားကရွာကလေးရှိတယ်။ အဲဒီ ရွာမှာ ဝီလီကောင်းခိုနေတာ ဆရာပဲသွားဖမ်းတယ်...သူလည်းဒဏ်ရာ ရ ဆရာလည်းဒဏ်ရာရပဲ...အဲဒီရွာကလေးထဲကလူတွေနဲ့ ဆရာပဲ ဝီလီကောင်းကိုလှည်းနဲ့တင်လာပြီး ကျွန်တော်တို့ရဲ့ဌာနကိုလာပို့တယ်။ ဆရာပဲ အကျိုးအကြောင်းပြောပြသွားတယ်...ဆရာပြောတာတွေကို ဆရာလက်မှတ်ပြန်ထိုးရမှာလေ...ဒါမှ ဝီလီကောင်းကို ရုံးတော်မှာ စွဲချက်ထုတ်တင်ပြီး အပြစ်ပေးရင်ပေး၊ မပေးချင်ရင် အိပ်စရာဒိုက် (EXTRADITE) လုပ်ချင်လုပ်"

ကျွန်တော်ရူးချင်နေပါပြီ။



ထူးဆန်းအံ့ဩဘွယ်ကောင်းသောမှန်ကလေးက ကျွန်တော့်ကို အရူးလုပ်နေတာအမှန်ပင်။

ကျွန်တော်ဘယ်သို့ရှင်းပြရမလဲ။ မရှင်းတတ်ပါ။

အမှုတစ်ခုဖြစ်လာခဲ့သော် ထိုအမှုကို သဲလွန်စနှင့်ပဲလိုက်လိုက်၊ အတွေးအခေါ်နှင့်ပဲလိုက်လိုက်၊ ခြေရာခံ၍ပဲလိုက်လိုက် ယင်းအမှုကို စလယ်ဆုံး ကျွန်တော်ရှင်းပြနိုင်သည်။

ဤမှန်ကလေးကျမှပဲ တကယ်လား၊ အိပ်မက်လား၊ စိတ်ရူး ပေါက်ကာ ထင်ရာမြင်ရာတွေဖြစ်သလားဆိုတာ ရှင်းမပြနိုင်ပါ။

သည်မှန်ကလေးကြောင့် ကျွန်တော့်အဖို့မမျှော်လင့်သော ချော မောလှပသောဧကရီကလေးနှင့်ဆုံရသည်။

ထိုဧကရီသည် လူမဟုတ်ပဲ ပရလောကမှဝိညာဉ်တစ်ခုသာဖြစ် သည်။ ထိုဝိညာဉ်နှင့် ကျွန်တော်ဆုံဆည်းပေါင်းဖော်မိခြင်းကပဲ အံ့ဩ ဘွယ်ရာဖြစ်၏။

တဖန် ထိုဧကရီရှိပါသည်ဆိုသောမှန်ကလေးကိုရသည်မှ ကောင်းကျိုးဆိုးကျိုးကို ကျွန်တော်ခံခဲ့ရသည်။

ထိုဆိုးကျိုးနှင့်ကောင်းကျိုးတွင် ကျွန်တော်မတွေ့နိုင်သော မဓော

www.burmeseclassic.com

www.burmeseclassic.com



ခွဲနိုင်သော နာမ်လား၊ ရုပ်လားမသိရသည့်အလုပ်တစ်ခုကို ကျွန်တော်လုပ်ကိုဆောင်ရွက်မိပြီး တရားခံကိုဖမ်းမိ၏။

ကျွန်တော့်အတွက်ထူးဆန်းနေတာက ကျွန်တော်သိသော မြင်သောတွေ့ရှိခံစားချက်များသည် တိဗက်ပြည်နယ်တွင်ရောက်ရှိသွားပြီး တကယ်ဖြစ်တာက ကျွန်တော်မသိခဲ့သော သယ်န်းကျွန်းငမိုးရိပ်ချောင်းနားမှာဖြစ်ခဲ့သည့်အဖြစ်။

တိဗက်လားမားဘုန်းတော်ကြီးများလက်သို့ တရားခံကို ကျွန်တော်အပ်ပြီးချိန်တွင် တကယ်အပ်ခဲ့တာက ရဲဌာနမှရဲများပင်ဖြစ်နေသည်။

ထိုအံ့ဩဘွယ်ရာကောင်းသောမှန်ကလေးသည် ကျွန်တော့်ကို ရှေ့လျှောက်ဘယ်လိုလှည့်စားဦးမည်မသိ။

ဂမ္ဘီရဆိုတာ ကျွန်တော်ဖော်ပြခဲ့သလို ဗေဒင်၊ နက္ခတ်၊ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ မန္တယား၊ ဂါထာတွေ၏ ဆန်းကျယ်မှုရှိသလောက် လောကီ၏နက်ရှိုင်းကျယ်ဝန်းသောဖြစ်ရပ်များ အဆန်းတကြယ်များရှိနေတတ်၏။

ဒါတွေကို သိပ္ပံနည်းနှင့်တွက်လို့မရမှန်း သိပါသည်။

ညှုကာလီးယားဖြစ်စဉ်၊ ဝေဟင်သို့ဂြိုဟ်များ၊ ဒုန်းပုံများပစ်လွှတ်



ကာ အာကာသရှာဖွေရေးဖြစ်စဉ်၊ အီလက်ထရောနစ်ဖြစ်စဉ်များသည် ရုပ်တရားအနေနှင့် လက်တွေ့တွက်လို့ရသော်လည်း နာမ်တရား၏ လက်တွေ့မပြနိုင်သောဖြစ်ရပ်များ များစွာရှိပါသည်။

ကျွန်တော်က သည်မှန်ကလေးကိုစဉ်းစားကာ နောက်ဆုံး သုတေသနလုပ်ဖို့ စဉ်းစားလိုက်မိ၏။

အတ္တကြောင့်ဒေါသဖြစ်၊ တဏှာကြောင့် လောဘဖြစ်၊ ရာဂကြောင့် မောဟဖြစ်သည်ဆိုသည့် ရွှေတိဂုံဘုရားတွင် တွေ့ဆုံခဲ့ရသည့် ဘုန်းတော်ကြီး၏စကားကို ကျွန်တော်လက်ခံသည်။

အမျိုးအနွယ်၊ အမျိုးအမည် သရုပ်သကန်ဗီဇကို ကျွန်တော် မသိရဘဲ မြကြေးမုံလို့အမည်ပေးလိုက်ခဲ့သည့် ပရလောကမိန်းကလေး ကို အိပ်မက်လား၊ တကယ်လားမသိပဲ စွဲလန်းခဲ့၏။

သူ့ကြောင့် ကျွန်တော်ရူးချင်သလိုလိုဖြစ်မိ၏။

ထိုင်းမှိုင်းခဲ့၏။ တွေဝေခဲ့၏။

နောက်ဆုံး ကျွန်တော့်ကျန်းမာရေးတောင် ထိခိုက်လာ၏။

သူမနှင့်ကျွန်တော်ပျော်ပြီးသည့်နောက် ကျွန်တော်သွေးပေါင်ကျဆင်းခြင်းမှာ ကျွန်တော့်အသွေး၊ အသားတွေကို သူမကတစတစစားသောက်လာနေသလား။

www.burmeseclassic.com



ဟာယ်…သံယောဇဉ်ဖြတ်လေမှ။

ကျွန်တော်အိပ်လိုက်ပါသည်။ မအိပ်မီတော့ ဘုန်းတော်ကြီးပေး ထားခဲ့သည့် သိမ်ဝင်ပုတီးကို ကျွန်တော်မစိပ်စဖူး ပုတီးစိပ်လိုက်၏။

ဘုန်းတော်ကြီးကိုကြည်ညိုစိတ်နှင့် ကန်တော့မိ၏။

သံယောဇဉ်…သံယောဇဉ်။

နာနာဘာဝမကို ကျွန်တော်သံယောဇဉ်ထားမိတာ ကျွန်တော့် အမှားတစ်ရပ်ပါပဲ။

တစ်စုံတစ်ယောက်က ကျွန်တော့်ပါးကိုလာကပ်၏။

အေးစက်သောအထိအတွေ့ကြောင့် ကျွန်တော်လန့်နိုးသည်။ မီး ပြာလုံလုံအောက်တွင် ယခင်လာနေကျအဖြူရောင်အဝတ်အစားနှင့်ပဲ။

ထူးခြားတာက သူမကိုယ်သဏ္ဌာန်တွေ ဝတ်ထားသောအဝတ် အစားတွေ ရေစိုနေသည်။

ကျွန်တော့်ပါးကို သူမလက်နှစ်ဘက်နှင့်ညှပ်ကိုင်လိုက်သော ကြောင့် အေးစက်သောအထိအတွေ့ကို ကျွန်တော်ခံစားလိုက်မိခြင်းပဲ။

သူမကိုတွေ့သည်နှင့် သူမ၏အလှအပ၌ ကျွန်တော်မိန်းမောသွား သည်။ သူမ၏မျက်လုံးများသည် ကျွန်တော့်ကိုညို့သလိုပင်ရှိနေ၏။



"ကိုစိုးဒေဝါ…ရှင်ပင်ပန်းသွားသလား…ရှင့်ကိစ္စတွေ ပြီးစီး သွားပါပြီ…ဒီလိုပြီးစီးသွားအောင် ကျွန်မကူညီခဲ့တာပါ"

"အာ…အင်…မင်းကူညီခဲ့တာဟုတ်လား…မင်းဘယ်လို ကူညီခဲ့တာလဲ…မင်းကို အင်မတန်အေးတဲ့မြစ်ထဲမှာ မြင်လိုက်ရ တယ်…လှေကလေးတစ်စင်းကို မင်းလှော်နေတာပဲ…ကိုယ်မင်းကို ခေါ်ခဲ့သေးတယ်…မင်းမကြားခဲ့ပါဘူး"

"ကျွန်မကြားခဲ့ပါတယ်…ဒါပေမယ့် မကြားချင်ယောင်ဆောင် နေခဲ့တယ်…ရှင်ကျွန်မနဲ့တွေ့ရင် ရှင့်လုပ်ငန်းဖြစ်တော့မှာမဟုတ်ဘူး လေ"

ပြောစဉ် ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်လိုက်သည်။

ကျွန်တော့်ပခုံးကိုဖက်ပြီးတော့ ကျွန်တော့်တစ်ကိုယ်လုံးကို ဖျစ် ညှစ်ပွတ်သပ်ကိုင်တွယ်နေသည်။

သူမ၏အအေးဓါတ်ထိတွေ့မှုအတွက် ကျွန်တော့်ကိုနှစ်သိမ့်ပေး သလို ကျွန်တော့်ဆီမှကိုယ်ငွေ့အပူဓါတ်ကို သူမယူနေဟန်တူသည်။

ကျွန်တော်က သူမ၏လုံးကျစ်သေးသွယ်သောခါးကလေးကို သာလက်နှင့်ဖက်လိုက်မိ၏။

ကျွန်တော့်တစ်ကိုယ်လုံးရိန်းရိန်းတောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သွေးတို့ဆူကြွလာ၏။ လိုအပ်သောဆန္ဒသည် ကျွန်တော့်ကို ချိန်းခြောက်လာသည်။

ကျွန်တော်မှားရတော့မလား။

ဘုန်းတော်ကြီးအား ကျွန်တော်ပေးခဲ့သောကတိကိုပြန်သတိရ၏။

သူမတစ်ကိုယ်လုံးမှာလည်း မွှေးကြိုင်နေ၏။ သူမကကျွန်တော့်ကိုပွတ်သပ်ကျီစယ်နေရာမှ အသံတိုးကလေးနှင့်

"ကိုစိုးဒေဝါ ရှင်ကျွန်မကိုချစ်သလား"

"ချစ်တယ်"

ကျွန်တော်အလိုလိုဖြေမိလျက်သား။

"ရှင်ကျွန်မကိုချစ်ရင် ကျွန်မခေါ်ရာလိုက်မလား"

"ဘယ်ကိုလဲအချစ်ရယ်"

"ကျွန်မတို့အတူတူနေကြရအောင်ပေါ့…ကျွန်မလေ ရှင်မရှိရင်မနေတတ်တော့ဘူး…ရှင့်ကိုချစ်တယ်"

"သြော်…အချစ်ရယ်"

ကျွန်တော်သူမပါးကလေးကိုနမ်းလိုက်မိ၏။ အိစက်သောအထိအတွေ့နှင့် နွေးစပြုနေသောပါးပြင်ကလေး။



ကျွန်တော့်ဆီမှအငွေ့အသက်တွေကို သူမစုတ်ယူနေချေပြီ။ ကျွန်တော်စိတ်ဆုံးဖြတ်လိုက်ပါသည်။ စမ်းသပ်ချက်တစ်ခုတော့ပြုလုပ်ရပေလိမ့်မည်။

ကျွန်တော်က သူမအား ခုတင်ပေါ်သို့လှဲချလိုက်သည်။ သူမအလိုက်သင့်လဲသွားချိန်တွင် ကျွန်တော့်လက်က ခေါင်းအုံးအောက်တွင်ရောက်နေသော သိမ်ဝင်ပုတီးကိုဆွဲယူလိုက်၏။

အဲသည်အချိန့်တွင် ကျွန်တော်၏အပြုအမူတွေကို သူမကသတိမကောင်းဖြစ်ဟန်နှင့်ထလိုက်သည်။ ကျွန်တော်သူမကို ရင်ချင်းအပ်ဖိထားလိုက်သည်။


ထိုသည်နောက် သိမ်ဝင်ပုတီးနှင့် သူမ၏ခေါင်းမှလည်တိုင်အထိစွပ်ချလိုက်ပါတော့၏။

□ □ □ □ □

www.burmeseclassic.com

www.burmeseclassic.com







## ဇာတ်လမ်းဆုံ (၁၂)

ကျွန်တော့်တစ်သက်တွင် တစ်ခါမှမတွေ့ကြုံဖူးပါ။

ယနေ့အထိ ထိုစဉ်ကသူမ၏အော်သံသည်လည်းကောင်း၊ ပြောင်းလွဲသွားသောရုပ်ကြီးကိုလည်းကောင်း မမေ့နိုင်တော့။

သိမ်ဝင်ပုတီးစွပ်လိုက်သည်နှင့် သူမတစ်ကိုယ်လုံးသည် မီးအပူနှင့်ထိတွေ့သလိုပဲ ဖြတ်ဖြတ်လူးကာ တစ်ကိုယ်လုံးတုန်ခါသွား၏။

www.burmeseclassic.com



သူမလှုးလဲထလိုက်ချိန်တွင် အော်လိုက်သောအော်သံကြီးက အသံနက်ကြီးနှင့်ဖြစ်သလို တိုက်တစ်တိုက်လုံးပွင့်သွားမတတ်ရှိချေသည်။

ကျွန်တော်က သူမအလျင်ထရပ်လိုက်၏။

သူမသည် မီးတောက်တစ်ခုကိုယ်မှာခံရသလို ခုတင်ပေါ်မှခုန်ဆင်းပြေးချိန်တွင် ဖျော့မြစ်ချောမောလှပသောရုပ်ရည်မှာ တမုဟုတ်ချင်းပြောင်းလွဲသွားသည်။

နှက်မှောင်ရှည်လျားသောဆံပင်တို့သည် ဖွေးဖွေးဖြူသွားသည်။ အသားအရေတွေက ရေခဲလိုဖွေးဖွေးဖြူသွားသည်နှင့်အမျှ မျက်နှာကြီးက အသွားအိုကြီးတစ်ဦး၏မျက်နှာလို ရှုံ့တွသောမျက်နှာနှင့် မျက်လုံးကြီးတစ်လုံးရှေ့သို့ပြူးထွက်ကျနေသလို နောက်မျက်လုံးကြီးတစ်လုံးကပိတ်နေသည်။

ပါးစပ်ကြီးရွဲ့လျက် အတွင်းမှလျှာကြီးတန်းလန်းထွက်ကျနေသည်။

အို…မြကြေးမုံဆိုသောမိန်းကလေး၏ရုပ်နှင့် ဘယ်လိုမှမနှိုင်းယှဉ်သာအောင်ကြောက်စရာကောင်းသည့်အသုဘရုပ်ကြီး။



သူ့တစ်ကိုယ်လုံးဆတ်ဆတ်တုန်သလို လက်တွေက အရိုးပေါ်အရေထင်ပေါ်လာသည်နှင့်အမျှ ရေခဲတုံး မီးနှင့်ထိတွေ့သလို အငွေ့ရည်တွေတသွင်သွင်ထွက်ကျလာ၏။

မွှေးသည့်အနံ့မရှိတော့။

နံလိုက်သည့်ပုတ်စော်နံ့။

“ဘုရား…ဘုရား”

ကျွန်တော့်ရင်ထဲမှဘုရားတမိသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် သူ့တစ်ကိုယ်လုံးအခိုးအငွေ့တွေဖြစ်ကာ မှန်ထဲကိုစုပြုံဝင်သွား၏။

ခွမ်းခနဲအသံတစ်ခုကြားလိုက်ရသည်။

ဘယ်တုန်းကမှမကြောက်ဖူးသောကျွန်တော်သည် မြင်ကွင်းကြောင့်လန့်ကာ မေ့သလိုလိုအိပ်ပျော်သလိုလိုဖြစ်သွားတော့၏။

ကျွန်တော်မိုးလင်းတော့ မနက်မိုးလင်းနေပြီ။

ကျေးငှက်တို့၏အသံစာစာကိုကြားနေရ၏။

ကျွန်တော်ကမန်းကတန်းထရပ်လိုက်သည်။ ပတ်ဝန်းကျင်ကို ချာချာလည်ကြည့်လိုက်၏။

အားလုံးသည် ရှင်းလင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ်မှာ နှန်းချည့်မှုမရှိပါ။

ညကအဖြစ်တွေကို ကျွန်တော်သတိရလာ၏။

ကပျာကယာ အိပ်ရာထက်ကိုစမ်းကြည့်၏။ စိုထိုင်းထိုင်းစမ်းမိ၏။

မြကြေးမုံထိုင်သွားတဲ့နေရာ။

ဟော…ဒါတသိမ်ဝင်ပုတီးပဲ။

သိမ်ဝင်ပုတီးသည် ခုတင်ခြေရင်းမှာကျနေသည်။

ကျွန်တော်ဆွဲယူကောက်ကြည့်၏။ ထိုပုတီးကိုကျွန်တော်ပဲ ယောင်ယမ်းလွှင့်ပစ်မိသလား။ မြကြေးမုံကိုပဲစွပ်ပေးမိသလား။

စိတ်ထဲဇဝေဇဝါဖြစ်နေမိ၏။

မြကြေးမုံနှင့်တွေ့ခဲ့ရသည့် သက်သေခံအထောက်အထားတွေ ဘာမှမရှိ။

အိပ်မက်ဟုဆိုရအောင်ကလည်း ကျွန်တော့်မျက်စိထဲမှာ ထပ်အပ်တွေ့ရသလိုပဲ။

သတိရသဖြင့် မှန်လေးကိုသွားကြည့်လိုက်၏။

"ဟာ"



ကျွန်တော့်နှုတ်မှလွှတ်ခနဲထွက်သည့်အသံ။

ကြည့်မှန်ကလေးမှာ အစိပ်စိပ်အစွာစွာကွဲနေပါသည်။ ညက ခွမ်းခနဲကြားလိုက်ရသံသည် မှန်ကွဲသံပဲဖြစ်ချိမ့်မည်။

ကျွန်တော်ငေးမောကြည့်နေ၏။

ဒါပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် သတိပြုလာမိတာက ကျွန်တော်သည် ကုန်ဆုံးခဲ့ပြီးသောအချိန်ကလို ထိုင်းမှိုင်းခြင်း၊ ငေးမောတွေဝေခြင်းမရှိတော့ပဲ ဖျတ်လတ်သွက်လက်နေတာကို သတိပြုမိ၏။

ကျွန်တော်က မှန်ကွဲတွေရော လက်ကိုင်ပေါင်ကိုပါ အဝတ်တစ်ခုနှင့်ထုပ်ပြီးတော့ စက္ကူနှင့်ထုပ်၊ ကြိုးချည်။

အနီးဆုံးကအင်းယားရေပြင်ပဲရှိတာမို့ ကားနှင့်သယ်ယူသွားပြီး၊ အင်းယားရေလျှာထဲပစ်ချလိုက်ပါတော့၏။

ကျွန်တော်နှင့်မြကြေးမုံကွဲကွာသွားလေပြီ။

ထူးဆန်းအံ့သြဘွယ်ရာကောင်းသောမှန်ကလေးလည်း ကျွန်တော့်ဆီမှကွဲကွာသွားပြီ။

ကျွန်တော် မြကြေးမုံကိုမမေ့နိုင်ပါ။

တကယ်လား၊ ကိုယ်တွေ့လား၊ အိပ်မက်လား၊ စိတ်ထူးသလား

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ မြကြေးမုံမီးကလေးနှင့်တွေ့သောဖြစ်ရပ်ကို ကျွန်တော် မပြောနိုင်ပါ။

သည်ကနေ့အထိ ထိုသို့ဖြစ်ခဲ့တာကို ကျွန်တော့်ချစ်သူစိုကို လည်းကောင်း၊ တခြားသူများကိုလည်းကောင်း မပြောခဲ့။

အဲ…တစ်ယောက်ကိုတော့ပြောခဲ့သည်။

သူက စိတ်ရောဂါအထူးကုဆရာဝန်။

ကိုယ်ရွှေပုဂ္ဂိုလ်ကို ကျွန်တော်၏ကျန်းမာရေးနှင့် စိတ်ချွတ်ယွင်းချက်တို့ရှိလေမလားဟု သွားရောက်စမ်းသပ်ပြီး ကျွန်တော်၏တွေ့ကြုံခံစားချက်များကိုပြောခဲ့၏။

ကိုယ်ရွှေပုဂ္ဂိုလ်ဆရာဝန်ကရယ်ပါသည်။

"ဦးစိုးဒေဝါရယ်…ခင်ဗျားအဲဒီအဖြစ်တွေကို ဘယ်သူ့ကိုမှ မပြောတာကောင်းပါတယ်…အဲစာရေးဆရာတွေကိုတော့ ပြောချင်ပြောပေါ့ဗျာ…စာရေးဆရာဆိုတာ သူတို့နှလုံးသားနဲ့ စိတ်ကူးယဉ်အကျဉ်းထောင်တစ်ခုကို ဦးနှောက်ထဲမှာတည်ဆောက်ထားတော့ နှလုံးသားရေးရာတို့၊ ထူးဆန်းထွေလာတို့ကို ကိုယ်တွေ့ရော စိတ်ကူးနဲ့ရော ရေးနေကြတာဗျ၊ သူတို့ကတော့ ခင်ဗျားပြောတာကို ယုံချင်ယုံမယ်"



"ကျွန်တော်ကတော့ ဝေခွဲလို့မရဘူးဒေါက်တာ…ကျွန်တော့်စိတ်တွေကောင်းရဲ့လား"

"ဘာလဲ…ခင်ဗျားကိုယ်ခင်ဗျား ရူးနေတယ်လို့ထင်လား"

"ထင်တာပဲ"

"ကျွန်တော်တို့စိတ်ရောဂါဆရာဝန်အချို့ရဲ့အယူအဆမှာ လူမှာ သူ့ကိုယ်သူရူးနေတယ်လို့ထင်ရင် အဲဒီလူဟာမရူးဘူးဗျ"

"ဒေါက်တာ ကျွန်တော့်အပေါ်ဘယ်လိုထင်သလဲ"

"ခင်ဗျားမှာသွေးပေါင်ကျနေတာရယ်၊ အလုပ်ပင်ပန်းတော့ စိတ်အင်အားများမယ့်အစား စိတ်အားလျော့ပြီး၊ အာရုံကြောတွေအားနည်းသွားမယ်…ပြီးတော့ လူသတ်သမားရဲ့မှန်ကလေးကိုရပြီး ဒီမှန်နဲ့ပတ်သက်တဲ့စိတ်ကူးယဉ်ချက်ကလေးတွေခင်ဗျားမှာရှိမယ်…ဒီတော့ ထူးထူးဆန်းဆန်းအိပ်မက်ကလေးတွေမက်မယ်ပေါ့ဗျာ…ဒါကို ခင်ဗျား အဟုတ်ထင်ချင်လည်းထင်မယ်…ဒါပါပဲ"

ကိုင်း…စာဖတ်တဲ့ချစ်ဆွေ…၊။

စိတ်ရောဂါကုဆရာဝန်ရဲ့အယူအဆကို မိတ်ဆွေလက်ခံပါသလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ကျွန်တော်စိုးဒေဝါကလည်း တွေ့ကြုံချက်တွေကို အိပ်မက်လို့ပဲထားလိုက်ပါရစေတော့…နော်။

ဆရာဝန်ပြောသလို ဒါပါပဲ။

ဆုံကြဦးမယ်ကွယ်

စောညို

၂၃-၁-၂၀၀၃

www.burmeseclassic.com